# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၉ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၁၈)


# ကြက်ခြေနီအသင်းလုပ်ငန်းများတွင် ပါဝင်နိုင်မည့် လူငယ် လူရွယ် အများအပြားလိုအပ်



**နေပြည်တော် မေ ၈**

၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်သည် **"လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ" "Everywhere for Everyone"** ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လက်ရှိဆောင်ရွက်ချက်များနှင့် အလွန်ကိုက်ညီသည့် ဆောင်ပုဒ်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား၌

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်**
(သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် Honorary Freedom of The City of London ဆု လက်ခံရယူ

**လန်ဒန် မေ ၈**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံပြီး လန်ဒန်မြို့တော်မှ ချီးမြှင့်သည့် Honorary Freedom of The City of London ဆု လက်ခံရယူသည်။

**တွေ့ဆုံ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီး Sir Michael Fallon နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် လန်ဒန်မြို့ရှိ ကာကွယ်ရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❄



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Honorary Freedom of The City of London ဆု လက်ခံရယူစဉ်**
(သတင်းစဉ်)




မြန်မာ့အလင်း

# လူ့အသက်တွေကယ်ကြဖို့ အရှိန်လျှော့ပြီးမောင်းကြစို့

အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ်၊ အရှိန်မထိန်းနိုင်သည့် မော်တော်ဆိုင်ကယ်တို့ကြောင့် လမ်းပေါ်ယာဉ်မတော်တဆမှုများ ဖြစ်ပွားပြီး လူသေဆုံးမှု၊ ဒဏ်ရာရမှုများကို နေ့စဉ်လိုလို တွေ့မြင်ဖတ်ရှုနေကြရသည်။ တစ်ကမ္ဘာလုံးတွင်လည်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စသည့် စက်တပ်ယာဉ်များကို အရှိန်လွန်မောင်းနှင်မှု၊ အရှိန်မထိန်းနိုင်မှုတို့ကြောင့် သေဆုံးဒဏ်ရာရမှုပေါင်းများစွာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေရာ ကုလသမဂ္ဂအဖွဲ့ကြီးကပင် အလေးဂရုပြုလာရသည့် အကြောင်းအရာတစ်ရပ် ဖြစ်လာသည်။ ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရေး ရက်သတ္တပတ်ကို ယခုမေလ ၈ ရက်မှ ၁၄ ရက်နေ့အထိ သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပရန် နှိုးဆော်ထားသည်။

ယခုနှစ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုပြုရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ အရှိန်လွန်မောင်းနှင်မှုနှင့် ပတ်သက်၍ အဓိကဦးတည် သတိပေးနှိုးဆော်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆောင်ပုဒ်ကိုလည်း "လူ့အသက်တွေကယ်ကြဖို့၊ အရှိန်လျှော့ပြီးမောင်းကြစို့" ဟု သတ်မှတ်ကာ အသိပညာပေးသွားမည်ဖြစ်သည်။ မြန်နှုန်းမြှင့်မောင်းနှင်ခြင်း သို့မဟုတ် အရှိန်လွန်မောင်းနှင်ခြင်းသည် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းများအနက် အဓိကအဖြစ်အများဆုံး အကြောင်းရင်းခံတစ်ရပ်ဖြစ်ရာ အရှိန်လွန်မောင်းနှင်မှုများကို ထိန်းချုပ်လျှော့ချနိုင်သည်နှင့်အမျှ လမ်းပေါ်ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းနှင့် အဆိုပါ ဖြစ်စဉ်များအတွင်း ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ပေါ်ရခြင်းတို့ကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏စစ်တမ်းများအရ တစ်ဦးချင်းဝင်ငွေမြင့်မားသည့် ကမ္ဘာ့နိုင်ငံများတွင် လမ်းပေါ်ယာဉ်မတော်တဆမှုများ၏ သုံးပုံတစ်ပုံမှာ လူသေဆုံးထိခိုက်မှုရှိပြီး တစ်ဦးချင်းဝင်ငွေ အလယ်အလတ်ရှိသော ကမ္ဘာ့နိုင်ငံများနှင့် တစ်ဦးချင်းဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများတွင်မူ လမ်းပေါ်ယာဉ်မတော်တဆမှုများ၏ ထက်ဝက်မှာ လူသေဆုံး ထိခိုက်မှုရှိသည်ဟု ဆိုသည်။ ယာဉ်မတော်တဆမှု ဖြစ်ပွားမှုချင်း နှိုင်းယှဉ်ပါက တစ်ဦးချင်းဝင်ငွေနည်းသော တိုင်းပြည်များက တစ်ဦးချင်းဝင်ငွေမြင့်မားသည့် တိုင်းပြည်များထက် သေဆုံးမှုနှုန်းပိုသည်မှာ ဂရုပြုဖွယ်ရာပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက ယာဉ်မတော်တဆမှု ၁၅၃၀၆ မှုဖြစ်ပွားခဲ့ရာတွင် လူသေဆုံးမှု ၄၂၃၃ဦးရှိခဲ့သည်။ ယမန်နှစ်ကလည်း နှစ်စပိုင်းမှ စက်တင်ဘာလအထိ ကိုးလတာကာလအတွင်း ယာဉ်မတော်တဆမှု ၁၂၀၀၀ ကျော်ဖြစ်ပွားခဲ့ရာ လူ ၃၅၀၀ ခန့်သေဆုံးပြီး ၁၉၀၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ယာဉ်မတော်တဆမှုများ၏ အဓိကအကြောင်းရင်းခံအများစုမှာ အရှိန်မထိန်း နိုင်မှုများကြောင့် ဖြစ်သည့်အလျောက် အရှိန်မြှင့်မောင်းနှင်မှုကို ထိထိရောက်ရောက် ထိန်းချုပ်သွားခြင်းအားဖြင့် ယာဉ်မတော်တဆမှုနှင့် သေဆုံးဒဏ်ရာရမှုများ လျော့နည်းသွားမည်ဖြစ်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လမ်းများအဆင့်အတန်းကောင်းမွန်အောင် မြှင့်တင်ပြုပြင်မွမ်းမံရေးနှင့် တည်ဆောက်ရေး၊ လမ်းတိုင်းလမ်းတိုင်းတွင် အရှိန်လျှော့မောင်းနှင်ရန်နှင့် အရှိန်နှုန်းထိန်းချုပ်ရန် အစီအမံများကို ထည့်သွင်းတည်ဆောက်ရေး၊ အရှိန်လွန်မောင်းနှင်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရေး၊ အရှိန်လွန်မောင်းနှင်မှု ထိန်းချုပ်သည့် နည်းပညာများကို မော်တော်ယာဉ်များတွင် ထည့်သွင်းတည်ဆောက်ရေး၊ အရှိန်လွန်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် စပ်လျဉ်း၍ အသိပညာပေးမှုများကို မြှင့်တင်ရေးတို့ ပြုလုပ်သွားရန် အကြံပေးနှိုးဆော်မှုများ ပြုထားပါကြောင်း။ ။

## နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအား ပြန်လည်လေ့လာသုံးသပ်ခြင်းအစည်းအဝေး လွိုင်ကော်မြို့၌ ပြုလုပ်

**လွိုင်ကော် မေ ၈**

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအား ပြန်လည်လေ့လာသုံးသပ်ခြင်း အစည်းအဝေးကို မေ ၈ ရက် ညနေ ၃ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပေါ် အကြံပြု သုံးသပ်တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



## အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအတွက် စကားပြောခြင်းဆိုင်ရာ ကုထုံးသင်တန်းဖွင့်

**ရန်ကုန် မေ ၈**

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအတွက် စကားပြောခြင်းဆိုင်ရာကုထုံး (Speech Therapy) သင်တန်းကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် ယနေ့မှစ၍ ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်လျက်ရှိရာ သင်တန်းသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် မန္တလေးတို့မှ ဆရာ၊ ဆရာမ ၁၂ ဦးနှင့် ပြင်ပပညာရှင် ငါးဦး စုစုပေါင်း ၁၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လာမည့်နှစ်တွင်ကျင်းပမည်

**ရန်ကုန် မေ ၈**

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို မြန်မာနိုင်ငံက လာမည့် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ဒုတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

နှစ်ရက်တာကျင်းပမည့် အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနာယကများနှင့် အဖွဲ့ဝင်များ၊ အာဆီယံ ၁၀ နိုင်ငံမှ စာကြည့်တိုက်မှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပထမအကြိမ် အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်များကို လက်ခံအတည်ပြုခြင်း၊ လာမည့်နှစ်တွင်ကျင်းပမည့် ညီလာခံအတွက် အချိန်နှင့်နေရာသတ်မှတ်ခြင်း၊ ရည်ရွယ်ချက်၊ လိုဂိုအမှတ်တံဆိပ်အတည်ပြုခြင်း၊ ညီလာခံမတိုင်မီကျင်းပမည့် အကြိုအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့်စာတမ်းများ ခေါင်းစဉ်ရွေးချယ်ခြင်း၊ သဘာပတိရွေးချယ်ခြင်း၊ စာအုပ်ပြပွဲများ ကျင်းပနိုင်ရန် စီစဉ်ခြင်း စသဖြင့် ညီလာခံအတွက် လိုအပ်မည့် အကြောင်းအရာများကို ထည့်သွင်း ဆွေးနွေးခဲ့ကြသည်။

"အရှေ့တောင်အာရှ နိုင်ငံတွေမှာရှိတဲ့ စာကြည့်တိုက်မှူးတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေမှာ စာကြည့်တိုက်နဲ့ပတ်သက်ရင် ရှေ့တန်းရောက်နေတဲ့ စင်ကာပူ၊ မလေးရှားနိုင်ငံတွေက အွန်လိုင်းကနေ စာဖတ်သူတွေ လိုအပ်တဲ့အချိန် ဝန်ဆောင်မှုပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ မြန်မာနိုင်ငံကတော့ အဲဒီလို အဆင့်ရောက်ဖို့ ကြိုးစားနေတဲ့အဆင့်ပါ။ ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ပြေးညီရဖို့ ဒေသတွင်းမှာရှိတဲ့ စာကြည့်တိုက်တွေ အချင်းချင်း အတွေ့အကြုံဖလှယ်နိုင်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်နိုင်မှာ ဖြစ်ပါတယ်" ဟု သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ပြောသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို အရှေ့တောင်အာရှနိုင်ငံများက သုံးနှစ်လျှင်တစ်ကြိမ် အိမ်ရှင်အဖြစ် အလှည့်ကျတာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံကို ထိုင်းနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၈-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၈၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၃ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ ・ ၈၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*
နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ကမ္ဘာ့ကြက်ခြေနီနေ့သည် ကြက်ခြေနီလှုပ်ရှားမှုကို အစပြုပေးခဲ့သည့် ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များကို ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ပါကြောင်း။

**လူမှုကရုဏာအကူအညီများပေးနေ**

၁၈၅၉ ခုနှစ် ဆိုဖာရီနို စစ်မြေပြင်မှ အစပြုကာ လူသားများ၏ လူမှုကရုဏာလိုအပ်ချက်များကို အစဉ်တစိုက်ကျော်သည် ကမ္ဘာတစ်ဝန်းတွင် အကူအညီလိုအပ်သူပေါင်း သန်း ၁၆၀ ခန့်ကို လူမှုကရုဏာအကူအညီများပေးနေသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လေ့ကျင့်သင်ကြားပေးထားသည့် ကြက်ခြေနီစေတနာလုပ်အားရှင် ၄၄၀၀၀ ကျော်မှတစ်ဆင့် နှစ်စဉ်ပြည်သူလူထု ပျမ်းမျှ ငါးသိန်းကျော်အား လူမှုကရုဏာအကူအညီများ ပေးနေသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် သိရှိရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း၏ ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာ အစီရင်ခံစာအရ ၂၀၀၆ မှ ၂၀၁၅ ခုနှစ်ပေါင်း ၁၂ သန်းကျော်ရှိပြီး အသက်ဆုံးရှုံးသူ တစ်သိန်းလေးသောင်းနီးပါး ရှိသည်ကို တွေ့ရှိရပါကြောင်း။

**သေဆုံးနှုန်းမြင့်မားနေ**

မြန်မာနိုင်ငံတွင် လူ ၁၀၀ ဘေးဒုက္ခခံစားရပါက ၁ ဒသမ ၁၃ ဦးနှုန်း သေဆုံးနေပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မိမိတို့နိုင်ငံသည် ဘေးအန္တရာယ်ကျရောက်စဉ်ကာလ သေဆုံးနှုန်းမြင့်မားနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ဘေးအန္တရာယ်ဖြစ်ပွားမှုတွင် မြင့်တက်လာသောကြောင့် ကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးသူနာပြုစုခြင်းလုပ်ငန်း၊ ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေး၊



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပါမောက္ခ ဒေါက်တာသာလှရွှေအား ကြက်ခြေနီဂုဏ်ရည်ဆု ပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)

ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးနေခဲ့သည့်အတွက် ကြက်ခြေနီ၏ တည်ရှိမှုသက်တမ်းသည် နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံပေါင်း ၁၉၀ တွင် နိုင်ငံအစိုးရများက ဖွဲ့စည်းထားသည့် အမျိုးသားကြက်ခြေနီ၊ လခြမ်းနီအသင်းပေါင်း ၁၉၀ ရှိနေပြီဖြစ်ပါကြောင်း၊ ထိုအသင်းအဖွဲ့များမှ နှစ်စဉ် စေတနာလုပ်အားရှင် ၁၇ သန်းအထိ ၁၀ နှစ်တာကာလအတွင်း ကမ္ဘာပေါ်တွင်ဖြစ်ပွားခဲ့သော ဘေးဒုက္ခမျိုးစုံကြောင့် လူသန်းပေါင်း ၁၉၀၀ ကျော် ဘေးဒုက္ခဒဏ်ခံစားခဲ့ရပြီး လူပေါင်း ခုနစ်သိန်းနီးပါး အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရှိရပါကြောင်း၊ တစ်ကမ္ဘာလုံး ဘေးဒုက္ခခံစားရသူ စုစုပေါင်း၏ ၇၉ ရာခိုင်နှုန်းခန့်သည် အာရှဒေသတွင် ရှိနေကြောင်းနှင့် မြန်မာနိုင်ငံတွင် ဘေးဒုက္ခခံစားရသူတုံ့ပြန်ရေး၊ ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ လူမှုကရုဏာလိုအပ်ချက်များ ပြည့်မီရန် ကြက်ခြေနီအသင်း တစ်ခုတည်းနှင့် ဆောင်ရွက်ရန် မဖြစ်နိုင်ပါကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးကရုဏာအဖွဲ့အစည်းများနှင့် ပြည်သူလူထုကပါ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

**ပံ့ပိုးကူညီမည်**

ထို့ပြင် နိုင်ငံတော်သမ္မတက ကြက်ခြေနီအသင်းအနေဖြင့် ပြည်သူလူထုကိုလည်း ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း (Resilience) ရှိရန်အတွက် ကူညီသင်ကြား လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်သော အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ကော်မတီများဖွဲ့စည်း**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် လူငယ် လူရွယ်အများအပြား လိုအပ်လျက်ရှိပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ကြက်ခြေနီ လူငယ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် အားတက်မိပါကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

ထို့ပြင် မြို့နယ်၊ ကျေးရွာအဆင့်အထိပါ ကြက်ခြေနီအသင်းများ ဖွဲ့စည်းထားရှိပြီး သွားလာရန်ခက်ခဲသည့် ဒေသများတွင်ပါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ ထိုကဲ့သို့ ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက်ရင်း အသက်စွန့်လွှတ်သွားခဲ့ကြသည့်၊ ကျန်းမာရေးချို့တဲ့ကြသည့်၊ ထိခိုက်ဒဏ်ရာရခဲ့ကြသည့် ၎င်းတို့၏ အများအကျိုးအတွက် ကိုယ်ကျိုးစွန့် စွမ်းဆောင်မှုများကိုလည်း ယနေ့ အလေးအနက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

အသင်းအနေဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်များနှင့် စွမ်းဆောင်ရည်များ၊ အောင်မြင်မှုများကို ထိန်းသိမ်းဆောင်ရွက်ကြရန်၊ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် နည်းလမ်းရှာကြံ ကြိုးပမ်းကြရန်၊ အသင်းအနေဖြင့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းအဖြစ် လူမှုကရုဏာလုပ်ငန်းများကို လိုအပ်ချက်နှင့်အညီ နေရာဒေသမရွေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၁ နှစ်တာကာလအတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် ထူးခြားသော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သူ ပါမောက္ခ ဒေါက်တာသာလှရွှေအား ကြက်ခြေနီဂုဏ်ရည်ဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက နိုင်ငံတော်သမ္မတထံ ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဆိုပါခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ဂုဏ်ပြုဆုများပေးအပ်**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာပေနှင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ မိတ်ဖက်အမျိုးသား ကြက်ခြေနီနှင့် လခြမ်းနီအသင်းတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ထူးချွန်ကြက်ခြေနီမောင်မယ်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**သင်ကြားပေးလျက်ရှိ**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ၊ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများကို ရပ်ရွာလူထုကိုယ်တိုင် ကြံ့ကြံ့ခံနိုင်စွမ်းရှိစေမည့် အစီအစဉ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင် ၄၄၀၀၀ ကျော်မှတစ်ဆင့် နှစ်စဉ်ပြည်သူလူထု ပျမ်းမျှငါးသိန်းကျော်ကို လူမှုကရုဏာအကူအညီများ ပံ့ပိုးပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုပေးခြင်း၊ ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရေး၊ ခြေတုလက်တု ပြန်လည်သန်စွမ်းရေး၊ မိသားစုအဆက်အသွယ် ပြန်လည်ရရှိရေး၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သတင်း-မော်စီ (သတင်းစဉ်)**
**ဓာတ်ပုံ- ကိုကိုလေး (သတင်းစဉ်)**






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Honorary Freedom of The City Award of London ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ် (သတင်းစဉ်)



✻ ရှေ့စာမျက်နှာမှ

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် လန်ဒန်မြို့ရှိ Guildhall ၌ ကျင်းပသည့် Honorary Freedom of The City Award of London ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကာ ဆုလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ယခုချီးမြှင့်သည့် Honorary Freedom of The City of London ဆုမှာ လန်ဒန်မြို့တော်မှပေးအပ်သည့် အဆင့်အမြင့်ဆုံးဆုဖြစ်ပြီး နိုင်ငံတကာမှ အထင်ကရပုဂ္ဂိုလ်များအား ဂုဏ်ပြုသည့်အနေဖြင့် ချီးမြှင့်သည့်ဆုဖြစ်ကြောင်း သိရသည်။

ယခုဆုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အကြမ်းမဖက်သည့်နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မှုတို့အတွက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုကို ယခင်က ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၊ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလား၊ ကမ္ဘာကျော်သိပ္ပံပညာရှင် ပါမောက္ခ စတီဗင်ဟော့ကင်းနှင့် ဗြိတိန်နိုင်ငံဝေလမင်းသမီး ဒိုင်ယာနာတို့ကိုလည်း ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ဖူးကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လန်ဒန်မြို့ခေတ္တ မြို့တော်ဝန် Alderman Sir Alan Yarrow က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sir Michael Fallon တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စတုတ္ထအကြိမ် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတက်ရောက်

ရန်ကုန် မေ ၈

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာ့ကူးမြို့၌ မေ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသော စတုတ္ထအကြိမ် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စတုတ္ထအကြိမ် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၂၃ နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏အကြီးအကဲများ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြပြီး လူသားလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ချဉ်းကပ်နည်းလမ်းအသစ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ မူလတန်းနှင့် အလယ်တန်းအဆင့်ပြီးမြောက်ရေး၊ အထက်တန်းအဆင့် သင်ကြားသင်ယူမှု အခွင့်အလမ်းမြှင့်တင်ရေး၊ တိုင်းရင်းသားဘာသာစကား သင်ကြားရေးနှင့် တိုင်းရင်းသား ဆရာဆရာမများ ခန့်ထားရေး၊ ကျေးလက်ဒေသ၊ ဝေးလံခေါင်ပါးဒေသနှင့် ပဋိပက္ခဒေသတို့မှ ကလေးများနှင့် သင်ကြားသင်ယူမှု အခက်အခဲရှိသော ကလေးများ ပညာသင်ကြားရေး၊ ကျောင်းပြင်ပပညာရေး၊ တစ်သက်တာပညာရေးနှင့် အခြေခံစာတတ်မြောက်ရေး၊ ဆရာ-ကျောင်းသားအချိုးမျှတရေး၊ ပညာရေးကောလိပ်များကို ဒီဂရီကောလိပ်များသို့ အဆင့်တိုးမြှင့်ရေး၊ မိဘဆရာ ပူးပေါင်းဆောင်ရွက်ရေး၊ အဆင့်မြင့်ပညာရေးနှင့် အဝေးသင်ပညာရေးစနစ်မြှင့်တင်ရေး၊ နည်းပညာနှင့် သက်မွေးပညာရေးမြှင့်တင်ရေး၊ ယှဉ်ပြိုင်စွမ်းအားရှိသော လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့် လုပ်ငန်းအရည်အသွေး ပြည့်ဝသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ရေးနှင့် ယူနက်စကိုနှင့် ပူးပေါင်း၍ ပုဂံနှင့် အခြားယဉ်ကျေးမှုနယ်မြေများတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်

**မန္တလေး မေ ၈**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီတွင် နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွားတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ မော်ကွန်းထိန်းများ၊ လက်ထောက်မော်ကွန်းထိန်းများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြများနှင့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူ ၈၆ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မန်းကိုယ်ပွား)**

## တရားရုံး စာရေးဝန်ထမ်းများ အဆင့်မြှင့်သင်တန်းဖွင့်

**ပြည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော စာရေးဝန်ထမ်းများအဆင့်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို ပြည်ခရိုင်တရားရုံး၌ မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ခရိုင်တွင်းမြို့နယ်များမှ စာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ၂၈ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်သူနှင့်အတူ

## ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီ အစည်းအဝေးများ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပရာ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ အနိုင်ရနိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပစဉ်

**အခြေခံမူများ ဆွေးနွေး**

နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ အစည်းအဝေးကို သတ်မှတ်နေရာ၌ ကျင်းပရာ ဦးခင်ဇော်ဦးနှင့် ဒေါက်တာလျန်မှုန်းဆာခေါင်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ် တင်အောင်၊ ဗိုလ်မှူးချုပ် လှသန်းမောင် ကိုယ်စား ဒုတိယဗိုလ်မှူးကြီးဝင်းမြိုင်၊ ဦးဌေးဝင်းအောင်၊ ဦးအောင်လွင်ဦး၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူး၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွှန့်တို့က နိုင်ငံရေးဆိုင်ရာ အခြေခံရမည့် မူများအား ဆွေးနွေးကြသည်။

**ဆက်လက်ဆွေးနွေး**

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြ ရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ်သိုက်စိုး၊ မိကွန်ချမ်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကိုစ်နှင့် ဦးသာထွန်းလှတို့က စီးပွားရေးကဏ္ဍ၌ ရှမ်းပြည်နယ်မှ တင်သွင်းလာသည့် စာတမ်းအပေါ် ဆက်လက်ဆွေးနွေးကြသည်။

**စာတမ်းများ သုံးသပ်**

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ ဒေါက်တာ စန်းစန်းအေး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ကရင်ပြည်နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တင်သွင်းလာသည့် စာတမ်းများအား သုံးသပ်ဆွေးနွေးကြသည်။

**အခြေခံမူများ**

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှု လုပ်ငန်းကော်မတီ၌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလှဖေတို့က ဦးဆောင်၍ ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဦးကျော်ကျော်ဟန်၊ ပဒိုစောတာမူလာ၊ ပူးထက်နီ၊ ခွန်ဥက္ကာ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်၊ ဦးမြင့်နိုင်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များခေါင်းစဉ်အောက်မှ ကာကွယ်ရေးဆိုင်ရာ အခြေခံမူများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဖက်ဒရယ် မြေယာမူဝါဒ**

ထို့အတူ **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့က ဦးဆောင်၍ ဗိုလ်မှူးချုပ် အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဒေါက်တာဝါဝါမောင်၊ ဦးဆန်နီ၊ စောဒဲနရယ်၊ နော်ခူးခူဂျူး၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ဖက်ဒရယ်စနစ်နှင့်သက်ဆိုင်သော မြေယာမူဝါဒများအား ဆွေးနွေးကြသည်။

လုပ်ငန်းကော်မတီအလိုက် အစည်းအဝေးများကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သူရဇော်(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေ

**အမေးအရေး - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - အေးသန်း (သတင်းစဉ်)**

**နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မကြာမီကာလအတွင်း ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။**

**ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ရလဒ်ကောင်းများရရှိမည်ဟု နိုင်ငံသူ၊ နိုင်ငံသားများက မျှော်လင့်လျက်ရှိသည်။ အဆိုပါ မျှော်လင့်ချက်အပေါ် နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -**



ဒေါက်တာဝါဝါမောင်



ခွန်မြင့်ထွန်း



မင်းကျော်ဇေယျာဦး

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီမှ **ခွန်မြင့်ထွန်း**က "၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် အစိုးရကနေ သတ်မှတ်ပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းနေပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးပွဲတွေကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်မှ ငြိမ်းချမ်းရေးအသီးအပွင့်တွေ မြန်မြန်ဆန်ဆန် ရလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ပြောသည်။

**စစ်ပွဲတွေရပ်ဆိုင်းသွားဖို့လို**

လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီမှ **ဦးမျိုးဝင်း**က "တိုင်းပြည် ငြိမ်းချမ်းရေးရဖို့ အားလုံးပေါင်းပြီး ကြိုးစားရမှာဖြစ်ပါတယ်။ ဒီလိုရည်မှန်းပြီး ကြိုးစားရာမှာ ဖြစ်တယ်၊ မဖြစ်ဘူးက လက်ရှိနိုင်ငံရေးအခြေအနေအပေါ် မူတည်တာပေါ့။ လက်ရှိ ငြိမ်းချမ်းရေးအဖွဲ့မှာ ပါဝင်နေတဲ့အစုအဖွဲ့က အားလုံးဝိုင်းပြီး ကြိုးစားဖို့ လိုပါတယ်။ ၂၀၁၇ ခုနှစ်မှ မဟုတ်ဘူး၊ အမြဲတမ်းကြိုးစားနေရမှာပါ။ အမြန်ဆုံး စစ်ပွဲတွေရပ်ဆိုင်းသွားဖို့လည်း လိုပါတယ်။ စစ်ပွဲတွေကြောင့် နိုင်ငံနဲ့ ပြည်သူတွေ အများကြီး ထိခိုက်မှုရှိပါတယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ်အတွင်း မဟုတ်ပါဘူး၊ ဒီလအတွင်း ငြိမ်းချမ်းရေးရမယ်ဆိုလည်း ပြည်သူတွေနဲ့ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်ပါတယ်"ဟု ပြောသည်။

**ပစ္စုပ္ပန်ကို တည့်တည့်ရှု**

စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီမှ **မင်းကျော်ဇေယျာဦး**က "ကျွန်တော်တို့ ငြိမ်းချမ်းရေး ခရီးလမ်းက ချက်ချင်းကြီး ပြီးသွားမှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး ခရီးလမ်းက အရှည်ကြီး ဆက်သွားရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်က ငြိမ်းချမ်းရေးနှစ် ဖြစ်တဲ့အတွက် ကျွန်တော်တို့ကို တာဝန်ပေးအပ်ထားတဲ့အပေါ်မှာ ပစ္စုပ္ပန်ကို တည့်တည့်ရှုဆိုတဲ့ သဘောတရားအတိုင်း ယခုလုပ်ဆောင်နေတာတွေကို အကောင်းဆုံး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အချိန်တော့ပေးရပါလိမ့်မယ်" ဟု ပြောကြားသည်။

**ငြိမ်းချမ်းရေးကို လိုလား**

"၂၀၁၇ ခုနှစ်မှာ ငြိမ်းချမ်းရေး အသီးအပွင့်ရတော့မယ်ဆိုတာကို ကျွန်တော်အများကြီး ကြိုဆိုပါတယ်၊ ကျွန်တော်တို့ လုပ်နေတဲ့ အထဲမှာ ငြိမ်းချမ်းရေးဖြစ်စဉ်က အချိန်ကြာကောင်းကြာမယ်၊ နှောင့်နှေးကောင်း နှောင့်နှေးမယ်၊ ဒါပေမယ့် အဖြေကောင်းထွက်မယ်လို့ ယုံကြည်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည် မှာရှိတဲ့ ပြည်သူလူထုတစ်ရပ်လုံး၊ တိုင်းရင်းသားလူမျိုးအားလုံး၊ ဒီမှာပါဝင်ဆောင်ရွက်နေတဲ့ တပ်မတော်အပါအဝင် ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးကိုလိုလားနေတဲ့အတွက် ဖြစ်ပါတယ်" ဟု နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီမှ **ဒေါက်တာ လျန်မှုန်းဆာခေါင်း**က ပြောသည်။

ဆက်လက်၍ ၎င်းက နှစ်ပေါင်း ခြောက်ဆယ်ကျော်သည့် ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းပြီး ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးသည့် ပြည်ထောင်စုကြီး ထူထောင်လိုပါကြောင်း၊ သို့ရာတွင် မိမိတို့၏ ပြဿနာတစ်ခုမှာ ပြည်တွင်းစစ်ကြီးသည် နှစ်ပေါင်းခြောက်ဆယ်ကျော်၍ ပဋိပက္ခသည် အလွန်နက်ရှိုင်းပါကြောင်း၊ ပဋိပက္ခတစ်ခုကို ဖြေရှင်းမည်ဆိုပါက ပဋိပက္ခ၏ နောက်ကွယ်၌ အခြားသော ပဋိပက္ခများလည်း ပါလာပါကြောင်း။

မိမိတို့အနေဖြင့် နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာ ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းရန်အတွက် တိုင်းပြည်၏ ပြဿနာအား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည်ဟု ကြံစည်သည့် အခါတိုင်း၊ ပဋိပက္ခတစ်ခုကို ဖြေရှင်းမည်ဆိုပါက ယင်းပဋိပက္ခမှ ထပ်ဆင့်ဖန်တီးသည့် တခြားပဋိပက္ခများ ရှိလာပါကြောင်း၊ ဥပမာ ပြည်တွင်းစစ်ကို စတင်ဖန်တီးလိုက်ခြင်းသည် နိုင်ငံရေးပြဿနာဖြစ်ပါကြောင်း၊ အဆိုပါနိုင်ငံရေး ပြဿနာအား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည်ဟု ချဉ်းကပ်သည့်အခါတွင် ပြည်တွင်းစစ်မှ နှစ်ပေါင်းခြောက်ဆယ်အတွင်း ထပ်ဆင့်ဖန်တီးလိုက်သော နိုင်ငံရေးမဟုတ်သည့် လူမှုရေးဒုက္ခသည်များ၊ လူသားချင်း စာနာမှု၊ မြေယာနှင့် သစ်တောဆိုင်ရာပြဿနာများ ပါဝင်လာပါကြောင်း၊ ၎င်းတို့သည် နိုင်ငံရေး မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အချိန်ယူပြီး ဖြေရှင်းရာတွင် အားလုံးက စိတ်ရှည်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီမှ **ဒေါက်တာဝါဝါမောင်**က "ကျွန်မတို့ မြန်မာနိုင်ငံက ဖွံ့ဖြိုးမှုနိမ့်ကျနေပါသေးတယ်။ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်မှာ အရှိန်အဟုန်နဲ့ သွားနိုင်ဖို့က ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုဆိုတာက ဆက်စပ်နေပါတယ်။ ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဆောင်ရွက်ဖို့က မငြိမ်းချမ်းဘဲနဲ့ ဆောင်ရွက်လို့မရပါဘူး။ ဒါကြောင့် နိုင်ငံအနှံ့အပြားက ဒေသတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးက အဓိကဖြစ်ပါတယ်။ တိုင်းရင်းသားတွေကလည်း ငြိမ်းချမ်းရေးရဲ့ အနှစ်သာရတွေကို ပိုမိုနားလည် သဘောပေါက်လာကြပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင်အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ဆိုသည်။

**အတိုးအလျှော့တွေ**

ဆက်လက်၍ ၎င်းက ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ အယူဝါဒသဘောတရား၊ အကျိုးခံစားခွင့်၊ အမျိုးသား အကျိုးစီးပွား၊ အဖွဲ့တစ်ခု၏ အကျိုးစီးပွား၊ နိုင်ငံတစ်ခုလုံး၏ အကျိုးစီးပွားများကို မျှမျှတတစဉ်းစားရမည်ဖြစ်ကြောင်း၊ နားလည်မှုများကို အခြေခံပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘုံသဘောတူညီချက်များကို အတတ်နိုင်ဆုံးတည်ဆောက်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပိုင်းများတွင် အားလုံးက သဘောပေါက်နားလည်စွာနှင့် ပါဝင်ပြီးဆောင်ရွက်ပါက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် အတိုင်းအတာတစ်ခုအထိ အကျိုးရှိမည့် ဆွေးနွေးညှိနှိုင်းမှုများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

# သဘာဝဘေးနဲ့ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရတဲ့အချိန်မှာ အရေးပေါ်ကယ်ဆယ်ဖို့ ဆေးဝါးတွေ လိုအပ်ပါတယ်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများနှင့်ပတ်သက်ပြီး ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ် ကျုံပိုက်ကျေးရွာတွင် ၂၀၁၇ ခုနှစ် မတ် ၂၂ ရက်က သံလွင်မြစ်ကမ်း မြေထိန်းနံရံလုပ်ငန်း ကမ်းပါးပြိုရာမှ ဒဏ်ရာရ သေဆုံးမှုဖြစ်စဉ်အတွက် ထောက်ပံ့မှုနှင့် ကာယကံရှင်များ၏ အခက်အခဲ၊ သက်ကြီးဘိုးဘွားများ လစဉ်ထောက်ပံ့ကြေးပေးအပ်မှု၊ ၂၀၁၆ ခုနှစ်က ရေဘေးအန္တရာယ် ဆိုးရွားစွာခံစားခဲ့ရသည့် ကန်ကြီးထောင့်မြို့နယ်မှ ပြည်သူများ၏လိုအပ်ချက်များ၊ ပုသိမ်ခရိုင် ငပုတောမြို့နယ် မိုးရွှေလှော်ကျေးရွာ၏ ရေအခက်အခဲ၊ နှစ်စဉ် ရေကြီးရေလျှံဒဏ်ခံစားနေရသည့် သာပေါင်းမြို့နယ် သစ်စိမ့်ကုန်းရွာမှ ပြည်သူများ၏ လတ်တလော လိုအပ်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-**


ဦးမျိုးတင့်


ဦးစန်းလွင်


ဦးစိုးတင့်

**ဒေါ်ခင်ဝင်း၊ ဖားပုကျေးရွာ၊ ကရင်ပြည်နယ်**

ကျွန်မသမီးက မြေပြိုတဲ့အထဲမှာပါသွားပါတယ်၊ သူကပဲ ရှာကျွေးနေတာပါ၊ သူကတစ်နေ့ ငါးထောင်လောက်ရပါတယ်။ အခုလိုဖြစ်သွားတဲ့အတွက် ကျွန်မတို့မှာ အခက်အခဲတွေ ဖြစ်ပါတယ်။ အခုသူက ဆေးရုံကမဆင်းရသေးပါဘူး၊ အောက်ပိုင်းထိသွားတဲ့အတွက် ကျွန်မတို့မှာ ဒီကလေးဆေးဖိုးအတွက် စရိတ်တွေလည်း မရှာနိုင်တော့ဘူး၊ ဘယ်လိုရှာလို့ ဘယ်လိုကုပေးရမှန်း မသိတော့ဘူး။ သူ့မှာအဖေလည်းမရှိဘူး။ ကျွန်မပဲ ရှာကျွေးရတာ။ ကလေးကငါးယောက်ရှိတယ်၊ ကျောင်းသားက နှစ်ယောက်၊ သုံးတန်းနဲ့ တစ်တန်းကျောင်းသား။ အဲ့ဒါကြောင့် ကျွန်မတို့မှာ အခက်အခဲဖြစ်တယ်။

**ဦးစိုးတင့်၊ ဖားပုကျေးရွာ၊ ကရင်ပြည်နယ်**

မြစ်ကမ်းပါးမှာ သူတို့တူးတာက အောက်ခြေကို စတူးလိုက်တော့ မြေဂလိုင်ကြီး ဖြစ်သွားတယ်။ အဲဒီကနေပြိုကျတာပေါ့။ အပေါ်ကနေ စတူးမယ်ဆိုရင် အန္တရာယ်မရှိဘူး။ ဆေးရုံတက်တဲ့ နှစ်ယောက်ကို သူတို့ ထောက်ပံ့ပေးပါတယ်။ လုံလောက်မှုတော့ မရှိဘူး။ ဒီဆေးရုံတက်တဲ့ကလေးနှစ်ယောက်ကို တစ်ယောက် ငါးသောင်းပေးတယ်။ သေဆုံးသွားတဲ့ကလေးသုံးယောက်ကိုတော့ တစ်ယောက်တစ်သိန်းပေးတယ်။


ကိုမြတ်စိုးဟိန်း


ဦးဝင်းတင်


ဦးလှကြိုင်


ဦးဝင်းကို


ဦးထွန်းမြင့်


ဦးဇော်မျိုးဦး

**ဦးဝင်းတင်၊ ကူးဆိပ်ကျေးရွာ၊ ကရင်ပြည်နယ်**

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး စေတနာ့ဝန်ထမ်းအဖြစ် ကြိုတင်ပြင်ဆင်ထားတယ်။ သရုပ်ပြလေ့ကျင့်ထားတယ်။ ကယ်ဆယ်ရေးအဖွဲ့အစည်းတွေလည်း ဖွဲ့စည်းထားပါတယ်။ သင်တန်းလည်း တက်ခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ အရေးပေါ်ကယ်ဆယ်ဖို့ ဆေးဝါးတွေ၊ ခါတ်စာတွေ၊ ဝမ်းလျှော၊ ဝမ်းပျက်တာတွေအတွက် ဆေးဝါးတွေ လိုအပ်ပါတယ်။

**ဦးလှကြိုင်၊ အမှတ်(၂) ရပ်ကွက်၊ သစ္စာလမ်း၊ ဘားအံမြို့**

အခုလတ်တလောမှာ ၁၀ တန်းဖြေဆိုထားတဲ့ကလေး နှစ်ယောက်က လမ်းဘေးမှာ ဝင်ငွေရအောင်ဆိုပြီး ရေသန့်ဘူးကောက်ပြီးတော့ ရောင်းတဲ့လုပ်ငန်းကို လုပ်ပါတယ်။ ဌာနဆိုင်ရာတစ်ခုအနား သွားကပ်မိတော့ သူတို့ကို အထင်မှားပြီးတော့ ဖမ်းဆီးလိုက်တယ်။ ဖမ်းဆီးလိုက်တာကို ကျွန်တော်တို့က ဝိုင်းဝန်းဖြေရှင်းပြီးတော့ သက်ဆိုင်ရာရဲနဲ့ အဲ့ဒီဌာနဆိုင်ရာနဲ့ သွားပြီးတော့ တောင်းပန်ကာ ကျွန်တော်တို့ တရားရုံးအထိ သွားပြီး ကလေးတွေ အာမခံရအောင် ကျွန်တော်တို့တွေ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

**ဦးမျိုးတင့်၊ အသက်(၉၃)နှစ်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့**

တိုင်းပြည်က၊ အစိုးရက အဘိုးတို့ အသက် ၉၀၊ ၁၀၀ စသည်ဖြင့် သက်ကြီး ရွယ်အိုတွေကို အသိအမှတ်ပြုလာတာပဲ ကျေးဇူးတင်လှပါပြီ။ အခါတိုင်းဆိုရင် အဘိုးတို့၊ အဘွားတို့ကို မသိသလိုပဲ။ လမ်းထဲမှာ မျက်စိသာမှိတ်သွားကြတယ်။ သိတဲ့ သူသိ၊ မသိတဲ့သူမသိနဲ့ ဖြတ်သန်းနေကြရတဲ့အဖြစ်ကနေပြီးတော့မှ တဖြည်းဖြည်းချင်းလူတွေဟာ မိသားစုသဖွယ် စိတ်ကလေးတွေ ဝင်ပြီး အသိအမှတ်ပြုလာကြတာပဲ ကျေးဇူးတင်လှပါပြီ။

**ဦးဇော်မျိုးဦး၊ အမှတ် (၅) ရပ်ကွက်၊ ကန်ကြီးထောင့်မြို့နယ်**

၂၀၁၆ ခုနှစ်ဟာ ရေဘေးအန္တရာယ်ကို ခံစားရတဲ့နှစ်လို့ ပြောလို့ရပါတယ်။ ကန်ကြီးထောင့်မြို့အနေနဲ့ ပြောရမယ်ဆိုရင် အဓိကနေရာ နှစ်ခုရှိပါတယ်။ နံပါတ်တစ်နေရာကတော့ ရွှေးရေထိန်းတံခါးနဲ့ အမှတ်နှစ်နေရာကတော့ သရက်ချောင်း ရေထိန်းတံခါးကြီးဖြစ်ပါတယ်။ အဲ့ဒီရေထိန်းတံခါးနှစ်ခုအနက်က တစ်ခုကျိုးပေါက်ပြီဆိုရင် ကျွန်တော်တို့က ရေဘေးအန္တရာယ်ကို အမြန်ဆုံးထိန်းသိမ်းနိုင်ဖို့ နာရီအလိုက် ရေတွေမြင့်တက်လာနိုင်တဲ့အတွက်ကြောင့် ချက်ချင်းဆောင်ရွက်ရတာတွေ ရှိပါတယ်။ အဓိကကတော့ ရွှေးရေထိန်းတံခါးနဲ့ သရက်ချောင်း ရေထိန်းတံခါးနှစ်ခုကတော့ အဓိကပါပဲ။

**ဦးဝင်းကို၊ အမှတ် (၁) ရပ်ကွက်၊ ကန်ကြီးထောင့်မြို့နယ်**

အခုလက်ရှိကတော့ ကျွန်တော်တို့ပိုင်းမှာ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်တွေပါမယ်။ ကျွန်တော်တို့ဆီမှာ သီးသန့်ခွဲပြီးတော့ မထားနိုင်သေးပါဘူး။ ခုနက ကျွန်တော်ပြောသလို ရွက်ဖျင်တဲလိုဟာမျိုး ထောက်ပံ့ပေးနိုင်မယ်ဆိုရင် အဘိုးအဘွားတွေအတွက် သီးသန့်ထားပေးနိုင်မယ်။ မီးဖွားပြီးကာစ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေရှိမယ်၊ အဲ့ဒါတွေကို သီးသန့်ထားချင်တယ်။ ဒါပေမယ့် အခုလက်ရှိ အနေအထားအရ ကျွန်တော်တို့မှာ လက်ရှိအားကစားရုံ တစ်ရုံရှိရယ်။ မြို့ထဲမှာရှိတဲ့ ဘုန်းကြီးကျောင်းရဲ့ အဆောင်တွေကိုပဲ လက်ရှိအသုံးပြုကြရပါတယ်။

ပြိုပျက်သွားတဲ့ အိမ်တွေရှိတယ်၊ အနည်းငယ် ပျက်စီးသွားတဲ့အိမ်တွေရှိတယ်။ ဒါတွေကို အစိုးရအဖွဲ့ကလည်း ထောက်ပံ့တာတွေ ရှိတယ်။ တခြားအဖွဲ့တစ်ဖွဲ့က ထောက်ပံ့တာတွေရှိတယ်။ အဲ့ဒီမှာ လုံလောက်မှုကတော့ ဘယ်ရမလဲ။ တစ်နိုင်ငံလုံးမှာဖြစ်နေတဲ့ အခြေအနေဆိုတော့ ဒီဘက်အခြမ်းကိုလည်း နည်းနည်းလောက် ပါဝင်ကူညီပြီးတော့ပံ့ပိုးပေးမယ်ဆိုရင် ပိုပြီးသင့်လျော်မယ်လို့ အကြံပြုချင်ပါတယ်။

**ဒေါ်ညို၊ ကွင်းပြင်ကြီးရပ်ကွက်၊ ပုသိမ်မြို့**

ထောက်ပံ့ပေးတယ်ဆိုတာကတော့ စပြီးတော့ ဖြစ်ကတည်းက အကုန်လုံးထောက်ပံ့ပေးပါတယ်။ ဆေးရုံဆေးခန်းအတွက်လည်း အကုန်လုံးအဘက်ဘက်ကနေ ထောက်ပံ့ပေးတယ်။ အခုဘာလုပ်ငန်းတွေလုပ်သလဲဆိုတော့ နွားတစ်ရှဉ်းရှိတယ်။လယ်ထဲမှာလိုက်ပြီးတော့ နွေကောက်ဆင်းတယ်။ တစ်မနက် ဆင်းတာကတော့ လေးထောင်ရတယ်။ ၁၀ နာရီအထိ လေးထောင်ရတယ်။ ညနေပိုင်းတစ်ခါ သုံးနာရီလောက်ကနေဆင်းတဲ့ အခါကျတော့လည်း လေးထောင်ရတယ်။ ည၊ မနက်ဆိုတော့ ရှစ်ထောင်ရပါတယ်။ အဲ့ဒါနဲ့ မိသားစုလုပ်ကိုင်စားနေရတယ်ဆိုတော့ ဒီငွေက မပိုလျှံဘူး။ မပိုလျှံတဲ့အတွက်ကြောင့် ဆရာမ တွေကို အကူအညီတောင်းတော့ ဆရာမတွေ အကုန်လုံး ထောက်ပံ့ပေးတယ်။

**ဦးချစ်ကိုဦး၊ ဖိုးရွှေလှော်ကျေးရွာ၊ ငပုတောမြို့နယ်**

ကျွန်တော်တို့ဆီမှာဆိုရင် နှစ်စဉ်နှစ်တိုင်း သုံးနှစ်ဆက်တိုက် ရေပြတ်လပ်ပါတယ်။ ဆင်းရဲတဲ့အတွက် တချို့လူတွေဆိုရင် ရေမလှောင်နိုင်ပါဘူး။ မလှောင်နိုင်တဲ့အတွက် ရေတွင်းမှာလိုက်ပြီးတော့ ခပ်ရတယ်။ အချို့ညလုံးပေါက်ခပ်ရတာတွေ ရှိပါတယ်။ ရေတွင်း ရလာတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ပါတယ်။

**ဦးထွန်းမြင့်၊ သစ်စိမ့်ကုန်းကျေးရွာ၊ သာပေါင်းမြို့နယ်**

သားသမီးငါးယောက်၊ မိသားစု ခုနစ်ယောက်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်အမျိုးသမီးက ခမောက်ရက် လုပ်ကိုင်ပါတယ်။ ခမောက်တစ်လုံးကို သုံးရာရပါတယ်။ ကျွန်တော့် အိမ်က အခုကမ်းပါးပြိုကျပြီး ရေထဲပါသွားတဲ့အတွက် တော်တော်ဒုက္ခရောက်ပြီး သူများနေရာမှာ ကပ်ပြီးတော့ လောလောဆယ်တဲလေးထိုးနေရပါတယ်။

**ဦးစန်းလွင်၊ သစ်စိမ့်ကုန်းကျေးရွာ၊ သာပေါင်းမြို့နယ်**

ဟိုတုန်းက ကျွန်တော်တို့နေရာတွေမှာ တာတမံလေး ရှိပါတယ်။ အဲဒီတာတမံလေးက ရေလုံနေတော့ ရေကြီးပေမယ့် နေလို့ စားလို့ ရပါတယ်။ အခုက အဲဒီ တာတမံမရှိတဲ့အတွက် ရေကကြီးတော့ ရေကမငြိမ်ဘူး၊ စီးတယ်။ စီးတော့ ကန်တွေပြို၊ အိမ်တွေပျက် အဲ့ဒီလိုတွေ ဖြစ်ပါတယ်။ အဲဒီတာကျိုးသွားတဲ့ နောက်ပိုင်းကနေပြီးတော့ ရေကြီးတာပါ။ တကယ်လို့ အခုဖို့ထားတဲ့ တာတမံသာ လုံမယ်ဆိုရင် ခံသာပါတယ်။

**ကိုမြတ်စိုးဟိန်း၊ အမှတ်(၁)ရပ်ကွက်၊ သာပေါင်းမြို့**

အဓိကလိုအပ်တာကတော့ ဆန်ပါ။ ဆန်၊ ဆီ အိမ်မှုအသုံးအဆောင်ပါ။ နောက်တစ်ခုရှိတာက ကျွန်တော်တို့ ဒီဘက်မှာ ရေဘေးသင့်ရွာတွေအကုန်လုံးက မီးမရသေးတာ တွေရှိတယ်။ မီးမရတဲ့အတွက် သူတို့ဆီမှာ မီးဖို ဖိုဖို့အတွက်လည်း ရေကြီးနေတဲ့အတွက် သိပ်အဆင်မပြေပါဘူး။ အဲ့ဒီတော့ လှူမယ်ဆိုရင် အသင့်စားနိုင်တဲ့ အစားအစာကို လှူမှ အဆင်ပြေမှာပါ။ တခြားပစ္စည်းတွေကျတော့ သူတို့အနေနဲ့ ချက်စားဖို့ အခက်အခဲရှိပါတယ်။

(သတင်းအဖွဲ့)


ဦးချစ်ကိုဦး


ဒေါ်ခင်ဝင်း


ဒေါ်ညို

❖ *ကျောဖုံးမှ*

မကွေးအသင်းမှာလည်း နိုင်ငံခြားသား ကစားသမားနှစ်ဦး အပါအဝင် ပြည်းတွင်းကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် ညာနောက်ခံလူ ကျော်ဇင်လွင်က အဝေးကန်ချက်ဖြင့် မကွေးအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ငါးမိနစ်အကြာတွင် အောင်သူက ဝင်းနိုင်စိုး၏ ပေးပို့မှုကို ပိတ်သွင်းယူခဲ့သောကြောင့် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့သည်။ ရတနာပုံအသင်းဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း ၃၇ မိနစ်တွင် မကွေးအသင်းက ဂိုးထပ်ရခဲ့သည်။ နန္ဒကျော်ဖြတ်ပို့သောဘောလုံးကို ကိုကိုနိုင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၄၉ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အောင်သူကန်သွင်းရာ မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ရတနာပုံအသင်း ချေပဂိုးရရန် တောက်လျှောက် ကြိုးပမ်းလာခဲ့ပြီး ၆၆ မိနစ်တွင် စည်သူအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဝင်းနိုင်စိုးက ပိတ်သွင်းယူခဲ့၍ ချေပဂိုးပြန်ရခဲ့သည်။ ပွဲပြီးခါနီးတွင် ရန်ပိုင် အပိုင်အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရတနာပုံအသင်း နိုင်ပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၁၂) အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၂၈ မှတ်၊ ၊လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၅ မှတ်၊ ရောဝတီအသင်းက ၁၉ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၁၄မှတ်စီ၊ Southern အသင်းက ၁၁ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA နှင့် နေပြည်တော်အသင်းတို့က ကိုးမှတ်စီ၊ ဟံသာဝတီအသင်းက ရှစ်မှတ်ရရှိထားသည်။

## သမိုင်းဝင်ဖောင်တော်ချက်မ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

**နေပြည်တော် မေ ၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နေပြည်တော် လယ်ဝေးမြို့ ကျက်သရေဆောင် သမိုင်းဝင်ဖောင်တော်ချက်မ စေတီတော်မြတ်ကြီး၏ အကြိမ် (၈၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၈ ရက်မှစတင်၍ မေ ၃၀ ရက်အထိ ၂၂ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၀ ရက် (ကဆုန်လပြည့်နေ့) နံနက် ၅ နာရီတွင် သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီးအား ဘုရားရင်ပြင်တော်မြောက်ဘက်တန်ဆောင်း၌ သစ်သီး၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်နှင့် ဆွမ်းတော်ကြီးတင်လှူပွဲ ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးများနှင့် ဩဝါဒါစရိယ ဆရာတော်များအား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချတရားတော်များကို နာယူမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၃ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အားပင့်ဆောင်၍ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ကာ ညောင်ရေသွန်းလောင်းပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

# အပြန်အလှန်ထိန်းကျောင်းမှုများကို နှိုင်းယှဉ်လေ့လာရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများ၏အခန်းကဏ္ဍ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသုတေသနအဖွဲ့၏ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင်ဗဟုသုတများ ကျယ်ပြန့်လာစေရန်ရည်ရွယ်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် Institute For Democracy and Electoral Assistance (IDEA) တို့ပူးပေါင်း၍ **"အပြန်အလှန်ထိန်းကျောင်းမှုများကို နှိုင်းယှဉ်လေ့လာရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများ၏အခန်းကဏ္ဍ (Vertical and Horizontal Checks and Balances)"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark McDowell က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲ မနက်ပိုင်းအစီအစဉ်များကို ဆက်လက်ပြုလုပ်ခဲ့ရာ International IDEA မှ Senior Programme Manager, Mr. Sumit Bisarya က "Vertical and Horizontal Checks and Balances in federal systems" ခေါင်းစဉ်နှင့်"Role and functions of the Constitutional Tribunals in the Checks and Balances of Federal Systems" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ပြီး ဆွေးနွေးသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ခုံရုံးသုတေသနအဖွဲ့နှင့် စာတမ်းရှင်တို့က အဖွဲ့လိုက်ပြန်လည်ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ မွန်းလွဲပိုင်း အစီအစဉ်များကို ကျင်းပရာ Mr. Sumit Bisarya က "General comparative overview of the design of constitutional tribunals"ခေါင်းစဉ်နှင့် "The role of nascent Constitutional Tribunals in executing Check and Balance lessons from emerging democracies" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးဖြေကြားသည်။




**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် အပြန်အလှန်ထိန်းကျောင်းမှုများကို နှိုင်းယှဉ်လေ့လာရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးများ၏ အခန်းကဏ္ဍဆွေးနွေးပွဲတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှု

**နေပြည်တော် မေ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်သည် မေ ၅ ရက်က ကောလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် စနစ်တကျဆောင်ရွက်နိုင်ရေး နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ ဆောင်ရွက်နေသည့် လုပ်ငန်းပမာဏအပေါ် ကျေနပ်အားရပါကြောင်း၊ ဆက်လက်၍ ရေကြီးရေလျှံမှု မဖြစ်ပွားရေးအတွက် နည်းလမ်းရှာကာ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မြစ်နှင့် မြစ်ကမ်းပါးကာကွယ်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ လုပ်ငန်းပမာဏများပြားသဖြင့် တစ်နှစ်အတွင်း မပြီးနိုင်ဘဲ ရေရှည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လောလောဆယ် မိုးမကျမီ ပြီးစီးနိုင်မည်ကိုသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကောလင်းမြို့နယ်အနီးရှိ ဒေါင်းမြိုးချောင်း၊ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ ကောလင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ကောလင်းမြို့တွင်း ရေကြီးရေလျှံမှု မဖြစ်ပွားစေရေး ဆောင်ရွက်မှု အစီအမံများကိုလည်းကောင်း၊ ရပ်မိရပ်ဖများက လိုလားချက်များတင်ပြခြင်းတို့အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ထီးချိုင့်မြို့သို့ရောက်ရှိပြီး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ထီးချိုင့်မြို့ ရွှေဝါပိတောက်လှရပ်ကွက်၌ ကျောက်စီမြေထိန်းနံရံနှင့် တမံ၊ မျှောပိုင်အခြေပြု ကျောက်စီနံရံနှင့် သဲမွေ့ရာချခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခင်ဦးမြို့နယ် အညာသီဟတောဘုရားအနီး သံခြင်းကျောက်ဖြည့်ရေကာ၊ သဲအိတ်များအား နိုင်လွန်ပိုက်ဖြင့် ထုပ်၍ Toe Protection ပြုလုပ်ခြင်း၊ ရေနက်အိုးအတွင်း သဲအိတ်ဆွဲသစ်ကိုင်းများ ချထားခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာမခံလေးမျိုးအတွက် ကျပ်သိန်း ၂၃၀၀ ကျော် လျော်ကြေးပေးအပ်

**ရန်ကုန် မေ ၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံ အကာအကွယ်များ ဝယ်ယူထားရှိပြီး ကုန်ပစ္စည်း၊ မော်တော်ယာဉ်၊ အဆောက်အအုံနှင့် လူ့အသက်ဆုံးရှုံးခဲ့သူများအတွက် ဆုံးရှုံးနစ်နာမှုလျော်ကြေးပေးအပ်သည့် အခမ်းအနားကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) စတုတ္ထထပ် အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ဆုံးရှုံးနစ်နာမှုလျော်ကြေးများ လက်ခံရယူရန် ကုန်ပစ္စည်းပိုင်ရှင်များ၊ မော်တော်ယာဉ်ပိုင်ရှင်၊ အဆောက်အအုံပိုင်ရှင်နှင့် သင်္ဘောသားအသက် အာမခံထားရှိသူများ၏ အကျိုးခံစားခွင့်ရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်းဌာနများမှ ဌာနအကြီးအမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

"ဒီကနေ့ အခမ်းအနားကတော့ နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းမှာ အာမခံ အကာအကွယ်ရယူထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အာမခံထားရှိသူတွေကို အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုတွေအတွက် လျော်ကြေးပေးအပ်တာဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ သင်္ဘောသားအသက်အာမခံလုပ်ငန်းမှ အသက်အာမခံ သက်တမ်းအတွင်း ကွယ်လွန်သူ သင်္ဘောသားတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ နှုန်းနဲ့ သုံးဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၅ သန်း၊ အလုံးစုံ မော်တော်ယာဉ်အာမခံထားရှိသော မော်တော်ယာဉ်တစ်စီးအတွက် လျော်ကြေးငွေကျပ် ၈၀၂၅၀၀၊ မီးအာမခံထားရှိသူ တစ်ဦးအတွက် မီးလောင်ဆုံးရှုံးမှု လျော်ကြေးငွေကျပ် ၂၉၅၀၀၀၀၀၊ ဧပြီ ၂၆ ရက် MV ရွှေလက်ဝါးရေယာဉ် နစ်မြုပ်မှုမှာ ရေကြောင်းပို့ဆောင်ရေး ပစ္စည်းအာမခံထားရှိသူ ကုန်ပစ္စည်းပိုင်ရှင် ကိုးဦး၊ ပေါ်လစီ စောင်ရေ ၁၄ စောင်အတွက် လျော်ကြေးငွေကျပ် ၁၉၉၆၄၈၂၈၉ စုစုပေါင်း လျော်ကြေးငွေကျပ် ၂၃၄၉၅၀၇၈၉ ပေးအပ်ခဲ့ပါတယ်"ဟု မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောသည်။

ထို့အပြင် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၈ ရက်အထိ စက်တပ်ယာဉ် ထိခိုက်မှုကြောင့် သေဆုံးသူ ၁၁ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃ ဦးတို့အတွက် သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေး ငွေကျပ် ၁၀၉၂၆၀၀၀၀၊ အလုံးစုံ မော်တော်ယာဉ် အာမခံထားရှိခဲ့သည့် မော်တော်ယာဉ် အစီး ၈၀ ထိခိုက်ပျက်စီးမှုအတွက် ငွေကျပ် ၄၃၇၃၃၁၆၄ တို့ကိုလည်း ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအပေါ် ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်များရယူရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

**စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအပေါ် ပြည်သူများ၏သဘောထားအမြင်နှင့် အကြံဉာဏ်များရယူရေး အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ ကြိုတင်ရှင်းလင်းခြင်းအစည်းအဝေး (Orientation Meeting) ကို ယနေ့ နံနက် ၉ နာရီတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ LIFT (MOALI) မှ အမျိုးသားအတိုင်ပင်ခံ ဦးစံသိန်း၊ ADS မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးမှူးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်တိုးတက်မှုကို အထောက်အကူပြုမည့် မူဝါဒနှင့် နည်းဗျူဟာများကို စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းပါဝင်၍ တောင်သူလယ်သမားများ၊ ပြည်သူများ၏ သဘောထား အမြင်နှင့် အကြံဉာဏ်များနှင့်အညီ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ စတုတ္ထမူကြမ်းကို အပြီးသတ်ရေးဆွဲသွားမည်ဖြစ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပြုစုရေးဆွဲလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အလုပ်ရုံဆွေးနွေးပွဲအား ကဏ္ဍအလိုက်စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားအတိုင်ပင်ခံ ဦးစံသိန်းက Public Consultations ကျင်းပရေးဆိုင်ရာ ချဉ်းကပ်မှု နှစ်မျိုးနှင့် ရည်ရွယ်ချက်များကို လည်းကောင်း၊ လယ်ယာ/သားငါးကဏ္ဍအတွက် မျှော်မှန်းချက်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ စာတမ်းမူကြမ်း အကျဉ်းချုပ်အားလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေး ဒီဇိုင်းနှင့်နည်းလမ်းများအားလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာသူများက လယ်ယာ/သားငါးကဏ္ဍအတွက် မျှော်မှန်းချက်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ စာတမ်းမူကြမ်းအပေါ် ဝိုင်းဝန်း အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ခံများဘက်မှ ဆောင်ရွက်ထားရှိမှုများ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းမှ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**



ဗိုလ်ချုပ် အောင်ဆန်း တံတား (ဘီလူးကျွန်း)ကို မေ ၉ ရက် (ယနေ့) တွင် ဖွင့်လှစ်မည်ဖြစ်ရာ မေ ၈ ရက် ညပိုင်းက ရောင်စုံမီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ် (အဆိုပါတံတားကို ပြီး ၂၇ ရက်က ယာယီ ဖွင့်လှစ် သန်းခွင့် ပြုထားခဲ့ကြောင်း သိရသည်။)
ဓာတ်ပုံ-တင်ထွဋ်(ရေး)

## မိုးရာသီကာလအတွက် တတိယအကြိမ် ဒေသအတွင်း မှတ်သုံဖိုရမ် စပြီ

ရန်ကုန် မေ ၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန က ကြီးမှူးကျင်းပသော တတိယအကြိမ်ဒေသအတွင်း မှတ်သုံဖိုရမ်ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး အဆောက်အအုံ(၃)လွှာ အပေါ်ထပ် အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက စတင်ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းနှင့် UN-Habital မှ Mr.Shoshank တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ခုနှစ် ခြောက်သွေ့ရာသီကာလကို ပြန်လည်သုံးသပ်ခြင်းနှင့် မုတ်သုံရာသီကာလအတွက် ကြိုတင်ခန့်မှန်းချက်များတင်ပြခြင်းကို ပြန်လည်သုံးသပ်ခြင်းနှင့် ခန့်မှန်းချက်များကို အသုံးချခြင်းမှရရှိခဲ့သော အတွေ့အကြုံများကိုအခြေခံ၍ အကြံပြုချက်များ မုတ်သုံရာသီအတွင်း ကြိုတင်ပြင်ဆင်ခြင်း၊ ဝေလျှင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို စီမံခန့်ခွဲရန်အတွက် မဟာဗျူဟာချမှတ်ခြင်းများပြုလုပ်ခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၇ ခုနှစ် မုတ်သုံရာသီအတွက် ကြိုတင်ခန့်မှန်းချက်များကို လက်တွေ့အသုံးချရန်နှင့် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအတွက်လည်း သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး ပူးပေါင်းညှိနှိုင်းကာ ကြိုတင်ပြင်ဆင်ခြင်းများဆောင်ရွက်ခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမျိုးသားဇာတ်ရုံတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ St.Petersburg Music House မှ ဂန္ထဝင်ဂီတဖျော်ဖြေပွဲကျင်းပ

ရန်ကုန် မေ ၈

နွေညနေခင်း၏ ဖျော့တော့တော့ အပူရှိန်အောက်တွင် သာယာငြိမ့်ညောင်းသော တူရိယာသံတို့က တိုးတိုးညင်းညင်း ထွက်ပေါ်လျက်ရှိသည်။ အဆိုပါ တေးဂီတသံတို့သည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံအတွင်းမှ ထွက်ပေါ်လာသော ဂန္ထဝင်တေးဂီတသံတို့ပင် ဖြစ်သည်။

ယနေ့ ညနေတွင် အမျိုးသားဇာတ်ရုံ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ Embassy of Musical Mastery စိန့်ပီတာစဘတ် ဂီတအိမ်၏ (၁၁) ကြိမ်မြောက် ဂီတဖျော်ဖြေတင်ဆက်ပွဲကို ကျင်းပနေရာမှ ဂန္ထဝင်တေးဂီတသံတို့ ပေါ်ထွက်နေခြင်း ဖြစ်သည်။

ဂီတဖျော်ဖြေပွဲကျင်းပရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်၍ အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဂီတပညာရှင်နှစ်ဦးဖြစ်သည့် လေမှုတ်တူရိယာပညာရှင် အဲလက်စေးမိုရိုဇော့ဗ်နှင့် စန္ဒရားပညာရှင် အဲလက်စေးမဲနိကော့ဗ်တို့က ဂန္ထဝင်တေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လေမှုတ်တူရိယာပညာရှင် အဲလက်စေးမိုရိုဇော့ဗ်သည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရုရှားနိုင်ငံတော်သံစုံတီးဝိုင်း၏ ရုပ်ရှင်ပိုင်းဆိုင်ရာကဏ္ဍအတွက် ပင်တိုင်တီးမှုတ်ခဲ့သူဖြစ်ပြီး ၂၀၁၀ မှ စ၍ မော်စကို နိုင်ငံတော်သံစုံတီးဝိုင်းတက္ကသိုလ် ပါဗယ်လ်ကိုဂန်လက်အောက်တွင် တစ်ပင်တိုင်တီးမှုတ်ခဲ့သူ ဖြစ်သည်။ စန္ဒရားပညာရှင် အဲလက်စေးမဲနိကော့ဗ်သည်လည်း အီတလီနိုင်ငံဆာဗိုမြို့တွင် ကျင်းပသော နိုင်ငံတကာဂန္ထဝင်တေးဂီတပွဲတော်၊ ပြင်သစ်နိုင်ငံတွင် ကျင်းပသော အနီမာတို ဂီတပွဲတော်၊ တရုတ်စ်တီတွင် ကျင်းပသော နိုင်ငံတကာစန္ဒရားတီးပွဲတော်၊ မော်စကိုတွင်ကျင်းပသော ရိုမာန်တစ်တေးဂီတပွဲတော်တို့တွင် ပါဝင်တင်ဆက်ဖျော်ဖြေခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေမှုနှင့်ပတ်သက်၍ ဂီတပညာရှင်နှစ်ဦးတို့က "ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံကိုရောက်တာ ပထမဦးဆုံးအကြိမ်ပါ။ မြန်မာနိုင်ငံဟာ အလွန်ပဲ စိတ်ဝင်စားဖွယ်ကောင်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂန္ထဝင်တေးဂီတတွေကို မြန်မာပြည်သူလူထုနဲ့ မိတ်ဆက်ပေးရမှာဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်"ဟု ပြောသည်။



ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂီတပညာရှင်နှစ်ဦးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)၊ မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ - ထိန်လင်း**

# ဆရာကြီးဒဂုန်တာရာ၏ ၉၈ နှစ်မြောက်မွေးနေ့ပွဲကို အောင်ပန်းမြို့တွင် ကျင်းပမည်

မုံရွာ မေ ၈

**ဆရာကြီး ဒဂုန်တာရာ၏ ၉၈ နှစ်မြောက် မွေးနေ့ပွဲကို ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့တွင် မေ ၁၀ ရက်တွင် စာပေအနုပညာရှင်များစုံညီစွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဒဂုန်တာရာဂုဏ်မာန်ကော်မတီဥက္ကဋ္ဌ ဦးအုံ့မောင် (ကဗျာဆရာ၊ စာရေးဆရာ)ထံမှ သိရသည်။**

"ဒီနှစ်ဆရာကြီးရဲ့ ၉၈ နှစ်မြောက်မွေးနေ့ကို ပိုကောင်းတဲ့ အခြေအနေတွေနဲ့ ကျင်းပဖို့စီစဉ်နေတယ်လို့ကြားရတာ ဝမ်းသာအားရဖြစ်မိပါတယ်။ ဒီလိုအခြေအနေတွေ ကောင်းလာ အောင် ဝိုင်းဝန်းဆောင်ရွက်ကြတဲ့ စေတနာရှင်အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒဂုန်တာရာ ဗိမာန်ကြီး လုံးဝပြီးမြောက် ပြည့်စုံသွားအောင် ဆောင်ရွက်ကြဖို့လဲ အလေးအနက်ထား မျှော်လင့်ပါတယ်" ဟု ဦးအုံ့မောင်က ပြောသည်။

မေ ၁၀ ရက်တွင် ကျင်းပမည့် ဆရာကြီးဒဂုန်တာရာ၏ ၉၈ နှစ်ပြည့် မွေးနေ့ပွဲအတွက် နှစ်စဉ်တက်ရောက်နိုင်ခဲ့ရာမှ ယခုနှစ်တွင် ကျန်းမာရေးအခြေအနေအရ မတက်ရောက်နိုင်သော ဆရာကြီး ဦးအုံ့မောင်က မွေးနေ့သဝဏ်လွှာကို အောင်ပန်းသို့ လှမ်းဆင့်ပေးပို့ထားရာသဝဏ်လွှာတွင် "ကျွန်တော်ကတော့ အမြဲတမ်းတက်ရောက်ပါဝင်ခဲ့ပါလျက်နဲ့အခုတစ်ခါ မတက်ရောက်နိုင်တာက ကိုယ်တိုင်လည်း မကျန်းမာလို့ ဇနီးလည်း မကျန်းမာလို့ ပျက်ကွက်ရပါတယ်။ ဒါပေမယ့် ဆရာကြီးရဲ့မွေးနေ့နဲ့ ပတ်သက်လို့ ကျွန်တော်အစွမ်းရှိသလောက် ဆောင်ရွက်ပေးနေပါတယ်"ဟု ထည့်သွင်းရေးသားထားသည်။

ဆရာကြီးဒဂုန်တာရာသည် ပြည်သူအားလုံးကို ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးရမည်ဆိုသည့်အလံ၊ စာပေအနုပညာများကို ချစ်မြတ်နိုးရမည်ဆိုသည့်အလံ၊ ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းရမည်ဆိုသောအလံသုံးလက်ကို အပ်နှင်းခဲ့ကြောင်း ဦးအုံ့မောင်၏ သဝဏ်လွှာတွင် ပါဝင်သလို ဆရာကြီးအနေဖြင့် သူ၏ ၉၀ ပြည့်မွေးနေ့က အမျိုးသားလွတ်မြောက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးတာဝန်များကို ထမ်းဆောင်ကြရမည်ဟု ညွှန်ပြခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

*ကျော်ဖုံးမှ*

ဘူးသီးတောင်မြို့တွင် ယခင်က ငါးသားဖောက်စခန်းမရှိခဲ့ဘဲ ၂၀၁၄ ခုနှစ်တွင် ရေချိုငါးသားဖောက်စခန်း ကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် စနစ်တကျလုပ်ကိုင် လာခဲ့သည်။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ဆင်းပြီး ပြည်သူများ ရေချိုငါးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာများပေးကာ မွေးမြူမည့်တောင်သူများကိုလည်းငါးသားဖောက်အခမဲ့ပေးခြင်း၊ ချိုသာသောဈေးနှုန်းများဖြင့် ငါးသားပေါက်များကို ရောင်းချပေးခြင်းတို့ကြောင့် ယခု အခါ ရေချိုငါးမွေးမြူသည့် ဧကမှာ ၂၀၁၄ ခုနှစ် နောက်ပိုင်း သုံးနှစ်ကျော်ကာလအတွင်း ဧက ၂၀၀ ကျော်အထိ တိုးပွားလာခဲ့သည်။ ငါးသားဖောက်စခန်းတွင်လည်း ဒေသငါးမျိုးစိတ်များအပြင် ငါးတန်၊ ရွှေဝါငါးကြင်း၊ ယိုးဒယားငါးခုံးမ၊ ငါးမြစ်ချင်း၊ တီလားဗီးယားနှင့် အခြားငါးမျိုးစိတ်များကို သားဖောက်ပေးလျက်ရှိပြီး နှစ်စဉ်ငါးမျိုးစိတ် နှစ်သန်းကျော်မှ သုံးသန်းအထိ သားဖောက်ပေးလျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်တွင် ရေချိုငါးမွေးတောင်သူများသည် ၂၀၁၄ ခုနှစ် မတိုင်မီ တစ်ပိုင်တစ်နိုင်အနေဖြင့် ဧက ၃၀ ဝန်းကျင်သာရှိခဲ့ပြီး ယခုအခါမွေးမြူသူ ၈၀ ကျော်ရှိကာရေချိုငါးမွေးမြူရေးဧကအနေဖြင့်လည်းဧက ၂၀၀ ကျော်အထိ တိုးချဲ့မွေးမြူလာကြသည်။ ဘူးသီးတောင်မြို့နယ်အတွင်းအများဆုံးရေချိုငါးမွေးမြူသည့်ကျေးရွာများမှာ ရွာမ၊ လက်ဝဲဒက်ပြင်ရှည်၊ မိကျောင်းခေါင်းဆွဲ၊ တောင်ပဇာ၊ ငကျဉ်တောက်၊ မောင်ကြီးတောင်နှင့် သေကံခွဆုံတို့ဖြစ်ကြသည်။

ဘူးသီးတောင်ငါးလုပ်ငန်းဦးစီးဌာနသည် ၂၀၁၆ ခုနှစ်တွင် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ရေချိုငါးမွေးမြူရေးသားဖောက်စခန်းကို အဆင့်မြှင့်တင်တိုးချဲ့ခဲ့ပြီး မကြာမီတွင် ရာသီအလိုက်ရေချိုငါးသားဖောက်လုပ်ငန်းများကို စတင်တိုးချဲ့ဆောင်ရွက်တော့မည်ဖြစ်ရာ ယခု ၂၀၁၇ ခုနှစ်တွင် လက်ရှိရေချိုငါးမွေးမြူရေးဧက ၂၀၀ ကျော်မှ ဧက ၂၅၀ အထိ တိုးမြှင့်နိုင်ရေးဌာနအနေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ဦးဆန်းဝင်း(မြို့နယ်ဦးစီးမှူး ငါးလုပ်ငန်းဦးစီးဌာန)




ဘူးသီးတောင်မြို့နယ်ရှိ ရေချိုငါးသားဖောက်စခန်းကို တွေ့ရစဉ် ဓာတ်ပုံ-မောင်မောင်သန့်

# ဘူးသီးတောင်မြို့ ပန်ဇင်းချောင်းဆိပ်ကမ်းတွင် သင်္ဘောပေါ်မှ လူတစ်ဦးပြုတ်ကျ



ချောင်းထဲသို့ ပြုတ်ကျသူအား အမြန်ရေယာဉ်များဖြင့် ရှာဖွေနေစဉ်

**ဘူးသီးတောင် မေ ၈**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ ပန်ဇင်းချောင်းဆိပ်ကမ်း၌ မေ ၇ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် စစ်တွေ- ဘူးသီးတောင်ပြေးဆွဲနေသော အောင်တံခွန်-၆ ကုန်တင်သင်္ဘော သင်္ဘောအကူး ကုန်းပေါင်ပေါ်မှ ပန်ဇင်းချောင်းအတွင်းသို့ လူတစ်ဦး ပြုတ်ကျသွားခဲ့ကြောင်းနှင့် ပြုတ်ကျသူအား ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း သိရသည်။

"ဆိပ်ကမ်းကနေ သင်္ဘောပေါ်တက်တဲ့အချိန်မှာ ဖြစ်တာ၊ ည ၉ နာရီ ကျော်ကျော်လောက်ရှိမယ်၊ ကျွန်တော်ပဲ အပြင်ကို ထမင်းစားရအောင်ဆိုပြီး ခေါ်တာပါ။ ကျွန်တော်ကရှေ့က အသွား သင်္ဘောစက်ခေါင်းနားအရောက် ဝုန်းကနဲ့ မြည်တာနဲ့ ကျသွားပြီ ကျသွားပြီဆိုပြီး ကျွန်တော် အကူအညီအော်တောင်းတယ်။ အလုပ်သမားတွေလည်း ဆင်းပြီး ဆယ်တယ်။ တစ်ခါပဲပေါ်လာပြီး ပြန်ပေါ်မလာတော့ဘူး။ ပြုတ်ကျတဲ့အချိန်မှာ မေ့မြောနေတဲ့ ပုံစံမျိုး။ သင်္ဘောဘေးပေါင်ကို သူလှမ်းဆွဲကိုင်လိုက်သေးတယ်။ ဒါပေမယ့် မမီလိုက်ဘူး"ဟု ပြုတ်ကျသူနှင့် ယောက်ဖတော်စပ်သူ ကိုမြတ်စိုးက ပြောသည်။

သင်္ဘောပေါ်မှ ပြုတ်ကျသူသည် အဆိုပါသင်္ဘောပေါ်တွင် စာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၃၈ နှစ်အရွယ်ရှိ စစ်တွေမြို့ဇာတိ ကိုမောင်မောင်ချေဆိုသူ ဖြစ်သည်။ အဆိုပါ အောင်တံခွန်သင်္ဘောသည် စစ်တွေမြို့သို့မထွက်ခွာမီ ဘူးသီးတောင်မြို့ ပန်ဇင်းချောင်းဆိပ်ကမ်း၌ ကုန်ပစ္စည်းများတင်/ချ ပြုလုပ်နေစဉ် ၎င်းပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ဖြစ်လျှင်ဖြစ်ချင်း အနီးဝန်းကျင် ဆိပ်ကမ်းရဲစခန်းသို့ အကြောင်းကြားပြီး အဆိုပါရဲစခန်းအကူအညီဖြင့် ညပိုင်းတွင် မြို့မီးသတ် အကူအညီတောင်းကာ ရေယာဉ်များဖြင့် ရှာဖွေခဲ့ကြောင်းလည်း သိရသည်။

အမြန်ရေယာဉ် အကူအညီပေးခဲ့သော ဘူးသီးတောင်မြို့ မီးသတ်ဦးစီးဌာနမှ ဦးအောင်မင်းထိုက် (ဒုတိယမီးသတ်ဦးစီးမှူး)က "ကျွန်တော့်ကို ည ၁၁ နာရီဝန်းကျင်လောက်မှာ ဒီဆိပ်ကမ်းရဲစခန်းက အမြန်ရေယာဉ် အကူအညီတောင်းလို့ ထုတ်ပေးခဲ့တယ်။အဲဒီအမြန်ရေယာဉ်နဲ့ သူတို့ဆီက လူတွေရော၊ ကျွန်တော့်ဆီကလူတွေရော လိုက်ပြီး ရှာကြတာ တစ်နာရီကျော်လောက်တော့ ကြာမယ်။ အစအနလုံးဝမတွေ့ဘူး။ ဒီနေ့မနက်လည်း စက်လှေတွေ၊ အမြန်ရေယာဉ်တွေငှားပြီး ရှာကြသေးတယ်။ ကွန်တွေပစ်ပြီး ပိုက်စိပ်တိုက်ရှာကြတာပဲ။ သူပြုတ်ကျတဲ့အချိန်က ည ၉ နာရီဝန်းကျင် ရေတက်ချိန်၊ ရေစီးသန်ချိန်ဆိုတော့ ရှာရ တာမလွယ်ကူဘူး"ဟု ပြောသည်။

ပန်ဇင်းချောင်းသည် နှစ်စဉ် သင်္ဘောများပေါ်မှ လူများပြုတ်ကျပျောက်ဆုံးလျက်ရှိပြီး ခရီးသွားပြည်သူများအနေဖြင့် သင်္ဘောများပေါ်၊ အမြန်ရေယာဉ်များပေါ်တက်လျှင် ကုန်းပေါင်ပြားများပေါ်မှ ကူးလူးသွားရသဖြင့် အထူးဂရုပြုရန်လိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**သတင်း- မောင်စိန်လွင်၊**
**လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



ဘူးသီးတောင်မြို့ ပန်ဇင်းချောင်းဆိပ်ကမ်း၌ ကုန်တင်/ချ ပြုလုပ်နေသည့် အောင်တံခွန်-၆ သင်္ဘောကို တွေ့ရစဉ်

# မောင်တောဒေသအတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် မေလအထိ သေဆုံး/ပျောက်ဆုံးမှုစာရင်း

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ယနေ့ ၂၀၁၇ ခုနှစ် မေ ၈ ရက်ထိ အပြစ်မဲ့ အရပ်သား ပြည်သူ ၃၀ သေဆုံးခဲ့ပြီ ဖြစ်ပြီး ၂၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထားသည်-

(သတင်းစဉ်)

**မောင်တောဒေသအတွင်း သေဆုံး/ပျောက်ဆုံးစာရင်း**
**(၉-၁၀-၂၀၁၆ မှ ၈-၅-၂၀၁၇ ရက်နေ့အထိ)**

| လချုပ် | သေဆုံး | ဖမ်းဆီး/ပျောက်ဆုံး |
|---|---|---|
| ၂၀၁၆ အောက်တိုဘာလ | ၃ ဦး | - |
| ၂၀၁၆ နိုဝင်ဘာလ | ၁ ဦး | ၂ ဦး |
| ၂၀၁၆ ဒီဇင်ဘာလ | ၄ ဦး | ၂ ဦး |
| ၂၀၁၇ ဇန်နဝါရီလ | ၅ ဦး | ၅ ဦး |
| ၂၀၁၇ ဖေဖော်ဝါရီလ | ၃ ဦး | - |
| ၂၀၁၇ မတ်လ | ၅ ဦး | ၃ ဦး |
| ၂၀၁၇ ဧပြီလ | ၅ ဦး | ၉ ဦး |
| ၂၀၁၇ မေလ | ၄ ဦး | ၁ ဦး |
| စုစုပေါင်း | ၃၀ ဦး | ၂၂ ဦး |

**မောင်တောဒေသအတွင်း သေဆုံး/ပျောက်ဆုံးစာရင်းအား**
**လအလိုက်နှိုင်းယှဉ်ဖော်ပြချက်(၉-၁၀-၂၀၁၆ မှ ၈-၅-၂၀၁၇ ရက်နေ့အထိ)**




# ဘူးသီးတောင်မြို့နယ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားသည့်သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးရှင်းလင်းမှုများဆောင်ရွက်

**နေပြည်တော် မေ ၈**

ဘူးသီးတောင်မြို့နယ် သဲနီကျေးရွာအနောက်ဘက် တောစပ်အနီး၌ မေ ၄ ရက် ညနေ ၅နာရီ မိနစ် ၅၀ ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် ဆာကိုင်းကျေးရွာနေ နိုအာလောင် အပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး တင်းမေကျေးရွာနေ ရှောင်ရှူးအာလောင် အပါအဝင် သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ယင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၅ ရက်မှစတင်၍ စစ်ဆေး ရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ မေ ၇ ရက် မွန်းလွဲပိုင်းတွင် သဲနီကျေးရွာအနောက်ဘက် တောစပ်အတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာအား တွေ့ရှိရပြီး တောစပ်ပတ်ဝန်းကျင်မှ ပလတ်စတစ်ဖြင့် ထည့်ထားသည့် ယမ်း၊ ကန့်၊ မီးသွေးမှုန့် အသင့်ရောစပ်ထားသော ငါးပြည်ခန့်ရှိ အထုပ်တစ်ထုပ်၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုမည့် မီးသွေး၊ ယမ်းမှုန့်နှစ်ထုပ်၊ ကားပစ္စတင်ခွံ ၁၀ ခု၊ မိုးကာမြေယာခင်း ငါးချပ်၊ မီးလောင်ထားသည့် ရုပ်အင်္ကျီတစ်ထည်နှင့် မိုးကာစတစ်ချပ်၊ ခြင်ထောင် လေးလုံး၊ စောင်နှစ်ထည်တို့အား သိမ်းဆည်းရမိခဲ့ပြီး ယာယီတဲဆောက်လုပ်နေထိုင်ခဲ့သည်ဟု ယူဆရသော ရှင်းလင်းထားသည့်မြေနေရာ နှစ်နေရာကိုလည်းတွေ့ရှိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသော အထောက်အထားများအရ တောစပ်အတွင်း လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်းသုံးသပ်ရပြီး လူစုဆောင်း၍ အကြမ်းဖက်တိုက်ခိုက်နည်း သင်တန်းများပေးကာ ထပ်မံတိုက်ခိုက်မှုပြုလုပ်လာနိုင်သဖြင့် ကွင်းဆက်အား ဆက်လက်စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်

# မောင်တောမြို့နယ် ရွာသစ်ရွာနေ အမျိုးသားတစ်ဦးအား ဓားများကိုင်ဆောင်ထားသူ ငါးဦးက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၄) ရွာသစ်ရွာနေသူ တစ်ဦးအား မေ ၆ ရက် ညနေပိုင်းက ဓားကိုင်ဆောင်ထားသူ ငါးဦးက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၄) ရွာသစ်ရွာနေ ဆွေယော့ဟူဆောင်းသည် မေ ၆ ရက် ညနေ ၆ နာရီခန့်က ယောက္ခမဖြစ်သူ၏ နေအိမ်မှ ကြိမ်ချောင်းမြောက်ရွာသို့ သွားရောက်စဉ် ကြိမ်ချောင်းဈေးအရောက်တွင် ဓားကိုင်ဆောင်ထားသူ အမည်မသိ လူ ငါးဦးက ပဒကားရွာသစ် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်ဟောင်း ဇူဘိုင်းက ခေါ်ခိုင်းသည်ဟု ပြောဆိုကာ ပြူးမချောင်းဘေးအတိုင်း ဖမ်းဆီးခေါ်ဆောင်လာစဉ် ဆွေယော့ဟူဆောင်းမှာ ချောင်းအတွင်း ခုန်ချထွက်ပြေးလွတ်မြောက်ခဲ့ပြီး ကြိမ်ချောင်းနယ်မြေ ရဲစခန်းသို့ သတင်းပို့ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# မက်ခရွန် ပြင်သစ်သမ္မတအဖြစ် လာမည့်ရက်သတ္တပတ်တွင် ကျမ်းသစ္စာကျိန်ဆိုမည်

**ပါရီ မေ ၈**

မေ ၇ ရက် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် အီမန်နျူရယ် မက်ခရွန်သည် ဥရောပသမဂ္ဂမှ ပြင်သစ်နိုင်ငံအား ဆွဲထုတ်မည်ဟု ကြိမ်းဝါးထားသည့် ၎င်း၏ ပြိုင်ဘက် မာရင်းလီပန်းကို မဲအပြတ်အသတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ပြင်သစ်သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။

မက်ခရွန်သည် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၆၆ ရာခိုင်နှုန်းရရှိခဲ့ပြီး ထောက်ခံမဲ ၃၄ ရာခိုင်နှုန်းသာရရှိခဲ့သော ၎င်း၏ပြိုင်ဘက် မာရင်းလီပန်းကို သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြင်သစ်သမ္မတအဖြစ်ရွေးကောက်ပွဲအနိုင်ရရှိခဲ့သော မက်ခရွန်သည် အသက် ၃၉ နှစ်သာ ရှိသေးသည်ဖြစ်ရာ ပြင်သစ်နိုင်ငံ၏ အသက်အငယ်ဆုံး သမ္မတတစ်ဦးဖြစ်လာမည်ဖြစ်သည်။

မက်ခရွန်အား ထောက်ခံသူ မဲဆန္ဒရှင်ပြည်သူများသည် ၎င်း၏မိန့်ခွန်းကို နားထောင်ရန်အတွက် ပါရီမြို့ အလယ်ပိုင်းရှိ လေ့ဗ်ရ်ပြတိုက်ရှေ့တွင် စုဝေးနေခဲ့ပြီး ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။




သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော လီပန်းကလည်း မက်ခရွန်အား ဂုဏ်ပြုစကားပြောကြားခဲ့ကာ ကြုံတွေ့ရမည့်အခက်အခဲများ ရင်ဆိုင်ကျော်ဖြတ်နိုင်ရေး ဆုတောင်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မက်ခရွန်က ပြည်သူများအနေဖြင့် ပြောချင်သော စကားများနှင့် ဖြစ်ချင်သောဆန္ဒများကို သိရှိကြောင်း၊ ၎င်းအနေဖြင့် ဥရောပနှင့် ပြည်သူများကြား ပြန်လည်ချိတ်ဆက်မှုရှိအောင် အကောင်အထည်ဖော်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ် သမ္မတတစ်ပါးအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်သည်။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ၊ ရိုက်တာ)**

# အမေရိကန်ရေတပ်သင်္ဘောတစ်စင်း ဗီယက်နမ်သို့ရောက်ရှိ

**ဟန်နွိုင်း မေ ၈**

၂၀၁၇ ခုနှစ် အမေရိကန်ဦးဆောင် ပစိဖိတ်မိတ်ဖက် အစီအစဉ်တစ်ရပ်အနေဖြင့် အမေရိကန်ရေတပ် သယ်ယူပို့ဆောင်ရေးသင်္ဘောတစ်စင်း မေ ၈ ရက်က ဗီယက်နမ်အလယ်ပိုင်း ဒါနန်းမြို့သို့ ရောက်ရှိလာခဲ့သည်။

သယ်ယူပို့ဆောင်ရေးသင်္ဘော U.S.N.S. Fall River တွင် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများလိုက်ပါလာခဲ့ကြောင်း ဟန်နွိုင်းရှိ အမေရိကန်သံရုံးက မေ ၈ ရက်က ကြေညာခဲ့သည်။

အမေရိကန်ရေတပ် ပစိဖိတ်ဒေသရေတပ်အင်အားစုမှတပ်ဖွဲ့များသည် ဒေသတွင်းအစိုးရ၊ တပ်မတော်တို့နှင့်အတူ ပစိဖိတ်မိတ်ဖက် အစီအစဉ်တစ်ရပ်အနေဖြင့်နှစ်စဉ် တပ်ဖြန့်မှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံး

**တိုကျို မေ ၈**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် မေ ၈ ရက်က တိုက်ခန်းတွဲတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး အခြားသူများမှာ မီးခိုးမွန်းကျပ်သည့် ဝေဒနာကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရကြောင်း သိရသည်။

မီးလောင်မှုသည် ဖူကူအိုကာစီရင်စု၊ ကီတာကျူးရှူးမြို့ရှိ တိုက်ခန်း ၁၆ ခန်းပါ တိုက်ခန်းတွဲတစ်ခုတွင် ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ခန်း မီးလောင်မှုကြောင့် အနီးအနားရှိ နှစ်ထပ်အဆောက်အအုံ တစ်လုံးနှင့် အိမ်တစ်လုံး ထပ်မံမီးလောင်ခဲ့ကြောင်း မီးသတ်သမားများက ပြောသည်။

သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်နေကြောင်းနှင့် အိမ်ရာတွင် နေထိုင်သူ သုံးဦးမှာ မီးဘေးမှ လွတ်ကင်းကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# တူရကီက အကြမ်းဖက်သမားရန်မှကာကွယ်ရန် တံတိုင်းတစ်ခုထပ်မံတည်ဆောက်တော့မည်

**အန်ကာရာ မေ ၈**

ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ) သူပုန်များကို ကာကွယ်ရန်အတွက် တူရကီသည် အီရန်နယ်စပ်တစ်လျှောက် တံတိုင်းတစ်ခုတည်ဆောက်ရန် စီစဉ်နေကြောင်း ဟားရီးယက်ဒ် သတင်းဌာနက မေ ၈ ရက်က အဆင့်မြင့်အရာရှိတစ်ဦး၏ပြောစကားကို ကိုးကားကာ ဖော်ပြခဲ့ကြောင်း သိရသည်။

တူရကီသည် အရှေ့ဘက် အဂရီပြည်နယ်နှင့် အစ်ဒါပြည်နယ်အနီး နယ်စပ်တစ်လျှောက် ကီလိုမီတာ ၇၀ ရှိသော တံတိုင်းတစ်ခုတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များ၏ အဆိုအရ တူရကီနယ်စပ်အနီး အီရန်အချုပ်အခြာပိုင်နေရာများတွင် ကာ့ဒ်အကြမ်းဖက်သမားအင်အား ၈၀၀ မှ ၁၀၀၀ ကြား ရှိသည့် စခန်းအတော်များများ ဖြန့်ကြက်ချထားကြောင်း သိရသည်။

တရားမဝင်အကြမ်းဖက်သမားများ နိုင်ငံအတွင်း ဝင်ရောက်လာမည့်ရန်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လတ်တလောတွင် တူရကီသည် ဆီးရီးယားနယ်စပ်တစ်လျှောက် ကီလိုမီတာ ၉၀၀ ရှိသော တံတိုင်းတစ်ခု တည်ဆောက်နေရာ လွန်ခဲ့သည့်လက ကီလိုမီတာ ၅၅၆ အထိပြီးစီးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ကျွဲရိုင်းမသောက်ရေး ထိုင်းတွင် ဆန့်ကျင်ဆန္ဒပြ

**ဗန်ကောက် မေ ၈**

ထိုင်းပြည်သူများက ကျွဲရိုင်းအားဖြည့်အချိုရည်ကုမ္ပဏီ၏ အမွေဆက်ခံသူလည်းဖြစ် တရားခံပြေးလည်းဖြစ်သော ဗိုရာယုအား ဆန့်ကျင်သည့် အွန်လိုင်းလှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျွဲရိုင်းအချိုရည် ကုမ္ပဏီကို ထက်ဝက်ပိုင်ဆိုင်ထားသူ အသက် ၃၂နှစ်ရှိ မျိုးရိုးစဉ်ဆက် ချမ်းသာသူ ဗိုရာယုအား ကားကိုမဆင်မခြင်မောင်းနှင်မှု၊ လူသေစေမှုနှင့် သတ်မှတ်ရှိန်ထက်ကျော်လွန်မောင်းနှင်မှုစသည့်အမှုများဖြင့် ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့သော်လည်း ၎င်းအနေဖြင့် အဆိုပါဖမ်းဆီးမိန့်များကို ပြက်ရယ်ပြုကာ ဟန်မပျက် ပြည်တွင်းပြည်ပသို့ ခရီးသွားလာနေနိုင်ခြင်း၊ ဇိမ်ခံနေနိုင်ခြင်း စသည်တို့ကို ပြမြဲတိုင်းဆက်လက်ပြုနေသောကြောင့် ပြည်သူများက မခံမရပ်နိုင်ဖြစ်ကာ ကျွဲရိုင်းဝယ်ယူသောက်သုံးမှုမပြုရေး လှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

တရားရုံးမှ ဆင့်ခေါ်စာမရောက်မီ နှစ်ရက်အလို ဧပြီ ၂၅ ရက်တွင် ထိုင်းမှ စင်ကာပူသို့အသွား ၎င်းကို နောက်ဆုံးတွေ့ရခြင်းဖြစ်သည်။ လတ်တလောတွင် ၎င်းနေထိုင်ရာကို မသိရှိရသေးကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်း၏နိုင်ငံကူးလက်မှတ်ကို မေ ၅ ရက်က ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့သော ဖမ်းဝရမ်းများကို ငါးနှစ်ကြာအထိ တိမ်းရှောင်နေနိုင်ခြင်း၊ ၎င်းအား မဖမ်းဆီးနိုင်ခြင်းတို့မှာ ထိုင်းပြည်သူများအတွက် မေးစရာမေးခွန်းများဖြစ်နေပြီး နိုင်ငံ၏တရားစီရင်ရေးစနစ်သည် ငွေကြေးနှင့် ဩဇာလွှမ်းမိုးမှုအောက်ကျရောက်နေပြီလောဟု ဝေဖန်စရာများဖြစ်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အကြမ်းဖက်မှုများထိရောက်စွာနှိမ်နင်းနိုင်ရန် ဩစတြေးလျရဲတပ်ဖွဲ့ကို ထပ်မံအင်အားဖြည့်

**ကန်ဘာရာ မေ ၈**

အကြမ်းဖက်မှုနှင့် ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်သူများကို တိုးမြှင့်တိုက်ဖျက်ရန် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့က အစိုးရထံမှ ကန်ဒေါ်လာ သန်း ၂၄၀ လက်ခံရရှိခဲ့ကြောင်း တရားရေးဝန်ကြီး မိုက်ကယ်ကီးနန်းက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းရန်ပုံငွေအား အကြမ်းဖက်မှုနှင့် ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများကို တိုးမြှင့်တိုက်ဖျက်ရေး လုပ်ဆောင်သွားရန်အတွက် ထပ်မံခေါ်ယူမည့် ထောက်လှမ်းရေးကျွမ်းကျင်သူ ၁၀၀၊ မှုခင်းဆေးပညာကျွမ်းကျင်သူ ၁၀၀၊ တန်ပြန်ထောက်လှမ်းရေးနှင့် နည်းဗျူဟာပိုင်းဆိုင်ရာ တုံ့ပြန်မည့်အရာရှိ ၁၀၀ တို့ကို ခန့်အပ်ရာတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း တရားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ ရန်ပုံငွေတိုးမြှင့်လိုက်ခြင်းသည် ဆယ်စုနှစ် တစ်ခု အတွင်း အကြီးမားဆုံး တိုးမြှင့်မှုကြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အကြမ်းဖက်မှုနှင့် ဂိုဏ်းဖွဲ့ ပြစ်မှုကျူးလွန်သူများကို နှိမ်နင်းမှုလုပ်ဆောင်ရာ၌ ပိုမိုထိရောက်မြန်ဆန်စေရန်နှင့် မှုခင်းများ အနှေးနှင့်အမြန် ကျဆင်းစေရေးတို့ လုပ်ဆောင်သွားရန် ထိုသို့လူသစ်ခန့်အပ်ခြင်းများ လုပ်ဆောင်သွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် အကြမ်းဖက်မှုများနှင့် ပြစ်မှုဆိုင်ရာဂိုဏ်းများ၊ ဆိုက်ဘာပြစ်မှုများ၊ လိမ်လည်မှုနှင့် လာဘ်စားမှုများကို အဓိက ဦးတည်ချက်ထားကာ နှိမ်နင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ကို စွမ်းရည်ပြည့်ဝပြီး နည်းပညာအဆင့်မြင့်မားသော အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံရကျိုးနပ်မည်ဖြစ်သည့်အပြင် အမျိုးသားလုံခြုံရေးကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း မိုက်ကယ်ကီးနန်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



# ပခုက္ကူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီး

**ပခုက္ကူ မေ ၈**
ပခုက္ကူမြို့နယ်၌ မေ ၇ ရက် ညနေ ၅ နာရီခွဲခန့်ကစတင်၍ လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉စု၊ ရပ်ကွက်/ ကျေးရွာ ၆၉ ရွာ၌ သစ်ပင်ပိ၍ နွားနှစ်ကောင်သေဆုံးပြီး ကြက်ခြံနှစ်ခြံ ပြိုလဲခြင်း၊ လူနေအိမ် ၁၈၇ လုံး ပြိုလဲခြင်း၊ လူနေအိမ်အလုံး ၁၄၁၀ အမိုးလန်ခြင်း၊ စာသင်ကျောင်း ၁၇ ကျောင်း အမိုးလန်ခြင်း၊ စေတီသုံးဆူ ထီးတော်မြေခပြီး တစ်ဆူမှာ စိန်ဖူးတော်ယိုင်ခြင်း၊ ဘုန်းတော်ကြီးကျောင်း လေးကျောင်း အမိုးလန်ခြင်း၊ တန်ဆောင်း/ဇရပ် ၁၅ ဆောင် အမိုးလန်ခြင်း၊ အခြား အဆောက်အအုံ ၁၈လုံး အမိုးလန်ခြင်း၊ မျက်နှာကြက်ပြုတ်ကျခြင်း၊ သစ်ပင်များ ပြိုလဲခြင်း၊ ကျိုးကျခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း မွန်းတည့် ၁၂ နာရီအထိ သတင်းများအရ သိရသည်။

အဆိုပါ ဖြစ်ပွားရာ ရပ်ကွက်/ ကျေးရွာများသို့ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် ဝန်ထမ်းများ၊ နယ်မြေခံ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သစ်ပင်များ ရှင်းလင်းလျက်ရှိပြီး လူများထိခိုက်မှု မရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# မာလာကျေးရွာ၌ လေပြင်းတိုက်ခတ်၍ နေအိမ်များ အမိုးလန်ပြိုကျ

**တောင်သာ မေ ၈**
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ မေ ၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မာလာကျေးရွာ၌ နေအိမ်များပြိုကျခြင်းနှင့် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဦးထွေးလှ (၄ × ၃)ပင် ထန်းရွက်မိုး၊ ထရံကာနေအိမ်ပြိုကျ၊ ဦးထွန်းအေး(၃×၃)ပင် ထန်းရွက်မိုး၊ ထရံကာနေအိမ် ပြိုကျ၊ ဦးလေးမောင်(၄×၃)ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ် ပြိုကျ၊ ဦးသောင်းထွန်း(၄×၃) ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်ပြိုကျ၊ ဦးကံထွန်း(၃×၃)ပင်ထန်းရွက်မိုး၊ထရံကာ နေအိမ်ပြိုကျ၊ ဦးကံထွန်း (၃×၃) ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်ပြိုကျ၊ ဒေါ်အေးမြိုင်(၃×၃)ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်ပြိုကျ၊ ဦးမြင့်ဝေ(၄×၃) ပင်ထန်းရွက်မိုး၊ ထရံကာ နေအိမ်အမိုးလန်၊ ဦးပြား (၄×၃) ပင်သွပ်မိုး၊ ထရံကာနေ အိမ်သွပ်နှစ်ချပ်လန်၊ ဒေါ်သန်းဆွေ (၄×၃)ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်အမိုးလန်၊ ဦးမောင်မြင့်(၄×၃)ပင်သွပ်မိုး၊ ထရံကာနေအိမ်သွပ်နှစ်ချပ်လန်၊ ဦးအောင်နိုင်ဝင်း(၄×၃) ပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်အမိုးလန်၊ ဒေါ်ပြား (၄×၃) ပင်ထန်းရွက်မိုး၊ ထရံကာ နေအိမ်အမိုးလန်၊ကျေးရွာပိုင် သွပ်မိုးအုတ်ရေကန် သွပ်လေးချပ်လန်ကျခဲ့သည်။

မာလာကျေးရွာတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၅၄၃၈၀၀၀၊ လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရ သည်။
**ကျော်မျိုးနိုင်(တောင်သာ)**

# နမ္မတူမြို့နယ် မိုင်းရင်ကျေးရွာ၌ မိုင်းတစ်လုံးပေါက်ကွဲ၊ သံဃာ ၁၀ ပါး ဒဏ်ရာရရှိ

**လားရှိုး မေ ၈**
လားရှိုးပြည်သူ့ဆေးရုံသို့ မေ ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က နမ္မတူမြို့နယ် မိုင်းရင်ကျေးရွာအုပ်စု မိုင်းရင်ကျေးရွာ ဇေယျသုခ ဘုန်းတော်ကြီးကျောင်းမှ သံဃာများ မိုင်းထိမှန်ဒဏ်ရာဖြင့် ရောက်ရှိနေကြောင်းသိရသည်။

လားရှိုးမြို့မ နယ်ထိန်းအဖွဲ့မှ သွားရောက်စုံစမ်းရာ စုစုပေါင်း ၁၀ ပါး မိုင်းထိမှန်ခဲ့ပြီး ရှစ်ပါးမစိုးရိမ်ရ ဒဏ်ရာဖြင့်လည်းကောင်း၊ နှစ်ပါး စိုးရိမ်ရဒဏ်ရာဖြင့်လည်းကောင်း လားရှိုး ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူ လျက်ရှိကြောင်း သိရသည်။



ဖြစ်စဉ်အား စုံစမ်းခဲ့ရာ မေ ၈ ရက် နံနက် ၁၀ နာရီက နမ္မတူမြို့နယ် မိုင်းရင် အုပ်စု မိုင်းရင်ကျေးရွာအတွင်းရှိ လက်ရှိ အသုံးပြုမှုမရှိသော တပ်မတော်စခန်း ဟောင်းအနီးရှိ မြို့မသာသနာဘုန်းကြီး ကျောင်းဝင်း၌ ၎င်းကျောင်းနေ သံဃာ ၁၀ ပါးက မြေမြှုပ်မိုင်းသုံးလုံး တွေ့ရှိ၍ မိုင်းနှစ်လုံးအား ကျောင်းအတွင်းသို့ ယူဆောင် ဆော့ကစားရာ မိုင်းတစ် လုံးမှာ ပေါက်ကွဲပြီး သံဃာ ၁၀ ပါး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။
**ဟန်ဌေး(လားရှိုး)**

# နိုင်ငံခြားသားတစ်ဦး ဒဏ်ရာဖြင့်သေဆုံး

**ပေါက် မေ ၈**
ပေါက်မြို့နယ် ကပစ(၂၄)နယ်မြေအတွင်း တရုတ်နိုင်ငံသားတစ်ဦးအား လည်ပင်း ဒဏ်ရာဖြင့် သေဆုံးလျက် မေ ၇ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း ပေါက်မြို့မ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက် နံနက် ၉ နာရီခွဲက ယင်းနယ်မြေအတွင်း လူတစ်ဦး သေဆုံးကြောင်းသတင်းအရ ပေါက်မြို့မရဲစခန်းမှူး ဒုရဲမှူး စောကြိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ Sin Lum ကုမ္ပဏီမှ စက်ရုံလုပ်ငန်း ဆောင်ရွက်နေသော တရုတ်ပညာရှင်များအား ချက်ပြုတ်ကျွေးမွေးရန်အတွက် ဇန်နဝါရီ ၁ ရက်တွင် ပေါက်မြို့နယ် မျှားပိုင်ကျေးရွာရှိ စက်ရုံလုပ်ငန်းသို့ ရောက်ရှိနေသော တရုတ်နိုင်ငံသား Mr.Guo Jia You (၅၅နှစ်) ကူမင်းမြို့ ယူနန်ပြည်နယ်နေသူအား ၎င်း၏အိပ်ခန်း၌ လည်ပင်းညာဘက်ဘေးတွင် ဒဏ်ရာဖြင့်သေဆုံးနေသည်ကို မေ ၇ ရက် နံနက် ၇ နာရီက တရုတ်နိုင်ငံသား Mr.Ma Guo Jun (၄၇နှစ်)က တွေ့ရှိသဖြင့် သက်သေ ဦးကောင်စံ(စကားပြန်) (၃၁နှစ်) တောင်ကြီးမြို့နေသူနှင့် ဦးကျိန်ဝမ်း(စကားပြန်) (၂၇နှစ်)မြစ်ကြီးနား မြို့နေသူတို့အား ခေါ်ယူပြသခဲ့ရာ သေဆုံးသူ၏အိပ်ရာဘေးတွင် တရုတ် ဘာသာစကားဖြင့် ရေးသားထားသော ၎င်း၏ သေတမ်းစာအား တွေ့ရှိရသဖြင့် ဦးကောင်စံ (စကားပြန်)၏ ပြန်ကြားချက်အရ "Mr.Li ကျေးဇူးပြုပြီး ငါ့ပစ္စည်းတွေကို အိမ်ပြန်ပို့ပေးပါ။ ငါဗိုက်အောင့်ဝေဒနာမခံစားနိုင်လို့ အခြား ကမ္ဘာကိုသွားတော့မယ်"ဟု ရေးသားထားသည်ကို သိရှိခဲ့ခြင်းဖြစ်သည်။

ယင်းအမျိုးသား သေဆုံးမှုနှင့်ပတ်သက်၍ ပေါက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။
**ကျော်ဇေယျ**

# ပေါင်မြို့နယ် လက်ပံတောကျေးရွာ၌ဖြစ်ပွားသော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူကို တစ်နာရီအတွင်းဖမ်းဆီးရမိ

**မော်လမြိုင် မေ ၈**
မွန်ပြည်နယ် ပေါင်မြို့နယ် လက်ပံတောကျေးရွာ၌ မေ ၇ ရက် ညနေ ၃ နာရီက အစ်ကိုဖြစ်သူ ဦးချစ်စန်းသည် ကျန်းမာရေး မကောင်းသဖြင့် နေအိမ်၌လဲလျောင်းနေစဉ် ညီဖြစ်သူ သန့်ဇင်ထွန်းက ကိုင်းခုတ်ဓားမဖြင့် ခုတ်သတ်သဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ မုတ္တမနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်မင်းကြည်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးချစ်စန်းတွင် ဓားခုတ်ဒဏ်ရာများရရှိ၍ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် သေဆုံးသူ၏ အလောင်းကို ရဲဆေးစာဖြင့် မုတ္တမတိုက်နယ်ဆေးရုံသို့ပေးပို့ပြီး သန့်ဇင်ထွန်းကို လိုက်လံဖမ်းဆီးရာ နေအိမ်ခေါင်မိုး၌ ပုန်းအောင်းနေသဖြင့် ရဲတပ်ဖွဲ့ဝင်များက တစ်နာရီအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။
**တင်ထွန်း(မော်လမြိုင်)**

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၉**
ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေ သည်။မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ပေါက်မြို့နယ်၌ မိုးသက်လေပြင်းနှင့်အတူ မိုးရွာသွန်းပြီး နေအိမ်အမိုးလန်၊ သစ်ကိုင်းကျိုးကျ

**ပေါက် မေ ၈**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ မေ ၇ ရက် ညနေ ၅ နာရီခွဲခန့်က မိုးသက်လေပြင်းနှင့်အတူ မိုးသီးများကြွေကျကာ မိုးရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ပလောင်းကျေးရွာ၊ ကမ်းပျို့ကျေးရွာ၊ ဆူးလေကုန်းကျေးရွာ၊ ပေါက်ချောင်း (အ)စု ကျေးရွာများမှ နေအိမ် ၁၀ လုံး၏ ကိုးပေ သွပ် ၃၆ ချပ်၊ ၁၀ ပေသွပ် ၆၆ ချပ်၊ ၁၁ ပေသွပ် ၂၂ ချပ်၊ ၁၂ ပေသွပ် ၂၆ ချပ်နှင့် သက်ငယ်မိုးနေအိမ် တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီး ဆုံးရှုံးမှုမရှိကြောင်း သိရ သည်။

အလားတူ ညနေ ၇ နာရီ ၅၅ မိနစ်က သမားတော်ကျေးရွာအုပ်စု၊ ကုက္ကိုစုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဝိုင်းအတွင်း၌ တည်ထားကိုးကွယ်တော်မူသောနှစ်ပေါင်း ၉၀ ခန့်အကြာ ဉာဏ်တော်အမြင့် ၄၅ ပေရှိ စေတီတော်၏ စိန်ဖူးတော် ထီးတော်များ မြေခပျက် စီးခဲ့သည်။

မြို့ပေါ် လမ်းမပေါ်နှင့် လျှပ်စစ် ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်းများ ကျိုးကျကာ လျှပ်စစ်ဓာတ်အား ခေတ္တ ပြတ်တောက်မှုဖြစ်ပြီး ပေါက်ချောင်း ရေကျ၍ ခရီးသွားမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ခေတ္တစောင့်ဆိုင်းခဲ့ရသည်။

ထိုသို့ ကျိုးကျပျက်စီးမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက အချိန်နှင့် တစ်ပြေးညီ ရှင်းလင်းဖယ်ရှားပေးခဲ့ရာ ခရီးသွားမော်တော်ယာဉ်များ ပုံမှန်သွား လာနိုင်ပြီး လျှပ်စစ်မီးပြန်လည်ရရှိခဲ့ ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**



# ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများ ကျင်းပ

ဖျာပုံ မေ ၈

**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) နှင့် MAPCO တို့က ကြီးမှူးလျက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများကို ကျင်းပလျက်ရှိရာ ဖျာပုံခရိုင် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကို မေ ၈ ရက်တွင် ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ် ခန်းမ၌ ကျင်းပသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်၊ ဆားလုပ်ငန်းရှင်၊ ဆန်စက်လုပ်ငန်းရှင်များ၊ လယ်ယာမြေဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြသည်။**

နှီးနှောဖလှယ်ပွဲတွင် လယ်ယာလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့် အမှန်တကယ်လိုအပ်နေသည့် အခြေအနေများကို ဒေသတွင်း တကယ်လက်တွေ့လုပ်ဆောင်နေကြသည့် တောင်သူလယ်သမားများက ပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့သည်။

တောင်သူများ၏ အမှန်တကယ်ကြုံတွေ့နေရသည် အချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဗဟိုအမှုဆောင် ဦးသောင်းဝင်းက "အဓိက တောင်သူလယ်သမားတွေနဲ့ နိုင်ငံတော်အစိုးရအဖွဲ့ကြားမှာ တွေ့ဆုံမှုတွေ ဆောင်ရွက်ပေးချင်တယ်၊ ဒါမှသာလျှင် တကယ့် တောင်သူလယ်သမားစစ်စစ်တွေရဲ့ အသံကို နိုင်ငံတော်ကကြားမယ်၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့သာဆိုင်တဲ့ အသံမျိုးမဟုတ်ဘဲ တောင်လယ်သမားအများစုနဲ့ တကယ်ဆိုင်တဲ့ ဘုံလိုအပ်ချက် အခက်အခဲတွေကို ကြားခွင့်ရမယ်၊ အဲ့ဒီလိုကြားရတဲ့အခါ နိုင်ငံတော်အစိုးရဘက်က လုပ်ပေးလို့ရတဲ့ အရာတွေ ရှိကောင်းရှိလာနိုင်တယ်၊ ကုမ္ပဏီတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးရမယ့် အချက်တွေလည်း ရှိနေနိုင်တယ်။ တချို့ကိစ္စတွေက စိုက်ပျိုးရေး၊ ဆည်မြောင်း၊ မြေစာရင်း စတဲ့ဌာနတွေနဲ့ဆိုင်တဲ့ အချက်တွေလည်းရှိမယ်၊ အဲဒါတွေကို ဒီလို နှီးနှောဖလှယ်ပွဲတွေက ထဲထဲဝင်ဝင် သိပြီးတဲ့အခါ အရေးကြီးရင်ကြီးသလို ဦးစားပေးပြီး ဆောင်ရွက်နိုင်အောင်ဆိုတဲ့ အချက်ပါပါတယ်၊ ဆန်လုပ်ငန်းအတွက် အဓိကကုန်ကြမ်းက စပါးဖြစ်တယ်၊ စပါးကောင်းမှ ဆန်ထွက်ကောင်းမယ်၊ ကုန်ကြမ်းကောင်းဖို့လိုတယ်၊ ဒါမှ ဆန်စပါးလုပ်ငန်းအောင်မြင်မယ်၊ အဲ့ဒီ အခြေခံကျတဲ့ စပါးကောင်းအောင် ကျွန်တော်တို့ အားထုတ်လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

"ဒီနှီးနှောဖလှယ်ပွဲကရတဲ့ အသံတွေကိုလာမယ့် ၁၅ ရက် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့မှာကျင်းပမယ့် တိုင်းဒေသကြီး တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲမှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ နိုင်ငံတော်အကြီးအကဲတွေ တက်ရောက်ဖို့လည်းရှိနေပါတယ်။ နိုင်ငံတော်အစိုးရက ညှိနှိုင်းပေါင်းစပ်မှုတွေ လုပ်ပေးလို့ ရပါလိမ့်မယ်၊ ငွေကြေးပိုင်းလိုအပ်ချက်တွေ ဆိုရင်လည်း ဘဏ်တွေနဲ့ ဘယ်လိုချိတ်ဆက်လို့ရလဲ၊ ဝန်ကြီးဌာနတွေနဲ့ ဘယ်လို ချိတ်ဆက်လို့ရလဲ အဖြေတစ်ခုထွက်လာဖို့ မျှော်လင့်ပါတယ်။ နောက်တစ်ချက်က တောင်သူတွေ လယ်ယာသုံးစက်ကိရိယာတွေ သုံးစွဲဖို့ လိုအပ်နေတာတွေ့ရတယ်၊ အဲ့ဒီနေရာမှာလည်း စက်မှုလယ်ယာဝန်ဆောင်မှု ပေးနိုင်မယ့် အကူအညီတွေ လိုနေတာတွေ့ရတယ်၊ နောက်တစ်ချက်က မျိုးကောင်း မျိုးသန့်တွေကို မြို့တိုင်းမှာ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ဖို့လည်း အရေးတကြီး လိုအပ်နေတာတွေ တွေ့ခဲ့ရတယ်" ဟု ပြောသည်။

ဖျာပုံမြို့နယ် တောင်သူလယ်သမားကိုယ်စားလှယ် တောင်သူဦးကျင်သိန်းက "ကျွန်တော်တို့တောင်သူလယ်သမားတွေ အခုလောလောဆယ်မှာ မြေယာပြုပြင်ရေးအပိုင်း ဆောင်ရွက်နေရပါတယ်။ မကြာခင်မိုးကျလာရင် စပါးစိုက်ပျိုးရပါတော့မယ်၊ ပြီးရင် စိုက်ပျိုးထွက်ရှိလာတဲ့ စပါးတွေ ရောင်းချခြင်းအပိုင်းရောက်လာပါတော့မယ်၊ မြေယာပြုပြင်ခြင်းအပိုင်းမှာ ကျွန်တော်တို့ ကိုးအိမ်တန်းအုပ်စုဘက်မှာ ကျွန်းပတ်တာ ရှိပါတယ်။ အဲ့ဒီအပိုင်းအတွင်းရှိတဲ့ တောင်သူတွေ အခက်အခဲရှိနေပါတယ်။ ရာသီဥတုက မမှန် မိုးကလည်း အချိန်အခါမဟုတ်ရွာတဲ့အခါကျတော့ မိုးကြီးလာရင် ကန်ထဲမှာ ရေထည့်ထားသလို ပြည့်နေတယ်။ ရေသွင်းရေထုတ် မြောင်းတွေက ကြာလာတော့ တိမ်ကော နေပါတယ်၊ ရေသွင်းရေထုတ် မကောင်းပါဘူး။ ရေဆိုးရေပုပ်တွေ ကျန်တဲ့အတွက် စိုက်ပျိုးရေးအောင်မြင်ဖို့ အခက်တွေ့နေပါတယ်။ ဒါကို သက်ဆိုင်ရာ ဆည်မြောင်းဌာနနဲ့ တာဝန်ရှိသူတွေ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့ တူးဖော်မှုတွေ၊ ခေတ်မီစက်ကိရိယာတွေနဲ့ ပြုလုပ်ပေးစေချင်ပါတယ်။ လယ်သမားတွေဘက်ကလည်းနိုင်သမျှကူညီဖို့ အသင့်ရှိနေပါတယ်။

"စပါးစိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ အဓိကမျိုးကောင်းမျိုးသန့်စပါး၊ အရည်အသွေးရှိတဲ့စပါးကို စိုက်နိုင်မှ ဈေးကွက်ဝင်မယ်၊ အဲ့ဒီလိုမျိုးစပါး သိပ်ဈေးကြီးနေတယ်၊ အဲ့ဒီတော့ ရာသီဥတု ရေမြေသဘာဝနဲ့ ကိုက်ညီမယ့် မျိုးကောင်းမျိုးသန့်တွေကို တောင်သူလယ်သမားတိုင်း ဝယ်ယူစိုက်ပျိုးနိုင်မယ့် ဈေးနှုန်းနဲ့ ဖြန့်ချိပေးနိုင်မယ့် အခြေအနေမျိုး လိုပါတယ်"ဟု ပြောသည်။

တောင်သူ လယ်သမားများ ကိုယ်တိုင် မိမိတို့၏ အခက်အခဲလိုအပ်ချက်များကို ဆွေးနွေးနိုင်သည့် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများကို မေ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လည်းကောင်း၊ မေ ၅ ရက်တွင် မြောင်းမြမြို့၌ လည်းကောင်း၊ မေ ၆ ရက်တွင် မအူပင်မြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး မေ ၉ ရက်တွင် ဟင်္သာတမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



ခေတ်မီစက်ကိရိယာ အသုံးပြု၍ လယ်ယာလုပ်ငန်းလုပ်ဆောင်နေသည့် တောင်သူတစ်ဦးကိုတွေ့ရစဉ်

# သစ္စာအားမာန် အမျိုးသမီးအသင်း နိုင်ပွဲပြန်ရ

**သတင်း - ဖိုးသော်ဇင်**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

နှစ်ပွဲဆက် သရေကျထားသည့် သစ္စာအားမာန်အသင်းသည် ဇွဲကပင်အသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ ဇင်မာဝင်း၊ ဂျူလိုင်ကျော် စသည့် လက်ရွေးစင်ကစားသမားများပါဝင်လာသော သစ္စာအားမာန်အသင်းသည် သန်းသန်းထွေး ဦးဆောင်သည့် ဇွဲကပင်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၁၂ မိနစ်တွင် ဂျူလိုင်ကျော်၊ ၃၉ မိနစ်နှင့် ၅၆ မိနစ်တွင် ခင်မိုးဝေ၊ ၄၅ မိနစ်တွင် နော်အားလိုဝါးဖောတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၀ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ သစ္စာအားမာန်အသင်းက ရှစ်မှတ်၊ ဇွဲကပင်နှင့် ဂန္ဓမာအသင်းတို့က သုံးမှတ်စီ ၊ အား/ကာ သိပ္ပံအသင်းက တစ်မှတ်၊ YREO အသင်းက အမှတ် မရသေးပေ။ မြဝတီ၊ ဂန္ဓမာ၊ အား/ကာ သိပ္ပံနှင့် YREO အသင်းတို့မှာ သုံးပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ လေးပွဲစီ ကစားထားသည်။

ပွဲစဉ်(၅) ပထမနေ့ကို မေ ၉ ရက်(ယနေ့)ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်းအနိုင်ရ

**သတင်း- ရဲရင့်ရှိုင်း**

၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) ပထမနေ့ကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ စတင်ကျင်းပရာ မြန်မာအသင်း ပွဲဦးထွက် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲအဖြစ် အိမ်ရှင်လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် မြတ်နိုးခင်၊ ၁၀ မိနစ်တွင် ဇင်မာထွေးတို့က သွင်းယူခဲ့ပြီး လာအိုအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ အုပ်စု(က) အခြားပွဲတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲအနိုင်ရခဲ့သော်လည်း အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရဖွယ် ရှိနေသည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှားတို့နှင့် ကျရောက်နေပြီး အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့ ပါဝင်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် မေ ၁၀ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၁၂ စီး၊ သွင်းကုန် ၅၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက် က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် သုံးသန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂ ဒသမ ၄၁၅ သန်းခန့်၊ စုစုပေါင်း ၁၁မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ ဒသမ ၄၁၅ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၇ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသည့် Mitsubishi Fuso Truck အမျိုးအစားယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သကြားအိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တမလန်းသစ်တုံး ၀ ဒသမ ၂၃၉၈ တန်၊ အင်ကြင်းကျောက်ဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၃၉တုံး (400) kg၊ သကြား (1×50 kg) အိတ် ၂၁၀နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၅၃၉ သန်းခန့်အား တွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်ဟန်ရဲကင်းစခန်းပိုင်နယ်မြေတွင် မျက်နှာချင်းဆိုင် ယာဉ်နှစ်စီးတိုက်

**မိုးညှင်း မေ ၈**

မိုးညှင်းမြို့နယ် မော်ဟန်ရဲကင်းစခန်းပိုင်နယ်မြေတွင် မျက်နှာချင်းဆိုင် မောင်းနှင်လာသော ၆ ဘီးဆီသယ်ယာဉ်နှင့် ၂၂ ဘီးဆီသယ်ယာဉ် တိုက်မှုဖြစ်ပွားခဲ့ရာ (ပုံ) အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၈ ရက် နံနက် ၂ နာရီခွဲခန့်က မိုးညှင်းမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖိုးဇော် (၃၀နှစ်) မြစ်သားမြို့နယ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်ထက်အောင် (၂၂ နှစ်) ပြည်ကြီးတံခွန်မြို့နယ် နေသူတို့သည် 1N/ ---- Nissan ၂၂ ဘီးယာဉ်ကို ပြည်ထောင်စုလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် တံတားအမှတ် (၁၇၄/၄) အရောက်တွင် မျက်နှာချင်းဆိုင်မောင်းနှင်လာသော ယာဉ်မောင်းစုံစမ်းဆဲ ယာဉ်အမှတ် 8J/--- ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောဝင်ရောက်တိုက်မိရာ လူထိခိုက်ဒဏ်ရာမရရှိသော်လည်း ၂၂ ဘီးယာဉ်၏ ရှေ့ခေါင်းပိုင်းမှန်ကွဲ၊ ခေါင်းပိုင်းဘယ်ဘက်ခြမ်း ထိခိုက်ပျက်စီးပြီး ၆ ဘီးယာဉ်၏ ခေါင်းပိုင်းဘယ်ခြမ်းမှာလည်း ထိခိုက်ပွန်းပဲ့ပျက်စီးကာ ၎င်းယာဉ်မောင်းမှာ တိမ်းရှောင်ခဲ့ကြောင်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၆၇)



# ဖားကန့်မြို့ မြို့မရပ်ကွက် ကလပ်ကုန်းဈေးတန်း၌ မီးလောင်မှုဖြစ်ပွား

**ဖားကန့် မေ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ ကလပ်ကုန်းဈေးတန်း၌ မေ ၇ ရက် ည ၁၀ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ဖားကန့်မြို့ မြို့မရပ်ကွက် ကလပ်ကုန်းဈေးတန်းရှိ ဦးသန်းမိုး၏ ကုန်စုံဆိုင်နှစ်ထပ်အိမ်၊ ပျဉ်ခင်း ပျဉ်ကာ သွပ်မိုးနေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးအနားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ အိမ်ဝိုင်းကိုးဝိုင်း၊ အဆောက်အအုံ ၁၃ လုံး၊ မီးလောင်မှု ကင်းဝေးစေရန် ကြိုတင်ကာကွယ် ဖျက်ဆီးခြင်းကြောင့် အဆောက်အအုံအစိတ်အပိုင်း အနည်းငယ်ပျက်စီး၊ အိမ်ခြေနှစ်လုံး စုစုပေါင်း ၁၅ လုံး၊ အိမ်ထောင်စု ၃၈ စု၊ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၁၀၃ ဦး၊ ကလေး ၁၀ ဦး မီးဘေးသင့်ခဲ့သည်။



ဖားကန့်မြို့ မြို့မရပ်ကွက် ကလပ်ကုန်းဈေးတန်း၌ မီးလောင်ပြီးနောက် တွေ့ရစဉ်

သတင်းရလျှင်ရချင်း နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်မောင်မောင်ဇံနှင့် တပ်ဖွဲ့ဝင်များ၊ ရဲမှူးကြီးကျော်အေးနှင့် တပ်ဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်မှူး ဒုရဲမှူးထွန်းလွင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့်အဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် ၁၅ စီး၊ ဘက်ဟိုးနှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သည်။

မီးပေါ့ဆစွာသုံးစွဲခဲ့သည့် ဦးသန်းမိုး (၃၁နှစ်) ကလပ်ကုန်းဈေးတန်း မြို့မရပ်ကွက် ဖားကန့်မြို့နေသူအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

# အင်းစိန်မြို့နယ်၌ အမျိုးသမီးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဦးလမ်းမပေါ်တွင် မသူသူစိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့ပြီး ၎င်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

အလားတူ ယင်းနေ့က နယ်မြေခံတပ်ရင်းမှတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် လောက်ကိုင်-ကုန်းကြမ်း သွားကားလမ်း ၁၈ မိုင်လမ်းဆုံတွင် လီတာအဲမောင်းနှင်ပြီး ယှီလောက်ပေါင် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၁ ဒသမ ၇၅ ကီလိုကိုလည်းကောင်း၊ ထို့အတူ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု ၂၁ ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချင်းရွှေဟော်မြို့အဝင် ချင်းရွှေဟော်-လောက်ကိုင်သွား ကားလမ်းမပေါ်တွင် ကျူးလောက်ဝူး မောင်းနှင်ပြီး မချင်ရန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉၇၅ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အရှိန်မထိန်းနိုင်သောတက္ကစီ တစ်ဖက်ယာဉ်ကြောကိုကျော်လွန်၍ လမ်းဘေး ရော်ဘာခြံထဲဝင်ရောက်

**သုဝဏ္ဏဝတီ မေ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် အပြင်အနန်ကုန်းပိုင်း အထက (ကျိုက္ကော်)ကျောင်းအနီး လမ်းကွေ့၌ မေ ၈ ရက် နံနက် ၅ နာရီခန့်က တက္ကစီယာဉ်ငယ်တစ်စီး အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောရှိ လမ်းဘေးရော်ဘာခြံကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ သထုံမြို့မှ ဘီးလင်းမြို့သို့ ယာဉ်မောင်း ဇော်လင်းသူ (ရန်ကုန်မြို့) မောင်းနှင် လာသည့် ကယ်လီနာအမျိုးအစား အနက်ရောင်တက္ကစီယာဉ်အမှတ် YGN / 2D /------ ယာဉ်သည် အဆိုပါနေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောကို ကျော်လွန်ကာ လမ်းဘေးရော်ဘာခြံထဲ ဝင်ရောက်တိုက်မိရာ လိုက်ပါလာသူ ခြောက်ဦးအနက် လေးဦးဒဏ်ရာရရှိ (မစိုးရိမ်ရ)သွား၍ သုဝဏ္ဏဝတီမြို့ လူမှုကယ်ဆယ်ရေးယာဉ်များဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသပေးပြီး ဆက်လက်၍ သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာအနီး၌ ယင်းနေ့ နံနက် ၂ နာရီခန့်ကလည်း စက္ကူလိပ်များ တင်ဆောင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီးနောက် ၃ နာရီခန့်အကြာတွင် ၎င်းတက္ကစီယာဉ် ထပ်မံ၍ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး ယာဉ်ကို မဆင်မခြင်မောင်းနှင်သူများဖြစ်သော ဇော်လင်းသူ (ရန်ကုန်မြို့)နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ဇော်မင်းသန့် (မန္တလေးမြို့)တို့အား သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်၊ သုံးဦးသေဆုံး

**နေပြည်တော် မေ ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဖြူးမြို့နယ် မိုင်တိုင်အမှတ် (၁၁၈/၅ ) နှင့် (၁၁၈/၆) ကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ဇင်အောင် မောင်းနှင်လာသောယာဉ်မှာ မေ ၇ ရက် ည ၇ နာရီခွဲက နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ဇေရဲမောင် မောင်းနှင်လာသော ဖောကားနောက်ပိုင်းသို့ဝင်တိုက်ပြီး လမ်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် တိုယိုတာဝစ်ယာဉ်တွင် ယာဉ်မောင်းပါ အမျိုးသားသုံးဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ကိုးဦးအနက်မှ ယာဉ်မောင်း ကျော်ဇင်အောင်၊ ဦးငြေးအောင်၊ ဒေါ်စိုးစိုးမြင့်တို့သုံးဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားခဲ့ပြီး ကျန်ခြောက်ဦးမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ဒဏ်ရာရရှိသူ များနှင့် သေဆုံးသူရုပ်အလောင်းများအား ဖြူးအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**


## ဒေါ်အေးအေးသောင်းနှင့်အများသိစေရန်

ကျွန်ုပ်ဦးမြသန်း၊ အမှတ်-(၁၁၁၀)၊ ၃လမ်း၊ ပပဝတီကွက်သစ်၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်နေ မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၁၃၅၄၁၈ ကိုင်ဆောင်သူသည် ဒေါ်အေးအေးသောင်း အမှတ်-၁၃၀၇၊ မဟာစေတီလမ်း၊ အမှတ်(၅) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်နေ ၁၄/ပသန(နိုင်)၀၅၉၂၂၆ ကိုင်ဆောင်သူနှင့် လွန်ခဲ့သော (၈)နှစ်ကတည်းက တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ပိုင်ဆိုင်မှုများလည်း ခွဲဝေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေါ်အေးအေးသောင်း ၁၄/ပသန(နိုင်)၀၅၉၂၂၆ ကိုင်ဆောင်သူနှင့် ကျွန်တော်ဦးမြသန်းတို့သည် တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်ခြင်းမရှိပါ။

ဒေါ်အေးအေးသောင်းအနေနှင့် ကျွန်တော်ဦးမြသန်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ ဆက်လက်၍တစ်စုံတစ်ရာနှောင့်ယှက်ခြင်း ထပ်မံမပြုလုပ်ပါရန် ပြုလုပ်ပါက ဂုဏ်သိက္ခာညှိုးနွမ်းရန် လီဆယ်ကြံစည်မှုဖြင့် သက်ဆိုင်ရာမှဖြေရှင်းသွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးသောင်းနှင့်တကွအများသိစေရန် အသိပေးအပ်ပါသည်။

**ဦးမြသန်း ၁၄/ပသန(နိုင်)၁၃၅၄၁၈**
**အမှတ်-၁၁၁၀၊ ၃လမ်း-ပပဝတီရပ်ကွက်**
**အမှတ်(၅)နယ်မြေ-ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၁)၏ (၁၈)နှစ်မြောက် အာစရိယပူဇော်ပွဲ၊ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံစားပွဲ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၁) သူရတပ်ခွဲ ကျောင်းဆင်းအရာရှိများ၏ (၁၈)နှစ်မြောက် အာစရိယပူဇော်ပွဲ၊ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများသည် မိသားစုများနှင့်အတူ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) ၁၃-၅-၂၀၁၇ရက် (စနေနေ့) ၁၈း၀၀နာရီအချိန် အာစရိယပူဇော်ပွဲနှင့် နှစ်ပတ်လည်မိတ်ဆုံစားပွဲ၊ မန္တလေးယူနန်စားသောက်ဆိုင်၊ ရာဇဌာနီလမ်း၊ ပုဗ္ဗသီရိမြို့ နယ်၊ နှင်းဆီအဝိုင်းအနီး၊ နေပြည်တော်၊(ဗသက-၁၀၁ တီရှပ်ဖြင့်)

(၂) ၁၄-၅-၂၀၁၇ ရက်(တနင်္ဂနွေနေ့) ၁၀း၀၀နာရီအချိန် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၁)၏ ကျဆုံး/သေဆုံးအရာရှိများအတွက် ရည်စူး၍ ဆွမ်းကပ်လှူဒါန်းခြင်း၊ ဘူးကွဲဘုန်းကြီးကျောင်း၊ နေပြည်တော်၊ (စတစ်ကော်လံအဖြူ)

**ဆက်သွယ်ရန်-**
**-ကျော်သူနိုင် ဖုန်း-၀၉-၄၅၂၄၁၇၄၀၂**
**-နိုင်ဝင်း ဖုန်း-၀၉-၄၅၇၀၉၁၈၁၇**
**-အောင်မင်းသိန်း ဖုန်း-၀၉-၂၅၀၂၀၆၃၅၇**
**-သက်ခိုင်လတ် ဖုန်း-၀၉-၃၁၂၃၇၅၄၀**
**ကြိုဆိုနေရာချထားရေး (နေပြည်တော်စည်ပင်ဧည့်ရိပ်သာ)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မိုးကောင်းမြို့နယ်၊ ဆားမော်ကျေးရွာနေ ဦးညိုဝင်း၏သမီး မမိမိငယ်(ခ)မယဉ်ယဉ်မာ ၁၂/လမန(နိုင်)၀၃၇၅၀၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမိမိငယ်(ခ)မယဉ်ယဉ်မာ**

**အမည်ပြောင်း**

မင်းဘူး(စကု)မြို့နယ်၊ ရေပေါ်လေးကျေးရွာနေ ဦးကြည်လွင် ၈/မဘန(နိုင်)၀၅၃၈၀၈၏သမီး မစုမြတ်နိုးအား မကေဇင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မကေဇင်အောင်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ် ၁/၂၀၁၇-၂၀၁၈)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မုံရွာခရိုင် လက်အောက်ရှိ မြို့နယ်များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တိုင်းဒေသကြီး၊ လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်း (လမ်းခင်းကျောက်ရွယ်စုံ၊ သဲကြမ်း၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ သစ်ခွဲသား၊ အုတ်)များအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်၊ မြို့နယ်အလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မုံရွာခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၉-၅-၂၀၁၇ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၆-၂၀၁၇ ရက် ၁၅း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာခရိုင်၊ နန္ဒဝန်ရပ်ကွက်၊ စည်သူလမ်း၊ မုံရွာမြို့
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၆-၂၀၁၇ ရက် မွန်းလွဲ ၁း၀၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**မုံရွာခရိုင်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၁၀၁၆**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မင်းကြီးဆွေရပ်ကွက်၊ မဟာစည် ၃ လမ်းမှ (ဦးစိုးနိုင်)-ဒေါ်မေနန်းနွယ်၏သား မောင်ဆက်ဟိန်းသန့်အား မောင်သုတဉာဏ်သို့ ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

တာမွေမြို့နယ်၊ အထက (၂) (ကျောက်မြောင်း) နဝမတန်းမှ မစုးစုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၂/တကန(နိုင်)၁၁၆၈၂၈ ဖြစ်ပါသည်။ **ဦးဇော်မင်းဦး**

**အမည်ပြောင်း**

ဦးသွင်သွင်ဦး၏သမီး ရေကြည်မြို့နယ်၊ အထက အသုတ် ဆဋ္ဌမတန်းမှ မရှင်းသန့်မိုးသွင်အား မရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မရှင်းသန့်**

SUN FAR TRAVELS & TOURS CO., LTD.
နေ့စဉ် YGN - SIN - YGN လေယာဉ်လက်မှတ်(၁)စောင် ကံစမ်းမဲဖေါက်ပေးပါမည်။
SINGAPORE AIRLINES TRAVEL FAIR
ပြပွဲကြီးတွင် စင်္ကာပူ၊ ဘာလီ၊ ကိုရီးယား၊ ဂျပန်၊ ဥရောပ၊ အမေရိက မြို့ကြီးများနှင့်အခြားမြို့များစွာသို့ အလွန်သက်သာသောနှုန်းဖြင့် လေယာဉ်လက်မှတ် ဝယ်ယူနိုင်မှာမို့ Sun Far Counter သို့ကြွရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်
SINGAPORE from USD 170
Bali from USD 370
Seoul, Tokyo from USD 570
Munich from USD 870
Los Angeles, San Francisco from USD 970
၂၀၁၇၊ မေလ (၁၂၊ ၁၃၊ ၁၄) ရက် မြန်မာပလာဇာ Promotion Area ရှိ Sun Far Counter တွင် နံနက် (၉း၀၀)နာရီမှ စ၍ဝယ်ယူရရှိနိုင်ပါသည်။
SINGAPORE AIRLINES
အသေးစိတ်သိရှိလိုပါက ဆက်သွယ်မေးမြန်းနိုင်ပါသည်
38th Street: 01-243 993 Bahan Branch: 01-555 771, 555 924, 554 226
Ahlone Branch: 01-2301 999 Yuzana Branch: 01-296 890, 294 670, 206 188



# နယူးကာဆယ် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိ

အင်္ဂလန်နိုင်ငံ ချန်ပီယံရှစ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ် (၄၆)ကို မေ ၇ ရက်က အဆုံးသတ်ယှဉ်ပြိုင်ခဲ့ရာ နယူးကာဆယ်အသင်းသည် ချန်ပီယံဖြစ်ခဲ့ပြီး အဆင့်၂ တွင် ဘရိုက်တန်အသင်း ရပ်တည်ခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေးပြိုင်ပွဲကြီးသို့ ၎င်းတို့နှစ်သင်း တိုက်ရိုက်တက်လှမ်းခွင့် ရခဲ့သည်။

နောက်ဆုံးပွဲစဉ်တွင် နယူးကာဆယ်သည် အိမ်ကွင်းတွင် ဘာန်လေကို သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရမှတ် ၉၄ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ဘရိုက်တန်မှာ အဝေးကွင်းတွင် အက်စ်တွန်ဗီလာကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့၍ ရမှတ် ၉၃ မှတ်ဖြင့် အဆင့် ၂ ဌသာ ကျနေပ်ခဲ့ရသည်။ အဆင့် ၃ ရီးဒင်း၊ အဆင့်၄ ရှက်ဖီးဝမ်းနက်စ်ဒေး၊ အဆင့် ၅ ဟက်ဒါဖီးလ်နှင့် အဆင့် ၆ ဖူလ်ဟမ်တို့ လေးသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းတစ်သင်းသည် ပရီမီယာလိဂ်သို့ တက်လှမ်းရမည်ဖြစ်သည်။

ပရီမီယာလိဂ်တန်းဆင်းဇုန် သုံးသင်းမှ လက်ကျန် ပွဲစဉ်များတွင် မစ်ဒယ်ဘရော့နှင့် ဟားလ်စီးတီးမှာ ရှုန်းကန်ရဦးမည်ဖြစ်ပြီး ဆန်းဒါးလန်းမှာ တန်းဆင်းရန် သေချာသွားပြီဖြစ်သည်။

နယူးကာဆယ်နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် အောင်မြင်မှုများရယူပေးခဲ့သည့် အစဉ်အလာရှိသော နည်းပြတစ်ဦးဖြစ်ပြီး နယူးကာဆယ်သို့ ၂၀၁၆ မတ်လတွင် စတင်တာဝန်ယူခဲ့ပြီး ပထမဦးဆုံး ချန်ပီယံရှစ်ဖလားကို ရယူပေးကာ ပရီမီယာလိဂ်သို့ တန်းတက်နိုင်ခဲ့သည်။ ဘင်နီတက်ဇ်သည် အင်္ဂလန်ကလပ်ဖြစ်သော လီဗာပူးကို ၂၀၀၄ မှ ၂၀၁၀ အထိ ကိုင်တွယ်ခဲ့သည်။ လီဗာပူးနှင့်အတူ ၂၀၀၄-၂၀၀၅ တွင် ချန်ပီယံလိဂ်ဖလား၊ ၂၀၀၅ စူပါဖလား၊ ၂၀၀၅-၀၆ အက်ဖ်အေဖလား၊ ၂၀၀၆ ကွန်မြူနီဒီရှိုင်းတို့ ရယူပေး ခဲ့သည်။ ချယ်လ်ဆီးကို ၂၀၁၂ တွင်ယာယီနည်းပြ တာဝန်ယူခဲ့ပြီး ၂၀၁၂-၂၀၁၃ တွင် ယူရိုပါလိဂ်ဖလားကို ရယူပေးခဲ့သည်။ အီတလီ ကလပ်ဖြစ်သော အင်တာမီလန်တွင် ၂၀၁၀ က တာဝန်ယူခဲ့ပြီး စူပါကိုပါဖလားနှင့် ဖီဖာကမ္ဘာ့ကလပ်ဖလားကိုလည်း ရယူခဲ့သည်။ ၂၀၁၃ မှ ၂၀၁၅ အထိ နာပိုလီအသင်းနှင့်အတူ ကိုပါအီတာလီယာဖလား၊ စူပါကိုပါဖလားတို့ကို ရယူပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ တွင် စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းကြီးကို တာဝန်ယူခဲ့ပြီး အောင်မြင်မှု မရခဲ့၍ ၂၀၁၆ တွင် အင်္ဂလန်ကလပ် နယူးကာဆယ်သို့ ပြောင်းရွှေ့ခဲ့သည်။

**သီဟ**

# ဆန်းဒါးလန်း တန်းဆင်းသွားသော်လည်း နောက်ရာသီတွင် အသင်း၌ မိုယက်စ် ဆက်ရှိမည်



"ကျွန်တော်တို့ အောင်နိုင်မှုရဲ့ ချိုမြိန်တဲ့ အရသာကို မခံစားရတာ ကြာပါပြီ။ ဟားလ်စီးတီးကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရမှုက ကစားသမားတွေကိုယ်တိုင် ပိုမိုပျော်ရွှင်နေကြတယ်" ဟု ဟားလ်စီးတီးကို အနိုင်ရသည့် ပွဲအပြီးတွင် မိုယက်စ်က ပြောကြားခဲ့သည်။

"တန်းဆင်းသွားရတာနဲ့ ပတ်သက်လို့ကတော့ စိတ်ပျက်စရာပါပဲ။ ဒါပေမယ့် ဒီနေ့ရဲ့ စွမ်းဆောင်နိုင်မှုက ပြီးခဲ့တဲ့ အပတ်တွေက စွမ်းဆောင်မှုနဲ့ အတူတူပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"သူတို့က ဆန်းဒါးလန်းအသင်းဂျာစီကို ဝတ်ဆင်ရတဲ့ ပီတိကိုလည်း ပြသခဲ့ကြသလို သူတို့ရဲ့ကိုယ်ပိုင်အရည်အသွေးတွေကိုလည်း ပြသခဲ့ပါတယ်"ဟု ၎င်းက sajc.com တွင် ဖော်ပြထားသည်။

ဆန်းဒါးလန်းအသင်းသည် ချန်ပီယံရှစ်သို့ တန်းဆင်းသွားရသော်လည်း အသင်းမန်နေဂျာ ဒေးဗစ်မိုယက်စ်က နောက်ရာသီတွင် ဆန်းဒါးလန်းမန်နေဂျာအဖြစ်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆန်းဒါးလန်းအသင်းသည် ယခုနှစ်ရာသီတွင် ရလဒ်မကောင်းမှုများ ဆက်တိုက်ကြုံတွေ့နေရပြီး ဟားစီးတီးကို နိုင်သည့်ပွဲမတိုင်မီအထိ နိုင်ပွဲငါးပွဲသာ ရယူထား နိုင်သည်။

"ပရီမီယာလိဂ်ကို ပြန်လာနိုင်ဖို့အတွက် ဘာတွေလုပ်ဆောင်ဖို့ လိုအပ်နေတယ်ဆိုတာ ကျွန်တော်သိပါတယ်" ဟု ၎င်းက ပြောကြားသည်။

ယခုနှစ်ရာသီတွင် ဆန်းဒါးလန်းအသင်းအတွက် ၁၄ ဂိုး သွင်းယူပေးထားသော တိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် အသင်းက ထွက်ခွာသွားနိုင်ကြောင်းလည်း စကော့တလန်လူမျိုးနည်းပြ ဒေးဗစ်မိုယက်စ်က ပြောကြားသည်။

မိုယက်စ်သည် ပြီးခဲ့သည့် နွေရာသီက ဆန်းဒါးလန်းအသင်းသို့ လေးနှစ်စာချုပ်ဖြင့် ရောက်လာခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဒီဖိုးသည် ၎င်း၏ စာချုပ်တွင် ထွက်ခွာခွင့်ပါရှိသောကြောင့် နွေရာသီတွင် ထွက်ခွာသွားနိုင်ကြောင်း မိုယက်စ်က ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ဆန်းဒါးလန်းဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်သည် အသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။

ပြီးခဲ့သည့်အပတ်က မိုယက်စ်သည် ဆန်းဒါးလန်းအသင်းတွင် ၎င်း၏ အနာဂတ်အတွက် ထုတ်ဖော်ပြောကြားရန် အလွန်စောလွန်းနေသေးကြောင်း ပြောကြားခဲ့သော်လည်း အဲဗာတန်နှင့် မန်ချက်စတာယူနိုက်တက် နည်းပြဟောင်းက ယခုအပတ်တွင် ဥက္ကဋ္ဌ အယ်လ်လစ်ရှော့နှင့် အလုပ်အမှုဆောင်အရာရှိချုပ် မာတင်ဘိန်းတို့နှင့် တွေ့ဆုံခဲ့သည်။

"ကျွန်တော်တို့က ဘယ်လိုရှေ့ဆက်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး အစကတည်းက ဆွေးနွေးပြီးသားပါ။ ကျွန်တော်တို့ ရက်သတ္တတစ်ပတ် အနည်းငယ်အတွင်း နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံဖြစ်လိမ့်မယ်။ အယ်လ်လစ်နဲ့ ဘုတ်အဖွဲ့က ကျွန်တော့်ကိုအသင်းမှာ ဆက်လက်ရှိနေစေချင်ကြတယ်" ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

"ကျွန်တော်တို့အသင်း ကြိုးစားအားထုတ်မှု ကောင်းမွန်မှုရှိခဲ့ပေမယ့် ရလဒ်ပိုင်းမှာ ကောင်းမွန်မှု မရှိခဲ့ပါဘူး။ မစ်ဒယ်ဘရော့ကို တစ်ဂိုး - ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲမှာလည်း 'ကျွန်ုပ်တို့ မိုယက်စ်ကို ထွက်စေချင်တယ်' ပရိသတ်များရဲ့ ကြွေးကြော်သံများကို ရင်ဆိုင်ခဲ့ရတယ်" ဟု ဖော်ပြထားသည်။

**ဇော်ဇော်**


## (၄)ကြိမ်မြောက် ရခိုင်အမျိုးသားနေ့ဖိတ်ကြားလွှာ

ရခိုင်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး ရခိုင်လူမှုအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ အခမ်းအနားတွင် ရခိုင်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ခေါင်းစဉ်ဖြင့် ပညာရှင်များ ဟောပြောခြင်း၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲကျင်းပခြင်း၊ ရခိုင်ရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချခြင်း၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းအစီအစဉ်များ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရခိုင်သူ၊ ရခိုင်သားများအားလုံး အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အချိန် - နံနက် ၈း၀၀နာရီမှ ည ၉း၀၀နာရီအထိ
နေ့ရက် - ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်၊ (၁၁-၅-၂၀၁၇) ကြာသပတေးနေ့
နေရာ - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**လေးစားစွာဖြင့်**
**ဦးဇော်အေးမောင်**
**ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်ချုပ်ကြီး သူရသက်ဆွေ(ငြိမ်း)-ဒေါက်တာဝေမာမာထွန်း (ညွှန်ကြားရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)တို့၏သား
**မောင်ကျော်သက်ဆွေ**
**B.A(English)**
**ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
**နှင့်**
ရန်ကုန်မြို့နေ
ဦးကျော်ဆွေ-ဒေါ်ပိုပို(ထွန်းရတနာ-ဆန်စက်၊ ဆီစက်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး) တို့၏သမီး
**ဒေါက်တာ မြတ်သီရိခန့်**
**M.B.,B.S(Ygn)**

တို့၏ ၆-၅-၂၀၁၇ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအားလည်းကောင်း၊ ၇-၅-၂၀၁၇ ရက်တွင် Melia Yangon(Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာနာယကအဖြစ်ဆောင်ရွက်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတ(ငြိမ်း)သရေစည်သူ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သီရိပျံချီ ဦးဇေယျာအောင်နှင့် ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မဟာသရေစည်သူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီး မိသားစုဝင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်နိုင်ခြင်းမရှိသော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဆောင်မွန်များ အသီးသီးပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လက်ဝတ်ရတနာများ မေတ္တာဖြင့်ဆင်မြန်းပေးပါသော Forever Gems by ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မှ ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီး ဒေါက်တာသက်သက်ခိုင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ပန်းအိဖြူ၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေတင်ဆက်ပေးပါသော တယောဦးတင်ရီနှင့် ဝိုင်းတော်သားများအားလုံး၊ မင်္ဂလာပန်းကြဲပေးပါသော မသင်းသဇင်ဆွေနှင့် မရီမွန်မင်း၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မဝတ်ရည်ချို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာမြပွင့်နွယ်၊ မင်္ဂလာသတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော မောင်စိုပြေငြိမ်းချမ်းနှင့် မောင်အောင်သက်ဆွေ၊ မင်္ဂလာသတို့သမီးအရံဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာမြတ်ဖူးမွန်ကျော်နှင့်ဒေါက်တာမြင့်မိုရ်ခင်၊ မိတ်ကပ်ဆံပင်အလှဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော Two Hearts Wedding Dress and Photo Studio ဓာတ်ပုံနှင့် ဗီဒီယို အေးဇော်မိုး(စက်မှု)ဖြိုးမိုးသိခ်နှင့်အဖွဲ့၊ ပန်းအလှပြင် Kaudinya, Melia Yangon Hotel မိသားစုများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်သက်ဆွေ-ဒေါက်တာမြတ်သီရိခန့်**

## အမည်ပြောင်း

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ အောင်ချမ်းသာရွာမှ ဦးခင်မောင်တာ ၉/ပမန(နိုင်)၂၁၀၆၈၅ ၏ အမည်မှန်မှာ ဦးခင်မောင်မြင့်ဖြစ်ပါသည်။
**ဦးခင်မောင်မြင့်**

## အမည်ပြောင်း

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ အောင်ချမ်းသာရွာမှ ဒေါ်ဝိုင်းခင် ၉/ပမန(နိုင်)၂၁၀၆၆၅ ၏ အမည်မှန်မှာ ဒေါ်စန္ဒာအေးဖြစ်ပါသည်။
**ဒေါ်စန္ဒာအေး**

## အမည်ပြောင်း

ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ အောင်ချမ်းသာရွာမှ ဦးကျော်ကျော် ၉/ပမန(နိုင်)၁၃၆၂၁၆၏ အမည်မှန်မှာ ဦးကျော်မြင့်ဖြစ်ပါသည်။
**ဦးကျော်မြင့်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/ 4532 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (UDS)၊ ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | MRTV (တပ်ကုန်း)ရှိ ရေဒီယိုထုတ်လွှင့်သည့် စက်ပစ္စည်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်း | (UDS) | 1Lot |
| (ခ) | Medium Wave 130 Meter Tower Base Insulator ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်း(ရေကူး) | (USD) | 1Lot |
| (ဂ) | 50 Watt DVB-T2 Transmitter & Accessories (ဆဒုံး၊ မအီ၊ မိုင်းယန်း၊ တမူး) | (ကျပ်) | 4Lots |
| (ဃ) | 150 Watt FM Radio Transmitter & Accessories (ပင်လည်ဘူး) | (ကျပ်) | 1 Lot |
| (င) | Video Camera & Accessories (Sony, PMW 300) | (ကျပ်) | 17 Sets |
| (စ) | High Voltage Transformer (5 MVA, 33/11KV) | (ကျပ်) | 1No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၅-၂၀၁၇ရက်မှ ၈-၆-၂၀၁၇ရက်ထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင်လာရောက် ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၇၇၄၁၊ Suzuki Smash 110/ M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၂/ပခတ(နိုင်)၀၃၈၈၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၂၄၀၆၂၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးတိတ်စိန် ၇/ပတန(နိုင်)၀၂၉၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၆)ပါ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကြော်ငြာမှ ကြော်ငြာသူ နန်းအိမ့်သဥ္စာဇော်အစား စိုင်းဖူးဆိုင်လျှန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။
**စိုင်းဖူးဆိုင်လျှန်း**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း၊ ထန်းတပင်လမ်း၊ တိုက်အမှတ် S/၂၃-၂(ဘီ)၊ အလျား ၁၆ပေ× အနံ၅၅ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင့်တင့်ဝင်း ၁၂/သလန(နိုင်)၀၄၁၉၅၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းမောင်မောင် ၁၃/မယတ(နိုင်)၀၀၀၆၀၄က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်၍ ၎င်းတိုက်ခန်းနှင့်ပတ်သက် ဆက်နွှယ်နေသူအားလုံးကို ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး** **ဒေါ်ခိုင်ကျော့ကျော့လှိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၇၄)**
**တိုက် (၉/၁၁)၊ အခန်း ၁၀၃/စီ (ပထမထပ်)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၄၃၁၂၄၅၉၄**

# မြန်မာ့အိမ်တွင်းလက်မှုဆေးတံနှင့် တုတ်ကောက်လုပ်ငန်းလုပ်ကိုင်နေသူ ၁၀ ဦးခန့်သာရှိလာ

**ချောင်းဆုံ မေ ၈**

ဘိုးဘွားဆေးတံကအစ ဖခင်ကြီး ဦးညွန့်လက်ထက်နှစ်ပေါင်း ၁၀၀ ကျော်ခန့်က မြန်မာ့အိမ်တွင်းမှုလက်မှု ဆေးတံ၊ တုတ်ကောက် လုပ်ငန်းမှာ ရွာလုံးကျွတ်နီးပါး လုပ်ကိုင်နေရာမှ ယနေ့အချိန်တွင် ၁၀ ဦးခန့်သာ ရှိနေကြောင်း မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ငါးသုံးလုံးဆေးတံနှင့် တုတ်ကောက် ထုတ်လုပ်နေသူ ဦးမန်ငွေဝင်းက ပြောသည်။

"အဓိက ကုန်ကြမ်းတွေဖြစ်တဲ့ ကျွန်း၊ ပိတောက်၊ လယ်စသား၊ ပျဉ်းမသားတွေနဲ့ အဓိကထုတ်လုပ်ရပြီး အဆင့်မြင့် ပင်လယ်အုန်း ကျီးပေါင်းနဲ့ တောင်သရက်တွေက ရှားပါးလာတဲ့အပြင် ကျွမ်းကျင်အလုပ်သမားတွေလည်း ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်လာတဲ့အခါ လုပ်ငန်းခွင်မှာ ထုတ်လုပ်မှုက ကျဆင်းလာနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခင် နှစ်ပေါင်း ၅၀ ခန့်ဝန်းကျင်လောက်မှ မြန်မာနိုင်ငံအစိုးရကနေ တစ်ဆင့်ဆေးတံနှင့် တုတ်ကောက်အမျိုးမျိုးကို ဩစတြေးလျနိုင်ငံက အဓိကမှာယူခဲ့ရာ ရွာလုံးကျွတ်နီးပါးလုပ်ကိုင်ခဲ့သည်။

ယနေ့အချိန်တွင် ဆေးတံဘောပင်နှင့် အိမ်တွင်းအလှဆင်ပစ္စည်းများကို ပြည်တွင်းနှင့် ဥရောပနိုင်ငံသားများက စိတ်ဝင်တစားလာရောက် လေ့လာဝယ်ယူလျက်ရှိကြောင်း သိရသည်။

လတ်တလောတွင် ဂျပန်နိုင်ငံက နည်းပညာနှင့် ချေးငွေတွေအကူအညီပေးရန်ကမ်းလှမ်းမှုများအပြင် အရည်အသွေးပြည့်မီသည့် အိမ်တွင်းပစ္စည်းများကိုလည်း ဂျပန်နိုင်ငံတွင် ရောင်းချနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားသကဲ့သို့ ဒေသခံများကိုလည်း လက်ဆင့်ကမ်းအမွေဆက်လက် ထိန်းသိမ်းသွားနိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်လုပ်သူက ဆက်လက်ပြောပြသည်။

ထုတ်လုပ်မှုများထဲတွင် တန်ဖိုးအမြင့်ဆုံး ဘီလူးခေါင်းဆေးတံမှာ အမေရိကန်ဒေါ်လာ ၁၅၀ အထိဖြစ်ကာ အနိမ့်ဆုံးမှာ ၅ ဒေါ်လာအထိ ဖြစ်သည်။ တစ်နေ့ကို ကျွမ်းကျင်အလုပ် သမား ၁၀ ဦးခန့်နှင့် ပျမ်းမျှတုတ်ကောက်နှင့် ဆေးတံအမျိုးမျိုးအရေတွက် ၅၀ ဝန်းကျင်လောက်မှာ ဒီဇိုင်း ၄၀ ခန့် ထုတ်လုပ်နိုင်ပြီး ယခင်က သောင်းဂဏန်းသာ ရောင်းချခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း (ဘီလူးကျွန်း) တံတားသွားလာခွင့်ပြုပြီး နောက်ပိုင်းမှ ငွေကျပ်သုံးသိန်းမှ ငါးသိန်းအထိ ပိုမိုရောင်းအားကောင်းလာကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**




# ငါးထပ်ကျောင်းဆောင်ကြီးရေစက်ချအလှူပွဲ ကျင်းပမည်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင်ကျောင်းတိုက်တွင် စေတနာရှင်၊ အလှူရှင်များ စုပေါင်းအင်အားဖြင့် သာသနာ့မျိုးဆက်သစ်ရဟန်းအပါး ၃၀၀ ကျော် စာချ၊ စာသင်သီတင်းသုံးနိုင်မည့် ဓမ္မစာရီ(ငါးထပ်)ကျောင်းဆောင်တော်ကြီး ပေါ်ပေါက်လာပြီဖြစ်ရာ ရေစက်ချအလှူတော်ကို မေ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းငါးထပ်ကျောင်းဆောင်တော်ကြီးသည် အလျားပေ ၁၁၀၊ အနံပေ ၄၀ရှိပြီး ငါးထပ် RC အမျိုးအစားဖြစ်သည်။ မြေညီထပ်တွင် ခန်းမကြီးရှိပြီး ပထမထပ်မှ စတုတ္ထထပ်အထိ အခန်းပေါင်း ၆၄ ခန်းရှိသည်။ တစ်ခန်းလျှင် သံဃာငါးပါးဖြင့် သံဃာအပါး ၃၀၀ကျော် သီတင်းသုံးနိုင်ကြောင်း သိရသည်။ ယင်းကျောင်းဆောင်တော်ကြီးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတည်ကာ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းအင်အားဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်

**မော်လမြိုင်ကျွန်း မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးကျင်းပသော နာဂစ်တွင်ကွယ်လွန်သွားသော ပြည်သူများနှင့် ကြက်ခြေနီတပ်ဖွဲ့မှ ကွယ်လွန်သွားကြသော တပ်ဖွဲ့ဝင်အရာရှိများနှင့် တပ်ဖွဲ့ဝင်များအတွက် ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မေ ၆ ရက်က မော်လမြိုင်ကျွန်းမြို့သောင်တိုးမြေရှိ မြို့နယ်ကြက်ခြေနီတပ်ရင်းရုံးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသနှင့် မြို့နယ်သံဃနာယကဆရာတော်များအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးစံမြင့်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နာဂစ်တွင် ကွယ်လွန်သွားကြသော ပြည်သူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်အရာရှိနှင့် တပ်ဖွဲ့ဝင်များအတွက် ရည်စူး၍ရေစက်ချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# လျှပ်စစ်ဓာတ်အားသုံးမီးသဂြိုဟ်စက်တည်ဆောက်ရေးစည်းဝေး

**တောင်ငူ မေ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဗြဟ္မစိုရ်မေတ္တာနှင့် စေတနာလူမှုရေးကူညီမှုအသင်းကြီးမှ တောင်ငူမြို့တွင် ခေတ်မီလျှပ်စစ်ဓာတ်အားသုံးမီးသဂြိုဟ်စက်တည်ဆောက်ရေး အစည်းအဝေးကို မေ ၅ ရက်က ဗြဟ္မစိုရ်မေတ္တာနှင့်စေတနာ သွေးလှူရှင်ရုံးအသင်းခန်းမ၌ ကျင်းပရာ အသင်းနာယက ဦးကျော်လှ(သမာဓိ)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)နှင့် အတွင်းရေးမှူး ဦးသိန်းလွင် (လမင်းဆန်ပွဲရုံ)တို့က အသင်း၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားကြကာ ဘဏ္ဍာရေးမှူးဦးရဲမြင့် (ပွဲရုံလုပ်ငန်း)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။

တောင်ငူမြို့တွင် လက်ရှိအသုံးပြုလျက်ရှိသော ဒီဇယ်ဆီသုံး မီးသဂြိုဟ်စက်တည်ဆောက်ရန်အတွက် အကြံပြုဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဗြဟ္မစိုရ်မေတ္တာနှင့် စေတနာလူမှုရေးကူညီမှုအသင်းပိုင်ယာဉ်များ ထားရှိရန်မြေနေရာရရှိရေးနှင့် တောင်ငူမြို့အနောက် သုသာန်လျှပ်စစ်မီးရရှိရေးတို့ကို ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရသည်။

**(ဝ၄၈)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ သီပေါမြို့နယ်၌ ဖွဲ့စည်းဆောင်ရွက်

**သီပေါ မေ ၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေ ဦးဆောင်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနတို့နှင့် ကျင်းပခဲ့သည့် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ ညှိနှိုင်းဆုံးဖြတ်ချက်အရ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအောက်၌ ခရိုင်/မြို့နယ်အဆင့်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးအဆင့်အလိုက် ခရိုင်/မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းရန်အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီက အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထိုသို့ အကြောင်းကြားလာမှုဖြင့် မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သစ်တောဦးစီးဌာနမှူး ဦးနေမျိုးအောင်နှင့် အဖွဲ့ဝင် ၁၂ ဦးတို့ ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းကာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်း တာဝန် (၁၄) ချက်ကို အဆိုပါ မြို့နယ်ကြီးကြပ်မှုကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဖယောင်းတိုင်ထုတ်လုပ်သူများအနေဖြင့် ဘာသာရေးပွဲတော်များကိုသာ အားကိုး၍ရောင်းချနေရ

**မုံရွာ မေ ၈**

မြန်မာနိုင်ငံနေရာ အတော်များများတွင် လျှပ်စစ်မီးများရရှိနေပြီဖြစ်ရာ ဖယောင်းတိုင်ထုတ်လုပ်ကာ ဈေးကွက်ပို့နေသူများအနေဖြင့် အလင်းထက် ဘာသာရေးပွဲများ၊ ရိုးရာပွဲများကိုအားထား၍ ထုတ်လုပ်ရောင်းချမှုပုံစံကို ပြောင်းလဲလာနေပြီဖြစ်ကြောင်း မုံရွာမြို့သာစည်လမ်း ဆုထူးပန်နှင့် ရွှေလိပ်ပြာဖယောင်းတိုင်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သူ မဇင်ဇင်ထံမှ သိရသည်။

"ဖယောင်း ကုန်ကြမ်းဈေးက ၂၀၁၇ နှစ်စပိုင်းမှ ဧပြီလအထိ သုံးခါပြောင်းတယ်။ မနှစ်ကတစ်နှစ်လုံးမှာ တစ်ခါသာပြောင်းတယ်။ ပြီးခဲ့တဲ့နှစ်ကတက်ရင်လည်း တစ်ပိဿာငွေကျပ် ၅၀ နဲ့ ၁၀၀ ကြားသာ ပြောင်းလဲတက်တာရှိတယ်။ ဒီနှစ်က ဒေါ်လာဈေးတက်တဲ့အတွက် မနှစ်ကထက် ဒီနှစ်မှာ ဖယောင်းကုန်ကြမ်း တစ်ပိဿာငွေကျပ် ၆၀၀ လောက်အထိတက်သွားတယ်။ လက်ရှိ အခြေအနေအတိုင်းဆိုရင် ဖယောင်းထုတ်တဲ့ စက်အသေးတွေ ရေရှည်ခံနိုင်ဖို့ မလွယ်ဘူး။ ဖယောင်းတိုင်က ရောင်းကောင်းတာ တစ်နှစ်မှာ ခုနစ်လရှိရင်ကျန်တဲ့ ငါးလက သိုလှောင်ထားနိုင်တဲ့ အင်အားရှိမှ ရေရှည်ရပ်တည်နိုင်မှာပါ။ အရင်လို လျှပ်စစ်မီးအရနည်းတဲ့ ကာလကလို ဖယောင်းတိုင်က အလင်းအတွက် ထုတ်နေလို့မရတော့ဘဲ ဘာသာရေး၊ ပွဲရိုးရာဓလေ့ပွဲ၊ မွေးနေ့ဆုတောင်းပွဲစတာတွေကိုသာ အားကိုးရောင်းရတော့မယ့် အခြေအနေမှာရှိနေပါတယ်" ဟု ၎င်းက ပြောပြသည်။

ဖယောင်းတိုင်ရောင်းချရမှုဈေးကွက်တွင် ယခင်ကလောက်ရောင်းအားမကောင်းသော်လည်း ဝါဆိုလမှ တန်ဆောင်မုန်းလအထိ ရောင်းကောင်းသည့်ရာသီဆိုလျှင်လိုသလောက် ရောင်းမပေးနိုင်သေးသည့် အခြေအနေတွင်ရှိနေသေးပြီးတရုတ်နိုင်ငံမှ အများဆုံးဝင်သောဖယောင်း ကုန်ကြမ်းသည် အရည်အသွေးမှာ ယခင်ကလောက်မမီတော့သလို ဝင်ရောက်ရာလမ်းကြောင်းသည် ယခင်ကတရုတ်နယ်စပ်မှတစ်ဆင့် မန္တလေးမှဝင်ရာ ယခုအခါကွန်တိန်နာဖြင့် ရန်ကုန်မှတစ်ဆင့် ဝင်လာသောကြောင့် ဒေါ်လာဈေးအပေါ်မူတည်၍ ဈေးနှုန်းအလှုပ်အခတ်မှာ ကြမ်းလာကြောင်း ရွှေလရောင်ဖယောင်းထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးစံဝင်းက ပြောသည်။

"နေရာအနှံ့ လျှပ်စစ်မီးတွေရလေလေ ဖယောင်းတိုင်က တဖြည်းဖြည်းကွယ်ပျောက်လေလေ ဖြစ်လာမှာပါ။ ဟုမ္မလင်း၊ ခန္တီးဒေသ ဈေးကွက်ရှိနေသေးလို့သာ လက်ရှိမှာလုပ်သားတွေကို အလုပ်ပေးနိုင်တာပါ။ အများထင်တာကဖယောင်းကို စက်ကထုတ်တယ်ဆိုတာ မဟုတ်ပါဘူး။ လူရဲ့လုပ်အားနဲ့ လက်လုပ်ခုံလေးတွေနဲ့ လုပ်ရတဲ့ လုပ်သားသုံးရတဲ့လုပ်ငန်းပါ။ ဗုဒ္ဓဘာသာဝင်တွေအတွက် သီတင်းကျွတ်လပြည့်နေ့ဆိုတာရှိနေသမျှ ဖယောင်းတိုင်ရှိနေဦးမှာပါ။ ကုန်ကြမ်းကလည်းတရုတ်ကဝင်နေသမျှတော့ ဖယောင်းတိုင်က ရှိနေဦးမှာပါ။ အခု အီရန်ကဖယောင်းကုန်ကြမ်းပေါ်လာတော့ တရုတ်က သုံးပုံပုံရင်နှစ်ပုံလောက်အီရန်က တစ်ပုံလောက်သုံးနေတာပါ။ ဖယောင်းကုန်ကြမ်းက ဒေါ်လာဈေးအတက်အကျအပေါ်မူတည်နေတော့ လက်ရှိမှာ ဖယောင်းကုန်ကြမ်း တစ်ပိဿာငွေကျပ် ၃၀၀၀နဲ့ ၃၁၀၀ ရှိပါတယ်" ဟု ၎င်းက ရှင်းပြသည်။



**မျိုးဝင်းထွန်း (မုံရွာ)**

# တရုတ်နိုင်ငံ၏ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု ခြေလှမ်း (One Belt၊ One Road Policy Initiative) နှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွား

**ကျော်လင်းဦး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတ မစ္စတာ ရှီကျင့်ဖျင် (Xi Jinping) က ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု ခြေလှမ်း (One Belt၊ One Road Policy Initiative) အစီအစဉ်ကို ၂၀၁၃ ခုနှစ်ကတည်းက စတင်အဆိုပြုပြောဆိုခဲ့သော်လည်း တရားဝင်အားဖြင့် ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တရားဝင်ကြေညာခဲ့သည်။ အဆိုပါ အစီအစဉ်တွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းပါဝင်သည်။ ပထမတစ်ခုမှာ ပိုးလမ်းမ စီးပွားရေးရပ်ဝန်း ( Silk Road Economic Belt) နှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမ (21 Century Maritime Silk Road) တို့ ပါဝင်သည်။

ပိုးလမ်းမ စီးပွားရေးရပ်ဝန်းမှာ ပထဝီနိုင်ငံရေးနှင့် ပထဝီမဟာဗျူဟာအရ တရုတ်နိုင်ငံအတွက် အလွန်အရေးကြီးလှသော အစီအစဉ်သစ်တစ်ခုလည်း ဖြစ်သည်။ ခေတ်သစ် တရုတ်ခေါင်းဆောင်တို့အနေဖြင့် အနာဂတ်တွင် တရုတ်ပြည်မကြီးကို ဗဟိုပြုထားသော စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ကွန်ရက်ကြီးကို ဖြန့်ကြက်ထားနိုင်ရန်အတွက် အဆိုပါ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု ခြေလှမ်းကို စတင်ခဲ့ခြင်းလည်း ဖြစ်သည်။ ကျွဲကူးရေပါအဖြစ် အဆိုပါ အစီအစဉ်တွင် ပါဝင်မည့် နိုင်ငံများအနေဖြင့်လည်း တရုတ်နိုင်ငံနှင့်အတူ ဘက်စုံဖွံ့ဖြိုးရေး မဟာဗျူဟာမြောက် ရည်မှန်းချက်များကို အကောင်အထည်ဖော်လာနိုင်မည်ဖြစ်သည်။ ထိုနိုင်ငံများအနက် မဟာဗျူဟာမြောက် အရေးကြီးဆုံးနိုင်ငံမှာ တရုတ်၏အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံ ဖြစ်သည်။

**ပိုးလမ်းမ စီးပွားရေး ခါးပတ်ရပ်ဝန်း**
**(Silk Road Economic Belt)**

ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု ခြေလှမ်း၏ ပထမပိုင်းမှာ တရုတ်ပြည်မကြီးမှ အရှေ့အလယ်ပိုင်း၊ ဥရောပအရှေ့ပိုင်းနှင့် အနောက်ပိုင်းအထိ ကွန်ရက်ဖြန့်ကြက်ထားသည့် ကုန်းတွင်းဆက် အမြန်လမ်းမကြီးများ ဖြစ်သည်။ အဆိုပါ ခေတ်သစ်ပိုးလမ်းမကြီးကို စီးပွားရေးစင်္ကြံလမ်းမကြီး ခြောက်ခုဖြင့် ချိတ်ဆက်ဖွဲ့စည်းထားသည်။

**(၁) တရုတ် - မွန်ဂိုလီးယား - ရုရှားစီးပွားရေး စင်္ကြံလမ်းမ**

ယင်းစီးပွားရေး စင်္ကြံလမ်းမများတွင် မြောက်ဘက်အကျဆုံးလမ်းမမှာ တရုတ်နိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းမှ စတင်ကာ အာရှအလယ်ပိုင်းရှိ မွန်ဂိုလီးယားနိုင်ငံကို ဖြတ်သန်း၍ ရုရှားအထိ ဆက်သွယ်ထားသော တရုတ်-မွန်ဂိုလီးယား-ရုရှား စီးပွားရေး စင်္ကြံလမ်းမဖြစ်သည်။ အဆိုပါ သုံးနိုင်ငံမှာ ပထဝီနိုင်ငံရေးအရ လည်းကောင်း၊ ဒေသတွင်းဖွံ့ဖြိုးမှုအရ လည်းကောင်း နှစ်ပေါင်းများစွာကတည်းက ဆက်စပ်ဆောင်ရွက်နေသည့် နိုင်ငံများဖြစ်သည်။ အထူးသဖြင့် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနှင့် ရုရှား၏ အရှေ့တောင်ဘက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ စင်္ကြံလမ်းမှာ အရေးပါလှသည်။ ယင်းစင်္ကြံလမ်းမတွင် အမြန်လမ်းမကြီးသာမက မြန်နှုန်းမြင့် မီးရထားလမ်းလည်း ပါဝင်သည်။

**(၂) ဥရောပ-အာရှ ကုန်းတွင်းတံတားသစ်နှင့် စီးပွားရေး စင်္ကြံလမ်းမ**

အဆိုပါလမ်းပိုင်းတွင် နိုင်ငံစုံဖြတ်ကျော် မြန်နှုန်းမြင့်မီးရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံ ကျန်စုပြည်နယ်မှ စတင်ကာ နိုင်ငံအနောက်မြောက်ပိုင်းရှိ ဇင်ကျန်းပြည်နယ်ကို ဖြတ်သန်းကာ နယ်သာလန်နိုင်ငံ အမ်စတာတမ်မြို့အထိ ဆက်သွယ်ထားသော ရထားလမ်းကြောင်းဖြစ်သည်။ ယင်းလမ်း၏ အစိတ်အပိုင်းတစ်ခုမှာ တရုတ်နိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့ကို ချိတ်ဆက်ထားသည့် မီးရထားလမ်းကြောင်းဖြစ်ပြီး တရုတ်နယ်စပ်ကို ဖြတ်ကျော်ပြီးသည်နှင့် တစ်ပြိုင်နက် ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်နှင့် ပိုလန်နိုင်ငံတို့ကိုဖြတ်သန်းကာ ဥရောပကမ်းခြေမြို့များအထိ ဆက်သွယ်ထားသည့် ရှည်လျားလှသော ရထားလမ်းကြောင်းကြီး ဖြစ်သည်။ အဆိုပါရထား လမ်းကြောင်းပေါ်တွင် လူစီးရထားများသာမက ကုန်တင်ထားများပါ ပြေးဆွဲသွားမည်ဖြစ်ရာ အာရှနှင့် ဥရောပကုန်သွယ်ရေးအတွက်ပါ အရေးပါလှသည့် လမ်းကြောင်း ဖြစ်သည်။

**(၃) တရုတ် - အာရှအလယ်ပိုင်း - အာရှ အနောက်ပိုင်းစီးပွားရေး စင်္ကြံလမ်းမ**

တရုတ်-အာရှ အလယ်ပိုင်း-အာရှ အနောက်ပိုင်း စီးပွားရေးစင်္ကြံလမ်းမသည် တရုတ်ပြည် ဇင်ကျန်းပြည်နယ်မှ စတင်ကာ အလာရှန်ကူနယ်စပ်မြို့ကို ဖြတ်ကျော်ပြီးနောက် အာရှအလယ်ပိုင်း ရထားလမ်းကွန်ရက်နှင့် ချိတ်ဆက်ထားသည့် စီးပွားရေးစင်္ကြံလမ်းမဖြစ်သည်။ အဆိုပါလမ်းမသည် အာရှအလယ်ပိုင်းရှိ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန် စသည့်နိုင်ငံများကို ဖြတ်သန်းသွားပြီး အာရှအနောက်ပိုင်းရှိ အီရန်နှင့် တူရကီအထိ ဆက်သွယ်ထားသည့် လမ်းမဖြစ်သည်။ အဆိုပါ စီးပွားရေးစင်္ကြံလမ်းမကို အမှီပြုကာ အာရှအလယ်ပိုင်း နိုင်ငံများ၊ အာရှအနောက်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်ပါ ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်နိုင်ငံအနေဖြင့် သဘောတူထားသည်။ သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ချမှတ်ထားသည့် ဖွံ့ဖြိုးရေးမဟာဗျူဟာများကလည်း ဤစီးပွားရေး စင်္ကြံလမ်းမအစီအစဉ်တွင် ပူးပေါင်းပါဝင်ကြမည် ဖြစ်သည်။

**(၄) တရုတ် - ပါကစ္စတန် စီးပွားရေး စင်္ကြံလမ်းမ**

တရုတ် - ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းမသည် ဝန်ကြီးချုပ် လီခချန်မှ ၂၀၁၃ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းဖြစ်သည်။ တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ဇင်ကျန်းပြည်နယ် ကတ်စ်ဂါမြို့မှ စတင်ကာ ပါကစ္စတန်တောင်ပိုင်းရှိ ဂွါဒါဆိပ်ကမ်းမြို့သို့ ဆက်သွယ်ထားသော

**မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ - မြန်မာ စီးပွားရေးစင်္ကြံလမ်းမနှင့် တရုတ်-အင်ဒိုချိုင်းနား ကျွန်းဆွယ် စီးပွားရေးစင်္ကြံလမ်းမတို့ ဖြတ်သန်းသွားမည့် ပထဝီနိုင်ငံရေးအရ အရေးပါလှသည့် နိုင်ငံတစ်ခုအဖြစ် ဤ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်တွင် ပါဝင်မည် ဖြစ်ပါသည်**

စီးပွားရေးစင်္ကြံလမ်းမလည်း ဖြစ်သည်။ အဆိုပါ စင်္ကြံလမ်းမတွင် အမြန်လမ်းများ၊ မီးရထားလမ်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ အင်တာနက် ဖိုင်ဘာဆက်ကြောင်းများနှင့် အထူးစီးပွားရေးဇုန်များ ပါဝင်မည်ဖြစ်သည်။ ပိုးလမ်းမရှိ စီးပွားရေး စင်္ကြံလမ်းမများအနက် အစောဆုံး စတင်နိုင်သည့် စီမံကိန်းဖြစ်ပြီး အစောဆုံး အကောင်အထည်ပေါ်လာမည့် စီမံကိန်းတစ်ခုလည်း ဖြစ်သည်။ စီမံကိန်းနှင့် ပတ်သက်၍ တရုတ်နှင့် ပါကစ္စတန်အစိုးရများက စိတ်အားထက်သန်လျက်ရှိပြီး တရုတ်နိုင်ငံ၏ အနောက်မြောက်ဘက်ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါလှသည့် စီမံကိန်းလည်း ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံအတွက် မလက္ကာရေလက်ကြားကို ရှောင်ရှားနိုင်သည့် မဟာဗျူဟာမြောက် စီမံကိန်းတစ်ခု ဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာနှင့် ချိတ်ဆက်နိုင်မည့် နောက်ထပ်လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

**(၅) ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ- မြန်မာစီးပွားရေး စင်္ကြံလမ်းမ**

ဘင်္ဂလားဒေ့ရှ် -တရုတ်-အိန္ဒိယ- မြန်မာစီးပွားရေး စင်္ကြံလမ်းမကြီးမှာလည်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံလေးနိုင်ငံမှ ကိုယ်စားလှယ်များ အကြိတ်အနယ်ဆွေးနွေးကာပေါ်ထွက်လာသော စီမံကိန်းအစီအစဉ်တစ်ခု ဖြစ်သည်။ အဆိုပါလမ်းမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းမှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးမြို့တော်ကို ဖြတ်သန်းကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စစ်တကောင်းတောင်တန်းဒေသနှင့် မြို့တော်ဒါကာကို ဖြတ်သန်း၍ အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်ရှိ ကာလကတ္တားအထိ ဆက်သွယ်မည့် လမ်းမကြီးဖြစ်သည်။ တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ကုန်းတွင်းပိတ်ပြည်နယ်ဖြစ်သော ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများကို အဓိကဆက်သွယ်မည့် လမ်းမကြီးဖြစ်ရာ တရုတ်နိုင်ငံ အနောက်ပိုင်း ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါလှသည့် မဟာဗျူဟာမြောက် လမ်းမကြီးတစ်ခုလည်း ဖြစ်သည်။ အဆိုပါ လမ်းမကြီးကို ဖြတ်သန်းသွားရာဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် အနောက်မြောက်ပိုင်းဒေသများအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများလည်း တစ်ပါတည်း တိုးပွားလာမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ မြစ်ကြီးနားမြို့ကို ဖြတ်သန်းကာ နာဂဒေသ မြောက်ပိုင်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသရှိ လီဒိုမြို့ကို ဆက်သွယ်သည့် လမ်းပိုင်းတစ်ခုလည်း စီမံကိန်းတွင် ပါဝင်နေသည်။ ယခင် ဒုတိယကမ္ဘာစစ်အတွင်းက ကျော်ကြားခဲ့သော လီဒိုလမ်းမကြီးကို ပြန်လည်ဖော်ထုတ်က တရုတ်နှင့် အိန္ဒိယတို့၏ နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်မည့် အဆိုပါ လမ်းမကြီးကြောင့် ဖွံ့ဖြိုးမှုနိမ့်ပါးနေသည့် မြန်မာနိုင်ငံ မြောက်ဖျားဒေသ ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူရမည် ဖြစ်သည်။

**(၆) တရုတ် - အင်ဒိုချိုင်းနား ကျွန်းဆွယ်စီးပွားရေး စင်္ကြံလမ်းမ**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံခေါင်းဆောင်များ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် လီခချန်းက ကျန်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား အဆိုပြုချက် သုံးရပ်တင်ပြခဲ့သည်။ ယင်းတို့မှာ (က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကွန်ရက်တစ်ခုကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းအကောင်အထည်ဖော်ရန် (ခ) ဒေသတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေပူးတွဲရှာဖွေမြှင့်တင်ရန်နှင့် (ဂ) ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။ အဆိုပါ အဆိုပြုချက်အရ မဟာမဲခေါင်ဒေသခွဲအတွင်း အရှေ့၊ အနောက်၊ တောင်မြောက် ဆက်သွယ်ထားသော အမြန်လမ်းမကြီး ကိုးခုကို ယခုအခါ အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ အဆိုပါ စီးပွားရေး စင်္ကြံလမ်းမမှာ ဘင်္ဂလားဒေ့ရှ် - တရုတ် - အိန္ဒိယ- မြန်မာစီးပွားရေး စင်္ကြံလမ်းမနှင့် အဓိက ဆက်စပ်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် တရုတ် - အင်ဒိုချိုင်းနား ကျွန်းဆွယ် စီးပွားရေးစင်္ကြံလမ်းမ၏ အနောက်ဘက် စင်္ကြံလမ်းမအပိုင်းတွင် တရုတ်နိုင်ငံ ကူမင်းမြို့တော်မှ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်အဓိကဆက်သွယ်လျက်ရှိပြီး ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိ ကုန်းလမ်းဖြင့် ဆက်သွယ်နိုင်ရန် စီစဉ်ထားသည်။

**၂၁ ရာစု ရေကြောင်း ပိုးလမ်းမ (21st Century Maritime Silk Road)**

တရုတ်နိုင်ငံ၏ ၂၁ ရာစု ရေကြောင်း ပိုးလမ်းမကြီး အစီအစဉ်မှာ ဥရောပ အလယ်ပိုင်း၊ အလယ်အာရှနှင့် တောင်အာရှဒေသတို့ကို ကုန်တွင်းစီးပွားရေး စင်္ကြံလမ်းများနှင့် ဆက်သွယ်ထားသကဲ့သို့ အရှေ့တောင်အာရှရှိ ကျွန်းနိုင်ငံများ၊ တောင်အာရှ၊ အာဖရိကမှတစ်ဆင့် အနောက်ဥရောပအထိ ရေကြောင်းဖြင့် ဆက်သွယ်နိုင်ရန်စီစဉ်ထားသော အစီအစဉ် တစ်ရပ်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှား ပါလီမန်၌ ပြောကြားသောမိန့်ခွန်းတွင် ပထမဆုံးအကြိမ် ထည့်သွင်းပြောကြားခဲ့သည်။

၂၁ ရာစု ရေကြောင်း ပိုးလမ်းမကြီးသည် တရုတ်နိုင်ငံ တောင်ဘက်ပိုင်းရှိ ဖူကျင်းပြည်နယ်မှ စတင်ပြီး ဂွမ်ဒေါင်းပြည်နယ်၊ ဂွမ်ဇီပြည်နယ်နှင့် ဟိုင်နန်ပြည်နယ်တို့ကို ဖြတ်သန်းကာ တောင်တရုတ်ပင်လယ်ပြင်မှတစ်ဆင့် မလက္ကာရေလက်ကြားဆီသို့ ဦးတည်သွားသည်။ ထိုမှတစ်ဆင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူ၊ အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေရှိ ကာလကတ္တား၊ သီရိလင်္ကာရှိ ကိုလံဘိုတို့ကို ရောက်ရှိမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းကာ အာဖရိကတိုက်ရှိ ကင်ညာနိုင်ငံမှ နိုင်ရိုဘီသို့ ဦးတည်သွားမည်ဖြစ်ပါသည်။ နိုင်ရိုဘီမှတစ်ဆင့် မြောက်ဘက်သို့ ဦးတည်ကာ ပင်လယ်နီနှင့် မြေထဲပင်လယ်တို့ကို ဖြတ်သန်းကာ အေသင်ဆိပ်ကမ်းတွင် ရပ်နားမည် ဖြစ်သည်။ ထိုမှတစ်ဆင့် အီတလီနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဗင်းနစ်တွင် ဥရောပ - အာရှ ကုန်းတွင်းစီးပွားရေး စင်္ကြံလမ်းမနှင့် ဆုံမည်ဖြစ်သည်။ အဆိုပါ ဥရောပ - အာရှကုန်းတွင်း စင်္ကြံလမ်းမအတိုင်း ရုရှားနိုင်ငံမော်စကိုနှင့် နယ်သာလန်နိုင်ငံရှိ ရော့တာဒမ်အထိ ဆက်သွယ်ကုန်သွယ်ရန် ရည်မှန်းထားသည်။ ထို့အပြင် လမ်းကြောင်းသစ်အနေဖြင့် တရုတ်နိုင်ငံ ကမ်းရိုးတမ်းဆိပ်ကမ်းများမှ တောင်တရုတ်ပင်လယ်ကို ဖြတ်သန်းကာ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားရှိ ဆိပ်ကမ်းများမှတစ်ဆင့် တောင်ပစိဖိတ်သမုဒ္ဒရာဒေသအထိ ဆက်သွယ်နိုင်ရန်လည်း ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၁ ရာစု ရေကြောင်း ပိုးလမ်းမ အစီအစဉ်စတင်ရသည့် ရည်ရွယ်ချက်မှာ အပြန်အလှန်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍတွင် ကမ္ဘာ့အဆင့်မီ နည်းပညာများပိုင်ဆိုင်ထားပြီး အဆိုပါ နည်းပညာများကို အသုံးချ၍ ပင်လယ်ရပ်ခြားဒေသများနှင့် ကုန်သွယ်ရေး တိုးမြှင့်နိုင်ရန် ရည်ရွယ်ပါသည်။ ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများကိုလည်း ခါးပတ်ရပ်ဝန်းတစ်ခု ပိုးလမ်းမတစ်ခု ရန်ပုံငွေအဖွဲ့ (OBOR Fund)နှင့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asia Infrastructure Investment Bank) တို့အပါအဝင် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ပံ့ပိုးပေးရန် အဆင်သင့်ရှိနေပြီ ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေးတွင် တရုတ်နိုင်ငံ၏ အချက်အချာကျမှုကို မြှင့်တင်နိုင်ရန် ဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက တရုတ်စီးပွားရေး ပြုပြင်ပြောင်းလဲမှု၏ ရလဒ်ကြောင့် စက်မှုထွန်းကားလာသော တရုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ပိုမို ချဲ့ထွင်နိုင်ရန် အဓိကရည်ရွယ်ခြင်း ဖြစ်သည်။ သို့သော် ထိုသို့ဈေးကွက်ချဲ့ထွင်ခြင်းအားဖြင့် အခြားကုန်သွယ်ဘက် နိုင်ငံများတွင်လည်း စီးပွားရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးလာနိုင်ရေးနှင့် စီးပွားရေးတိုးတက်မှုအခြေခံများ ရရှိရေးတို့အတွက်ပါ ရည်ရွယ်သည်။ အထူးသဖြင့် တောင်ဘက်ပိုင်းရှိ အရှေ့တောင်အာရှ ကျွန်းနိုင်ငံများနှင့် အပြန်အလှန်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ငံပါက တရုတ်နိုင်ငံနှင့် ယင်းနိုင်ငံများအကြား တည်ရှိနေသည့် တောင်တရုတ်ပင်လယ် အရေးတို့ကဲ့သို့ ပထဝီနိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် တရုတ်ခေါင်းဆောင်များက ရည်ရွယ်ထားသည်။

**မြန်မာ့အကျိုးစီးပွား**

တရုတ်နိုင်ငံမှ အစပြုခဲ့သည့် ခါးပတ်ရပ်ဝန်းတစ်ခု၊ ပိုးလမ်းတစ်ခု ခြေလှမ်းသည် တရုတ်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ပထဝီနိုင်ငံရေးအရ အရေးပါမှုကို မြှင့်တင်နိုင်ရုံမျှမက အခြား အိမ်နီးချင်းနိုင်ငံများအတွက်ပါ ရေရှည်အကျိုးရှိနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ကီလိုမီတာပေါင်း ၂၀၀၀ ကျော် ဆက်စပ်နေသည့် မြန်မာနိုင်ငံအနေဖြင့် ဤခါးပတ်ရပ်ဝန်းတစ်ခု၊ ပိုးလမ်းမတစ်ခုခြေလှမ်းအတွက် အခြားနိုင်ငံများဖြင့် နှိုင်းယှဉ်ပါက ပိုမိုအကျိုးရှိနိုင်မည်ကိုတွေ့ရှိရမည်ဖြစ်သည်။ အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးမှုနိမ့်ကျနေသည့်အတွက် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများတွင် အတားအဆီးဖြစ်နေသည့် မြန်မာနိုင်ငံအတွက် ဤအစီအစဉ်သည် အခွင့်အခါကောင်းတစ်ရပ် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်- တရုတ် -အိန္ဒိယ - မြန်မာစီးပွားရေး စင်္ကြံလမ်းမနှင့် တရုတ်-အင်ဒိုချိုင်းနား ကျွန်းဆွယ် စီးပွားရေးစင်္ကြံလမ်းမတို့ ဖြတ်သန်းသွားမည့် ပထဝီနိုင်ငံရေးအရ အရေးပါလှသည့် နိုင်ငံတစ်ခုအဖြစ် ဤခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်တွင် ပါဝင်မည် ဖြစ်ပါသည်။ ထို့အပြင် သီးခြားအနေဖြင့် ကျောက်ဖြူ - ကူမင်း ပိုက်လိုင်း စီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများလည်း စတင်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ကျောက်ဖြူ -ကူမင်း ရထားလမ်းနှင့် ကားလမ်းစီမံကိန်းများမှာလည်း နှစ်နိုင်ငံအစိုးရများအကြား ဆက်လက်ညှိနှိုင်းနေဆဲဖြစ်ပါသည်။ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အောက်ပါ အကျိုးရလဒ်များကို ခံစားရရှိနိုင်သည်ဟု သုံးသပ်ရပါသည်။

**(က) အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး**

ကျောက်ဖြူရေနက် ဆိပ်ကမ်းအပါအဝင် အဓိကသယ်ယူပို့ဆောင်ရေးလမ်းမကြီးများဖြစ်သော ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံလမ်းမနှင့် တရုတ်-အင်ဒို

*စာမျက်နှာ ၁၇ သို့*

# အရှေ့တောင်အာရှ ဟီတာချီလူငယ်များတွေ့ဆုံပွဲ မြန်မာနိုင်ငံက ပထမဆုံး အိမ်ရှင်အဖြစ် ကျင်းပမည်




**ရန်ကုန် မေ ၈**

(၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဟီတာချီလူငယ်များတွေ့ဆုံပွဲ (14 th Hitachi Young leaders Initiative- HYLI) ကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ ယင်းတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုတက်ရောက်ရန် တက္ကသိုလ်ကျောင်းသူ လေးဦးအား ရွေးချယ်ပေးလိုက်ပြီ ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီတွေ့ဆုံပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်ပြုလုပ်ခွင့်ရတာပါ။ လာမယ့်ဇူလိုင် ၁၀ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲမှာ မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နဲ့ ဂျပန်နိုင်ငံတို့မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးလည်းတက်ရောက်ကြမှာ ဖြစ်ပါတယ်"ဟု စိစစ်ရွေးချယ်ရေး ဥက္ကဋ္ဌ ပါမောက္ခဒေါ်စီစီရှိန်က မေ ၄ ရက် နံနက်ပိုင်းတွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံ ကိုယ်စားပြုရွေးချယ်ခံရသောကျောင်းသူများမှာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မချယ်ရီဝေနှင့် မအိအိသိမ့်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)မှ ဒေါက်တာနှင်းသန့်စင်ဦးနှင့် သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (ရန်ကုန်)မှ မကြူကြူရှိန်မိုးတို့ဖြစ်ကြသည်။

အဆိုပါလူငယ်များ တွေ့ဆုံပွဲတွင် ဒေသအတွင်းရှိအစိုးရ၊ ပညာရေးနှင့် အစိုးရမဟုတ်သောကဏ္ဍများမှ ထင်ရှားသောခေါင်းဆောင်များနှင့်အတူ မြို့ပြထိန်းသိမ်းရေးဆိုင်ရာကိစ္စများကို စကားဝိုင်းနှင့်အတူ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယခုနှစ်ဆွေးနွေးမည့် အဓိကခေါင်းစဉ်မှာ " Sustainable Urban -nization though Collaborative Creation" ဖြစ်ကြောင်း၊ မြို့ပြထိန်းသိမ်းမှုမှသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးမောင်းထိုးဆွေးနွေးကာ လူငယ်များ၏ ဦးဆောင်မှုကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းတွေ့ဆုံပွဲကို ဟီတာချီမှ အဓိကကူညီမှုဖြင့် အာဆီယံနိုင်ငံများရှိ လူငယ်များ၏ အရည်အသွေး မြင့်မားရေးရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မဟာမုနိနှင့် ကုသိုလ်တော်ဘုရားများတွင် ဆေးလိပ်မသောက်ခြင်းဖြင့် ကုသိုလ်ယူပါ ဆိုင်းဘုတ်များ စိုက်ထူမည်

**မန္တလေး မေ ၈**

ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားသည့် မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားများတွင် ဘုရားပရိဝုဏ်အတွင်း ဆေးလိပ်မသောက်ခြင်းဖြင့် ကုသိုလ်ယူပါ ဆိုင်းဘုတ်များချိတ်ဆွဲ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီမှ မန္တလေးမြို့ရှိ အဆိုပါ ဘုရားသုံးဆူတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် ပထမဆုံးသတ်မှတ်ခဲ့ပြီး မေ ၃ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးတွဲကျင်းပသည့် တိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေများထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မဟာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက မဟာမုနိဘုရား ပရိဝုဏ်အတွင်း ယခုကဲ့သို့ ရေးသားစိုက်ထူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကျောက်တော်ကြီးဘုရားတွင်လည်း ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်စာတမ်းများအား သုံးပေ၊ ခြောက်ပေ ဗီနိုင်းဆယ်ချပ်ဖြင့် ရေးသားကာ ကျောက်တော်ကြီးဘုရားတွင် သာမက မြို့တည်၊ နန်းတည်သတ္တဌာန အဆောင်များ၌လည်း မေ ၅ ရက်မှစ၍ ချိတ်ဆွဲဆိုက်ထူထားပြီး ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ သုဓမ္မာဦးကျော်ဝင်းက ပြောသည်။

မန္တလေးဆေးတက္ကသိုလ်တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစ၍ ဆေးလိပ်ငွေ့ကင်းစင်သော တက္ကသိုလ်အဖြစ် သတ်မှတ်ကာ ကျောင်းဝင်ပေါက်၌ ဆေးလိပ်ငွေ့ကင်းစင်သော တက္ကသိုလ်ဟု ဗီနိုင်းဖြင့် ရေးသားချိတ်ဆွဲထားပြီး ကျောင်းအတွင်း၌လည်း ဆေးလိပ်သောက်ခွင့်မရှိသော နေရာအဖြစ် သတိပေးဗီနိုင်းများ ရေးသားချိတ်ဆွဲထားကြောင်း အဆိုပါ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

"ကျွန်တော်တို့ ကျောင်းအတွင်းမှာ ဆေးလိပ်သောက်တာတွေ့ရင် ပထမအကြိမ် ခေါ်ယူသတိပေးမယ်။ ဒုတိယအကြိမ် မိဘကိုခေါ်ပြောမယ်။ တတိယအကြိမ်ဆိုရင်တော့ ငွေကျပ် ၃၀၀၀၀ ဒဏ်ငွေဆောင်ခိုင်းမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆေးလိပ်စွဲနေတဲ့ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေကို ဆေးလိပ်ဖြတ်နိုင်မယ့် နည်းလမ်းတွေ ပညာပေးလုပ်ဆောင်ဖို့အထိ စီစဉ်ထား ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင် နယ်မြေများအား မန္တလေးမြို့အတွင်း၌ လည်း အများပြည်သူသွားလာရာ၊ စုဝေးရာနေရာများဖြစ်သည့် ဆေးရုံ၊ ဘဏ်၊ ကျောင်း၊ တက္ကသိုလ်၊ အစိုးရရုံးများ၊ ရထားဘူတာရုံများနှင့် လေဆိပ်များ စသည့်နေရာများတွင် ဆက်လက်သတ်မှတ်ပေးမည်ဖြစ်သကဲ့သို့ ဆေးလိပ်သောက်ရန် နေရာများကိုလည်း တစ်ပြိုင်နက်တည်း သတ်မှတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၁၆ မှအဆက်*

ချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံလမ်းမကြီးများမှာ မြန်မာနိုင်ငံကိုဖြတ်သန်းသွားမည်ဖြစ်ရာ အကြီးစားအခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာဖွယ်ရာရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာပြီး အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါသည်။

လက်ရှိတွင် ၇၇၁ ကီလိုမီတာ ရှည်သော ရေနံပိုက်လိုင်းကို မြန်မာနိုင်ငံအနောက်ဘက် ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏မြို့တော် ကူမင်းအထိ ဆက်သွယ်ဆောက်လုပ်ထားပြီးဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏အနောက်ဘက် ကမ်းလွန်ပင်လယ်ပြင်မှ ထုတ်ယူမည့် သဘာဝဓာတ်ငွေ့များကို သယ်ယူပို့ဆောင်မည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကိုလည်း ကျောက်ဖြူကမ်းခြေမှ စတင်ကာ တရုတ်နိုင်ငံရှိ ကူမင်းမြို့မှတစ်ဆင့် ဂွယ်ဇူးနှင့် ဂေါင်းဇီမြို့များအထိ သွယ်တန်းထားသည်။ အဆိုပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ အရှည်မှာ ၂၈၀၆ ကီလိုမီတာအထိ ရှည်လျားသည်။

ထို့အပြင် ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်းတစ်ခုနှင့် အထူးစီးပွားရေးဇုန်တစ်ခုကိုလည်း တရုတ်နိုင်ငံမှတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို တရုတ်နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် CITI Group မှ ဦးဆောင်သည့်အဖွဲ့မှ တည်ဆောက်ခွင့်ရရှိသွားခြင်း ဖြစ်သည်။ ယင်းစီမံကိန်းတွင် ၁၂၀ စတုရန်းကီလိုမီတာ အကျယ်ခန့်ရှိသည့် အထူးစီးပွားရေးဇုန်နှင့် တစ်နှစ်လျှင် ပေ ၂၀ ကုန်သေတ္တာ အလုံးရေ ခုနစ်သန်းခန့် စီမံခန့်ခွဲနိုင်သည့် ရေနက်ဆိပ်ကမ်းတစ်ခုလည်း ပါဝင်သည်။ ထို့အပြင် အရှေ့အလယ်ပိုင်းမှရောက်ရှိလာသည့် ရေနံတင်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ရေနံဆိပ်ကမ်းတစ်ခုကိုလည်း သီးခြားဆောက်လုပ်မည် ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် အထူးစီးပွားရေးဇုန်အတွက် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံဖြစ်ပြီး ၃၅ နှစ်အတွင်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၂ ဘီလီယံအထိ ရှိမည်ဖြစ်သည်။ အထူးစီပွားရေးစီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် ဒေသခံလုပ်သား တစ်သိန်းခန့် အလုပ်အကိုင်ရရှိမည်ဟု ခန့်မှန်းထားသည်။

ထို့အပြင် အထူးစီးပွားရေးဇုန်နှင့် တရုတ်နိုင်ငံရှိ ကူမင်းမြို့ကို ဆက်သွယ်မည့် ကီလိုမီတာ ၈၀၀ ကျော် ရှည်လျားသည့် ရထားလမ်းစီမံကိန်းတစ်ခုလည်း ပါဝင်မည်ဖြစ်သည်။ အဆိုပါ ရထားလမ်းကို တရုတ်နိုင်ငံနယ်စပ်ရှိ ကြယ်ခေါင်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အထိ ဆက်သွယ်ထားသည်။ ရထားလမ်းတည်ဆောက်ရေးကို ၂၀၀၉ ခုနှစ်ကတည်းက မြန်မာအစိုးရနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ခြင်းမရှိခဲ့ပါ။ အဆိုပါ သဘောတူညီချက်မှာ ၂၀၁၄ ခုနှစ်တွင် ပျက်ပြယ်ပြီးဖြစ်ရာ ရထားလမ်းတည်ဆောက်ရေးအတွက် နှစ်နိုင်ငံအစိုးရများအကြား ဆက်လက်ညှိနှိုင်းရန် လိုအပ်လျက်ရှိသည်။

အခြားအခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာစီးပွားရေး စင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းအဖြစ် တရုတ်နိုင်ငံ ရွှေလီမြို့မှ တရုတ်-မြန်မာနယ်စပ်ရှိ ချင်းရွှေဟော်မြို့ကို ဖြတ်သန်းကာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးမြို့မှတစ်ဆင့် မန္တလေးမြို့အထိ ဆက်သွယ်မည့် လမ်းမကြီးကိုလည်း တည်ဆောက်ရန် လျာထားလျက်ရှိသည်။ မန္တလေးမြို့မှတစ်ဆင့် ကလေး-တမူးလမ်းအပိုင်း အိန္ဒိယနယ်စပ်မြို့ဖြစ်သည့် မိုးရေးအထိ ဆက်သွယ်မည့်လမ်းမကြီး ဖြစ်သည်။ အဆိုပါ လမ်းကြောင်းအတိုင်း တရုတ်ကုန်ပစ္စည်းများမှာ မြန်မာနိုင်ငံကို ဖြတ်သန်းကာ အိန္ဒိယနိုင်ငံသို့ ကုန်သွယ်မည်ဖြစ်ပြီး အိန္ဒိယထွက်ကုန်များကိုလည်း တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့မည်ဖြစ်သည်။

အခြားလမ်းကြောင်းတစ်ခုမှာ ကချင်ပြည်နယ် အရှေ့ဘက်ခြမ်းရှိ ဆွန်းမြို့ကို ဖြတ်သန်းကာ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ နန်းယွန်းနှင့်ပန်ဆောင်မြို့နယ်ကို ဖြတ်သန်းကာ အိန္ဒိယနယ်စပ်မြို့ဖြစ်သည် လီဒိုမြို့သို့ ဆက် သွယ်မည့်လမ်းမကြီးဖြစ်သည်။ အဆိုပါ လမ်းမကြီးမှာ ဒုတိယကမ္ဘာစစ်က အင်္ဂလိပ်တို့ အသုံးပြုခဲ့သည့် လမ်းမကြီးဖြစ်ရာ ပိုမိုကောင်းမွန်အောင် ပြုပြင်ရုံဖြင့် အသုံးဝင်မည့်လမ်းမကြီးလည်း ဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် တောင်ပေါ်ဒေသအတွက် ဆက်သွယ်ရေးကောင်းမွန်မည့် လမ်းမကြီး ဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက် အထူးအကျိုးရှိမည့် စီမံကိန်းတစ်ခုလည်း ဖြစ်သည်။

အခြားစင်္ကြံလမ်းတစ်ခုဖြစ်သည့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေး စင်္ကြံလမ်းမကြီး၏ အစိတ် အပိုင်းအဖြစ် မန္တလေးမှရန်ကုန်သို့ ဆက်သွယ်မည့် အမြန်လမ်းမကြီးတစ်ခုကိုလည်း ပြုပြင်တည်ဆောက်ကာ ရန်ကုန်မှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိ ဆက်သွယ်မည့် လမ်းကြောင်းတစ်ခုလည်း တည်ရှိနေသည်။ အဆိုပါ လမ်းကြောင်းမှာ မြန်မာနိုင်ငံတွင် တည်ရှိပြီးသား လမ်းမများကို ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရုံဖြင့် အောင်မြင်နိုင်မည့် စီမံကိန်းဖြစ် သည်။ အဆိုပါလမ်းကြောင်းမှာ အာဆီယံဆက်သွယ်ရေး အစီအစဉ် ( ASEAN Connectivity) အရ ဖောက်လုပ်ရန်လျာထားသည့် အာရှအမြန်လမ်းမကြီးများ၏ အစိတ်အပိုင်းအဖြစ်လည်း အကျုံးဝင်လျက်ရှိသည်။

**(ခ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်တွင် မြန်မာနိုင်ငံ ပါဝင်နေခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ လက်ရှိတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို တရုတ်-မြန်မာနယ်စပ်တစ်လျှောက်တွင်သာ တွေ့ရမည် ဖြစ်သည်။ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်အရ ယင်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးများ ဖွံ့ဖြိုးလာပါက အဆိုပါဒေသရှိ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်ရေးကို များစွာ အထောက်အကူပြုမည်ဟု မျှော်လင့်ရသည်။ ဒေသဖွံ့ဖြိုးရေးသည် လက်နက်ကိုင်ပဋိပက္ခအတွက်လည်း အခြားသော ထွက်ပေါက်တစ်ခုဖြစ်ရာ တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးအတွက် ကူညီပံ့ပိုးပေးခြင်းအားဖြင့် ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်အောင်မြင်ရေးအတွက်လည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

**နိဂုံး**

ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်ခြေလှမ်းတွင် ပါဝင်မည့် နိုင်ငံများအကြား အဓိကပူးပေါင်းဆောင်ရွက်ရမည့် နယ်ပယ်ငါးခု သတ်မှတ်ထားသည်။ ယင်းတို့မှာ (၁) မူဝါဒပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်း၊ (၂) လမ်းပန်းဆက်သွယ်ရေး တည်ဆောက်ခြင်း၊ (၃) ကုန်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ (၄) ငွေကြေးစီးဆင်းမှုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် (၅) တစ်နိုင်ငံနှင့် တစ်နိုင်ငံယဉ်ကျေးမှုများ နားလည်မှုတိုးပွားအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ကြသည်။ ထို့ကြောင့် ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များသာမက နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်အတွက် ခန့်မှန်းလျာထား ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၈၀၀ ဘီလီယံမှ တစ် ထရီလီယံ အကြားရှိမည်ဟု ခန့်မှန်းထားသည်။ အဆိုပါ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်တွင် စီမံကိန်းပေါင်း ၉၉၀ ကျော်ပါဝင်မည်ဖြစ်ပြီး နိုင်ငံပေါင်း ၆၅ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လျာထားသည်။ ယင်းစီမံကိန်းများမှာ ရေနက်ဆိပ်ကမ်းများတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ အမြန်လမ်းမများတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ မြန်နှုန်းမြင့် ရထားလမ်းများတည်ဆောက်ခြင်း၊ အခွန်အကောက် စနစ်များ ပြုပြင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ပြုပြင်ခြင်း၊ သတင်းဆက်သွယ်ရေးကဏ္ဍအဆင့်မြှင့်တင်ခြင်း၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ခြင်းအစရှိသည့် လုပ်ငန်းများလည်း ပါဝင်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းများအတွက် အဓိက ရင်းနှီးမြှုပ်နှံမှုငွေကြေးကို ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခု အစီအစဉ်ရန်ပုံငွေအဖွဲ့နှင့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်မှ ထည့်ဝင်ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဘဏ်နှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်တို့မှ ထည့်ဝင်ငွေများလည်း ပါဝင်မည်ဖြစ်သည်။

ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်သည် တရုတ်နိုင်ငံကိုဗဟိုပြုကာ ကားလမ်း၊ ရထားလမ်းနှင့် ရေကြောင်းလမ်း ကွန်ရက်များတည်ဆောက်ခြင်း ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေးတွင် တရုတ်နိုင်ငံ၏ အရေးပါမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးအင်အားကို ကမ္ဘာ့အင်အား အကြီးဆုံးအဆင့်သို့ ရောက်ရှိရန် အားထုတ်မှုတစ်ရပ်ဖြစ်သည်။ ခါးပတ်ရပ်ဝန်းတစ်ခု၊ လမ်းမတစ်ခုအစီအစဉ်မှာ လက်ရှိတရုတ်နိုင်ငံ၏ မျိုးဆက်သစ်ခေါင်းဆောင်များအနေဖြင့် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်အရေးပါမှုကို ကမ္ဘာသို့ ဖော်ထုတ်ပြသမှု တစ်ရပ်ဖြစ်ကြောင်းလည်း သုံးသပ်နိုင်မည်ဖြစ်သည်။

# ရေလိုအေး၍ ပန်းနှယ်မွှေးကြပါစေ

မြင့်စိုး(နတလ)

**အမြင့်ပျံရေသုံးသွယ်**

လွန်ခဲ့သော ၁၅ နှစ်ခန့်က အတိအကျဆိုရလျှင် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့က ကြေးမုံသတင်းစာ၌ ဆောင်းပါးရှင် ရတနာစည်ဆရာတော်(လှိုင်လင်)ရေးသားချီးမြှင့်ခဲ့သော ဆောင်းပါးတစ်ပုဒ်၏ အမည်ဖြစ်ပါသည်။ ဆရာတော်ရေးဖွဲ့တင်စားခဲ့သော အမြင့်ပျံရေသုံးသွယ်ဆိုသည့် အဓိပ္ပာယ်ကို ကျွန်တော်နှစ်ခြိုက်သဘောကျခဲ့သဖြင့် ထိုဆောင်းပါးပါဝင်သည့် စာအုပ်လေးအား ယနေ့တိုင် တရိုတသေသိမ်းဆည်းထားခဲ့သည်။

ထိုအချိန်ထိုကာလတုန်းက အပူပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသည့် ကျေးရွာ ပေါင်း ၈၀၄၂ ရွာ၊ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ရေရှားပါးသော ကျေးရွာပေါင်း ၁၅၁၈၃ ရွာ စုစုပေါင်း ကျေးရွာ ၂၃၂၂၅ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှစ၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသော လုပ်ငန်းများအပြင် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တူးဖော်ပေးခဲ့သော စက်ရေတွင်းပေါင်းများစွာ၊ ရေလှံ့တွင်းပေါင်းများစွာ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့်လည်း ဆရာတော်က-

- နိုင်ငံတော်အစိုးရ၏ မေတ္တာရေအိုင်မှ စေတနာသည်လည်း အမြင့်ပျံရေတစ်သွယ်
- အလှူရှင်ပြည်သူတို့၏ သဒ္ဒါရေအိုင်မှ စေတနာသည်လည်း အမြင့်ပျံရေတစ်သွယ်
- အပူပိုင်းဒေသများနှင့် ရေရှားပါးသောဒေသများ၏ အနက်ပေပေါင်းရာထောင်ချီနေသောမြေအောက်ထဲမှနေ၍ မြေထုကိုထိုးဖောက်ကာ မြေပြင်ပေါ်သို့ အရောက်မြောက်တက်လာ၊ ထိုးတက်လာသော အမြင့်ပျံရေတစ်သွယ်ဟူ၍ တင်စားရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့ဝန်ကြီးဌာန၏အမည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ဖြစ်ပြီး အဆိုပါ ရေရရှိရေးလုပ်ငန်းများကို စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ တစ်ချိန်က အပူပိုင်းဒေသများ၏ ရေရှားပါးမှုအခြေအနေမှာ နွေရာသီရောက်လာမှာကို ပင်ကြောက်နေကြရသော ဘဝများ ဖြစ်ခဲ့သည်။ မိမိတို့ရွာမှ နှစ်မိုင်သုံးမိုင်ခန့်ဝေးသော နေရာများသို့ သွားရောက်တန်းစီစောင့်ဆိုင်းခပ်ယူကြရသည်။ ရေတစ်ခေါက်ရရန် အချိန်အလွန်ကြာသဖြင့် ရှေးလူကြီးများက ရေတစ်ခေါက် လင်တစ်ယောက်ဟူ၍ပင် ပုံခိုင်းကာ ပြောဆိုခဲ့ကြကြောင်း မှတ်သားရပါသည်။ သောက်ရေလှူသည် ဖြစ်စေ၊ ချိုးရေ၊ သုံးရေလှူသည်ဖြစ်စေ ရေအကျိုး ၁၀ ပါးကို တစ်လုံးတစ်ဝတည်းခံစားရရှိကြမည်ပင်။

အမရပူရမြို့ ကျေးဇူးတော်ရှင်မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသကလည်း ရေလှူရသော အကျိုး ၁၀ ပါးနှင့် ပတ်သက်၍ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊ စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ၊ ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုး



လာ.......ဟူ၍ ဖွဲ့ဆိုညွှန်ပြခဲ့ပါသည်။

၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဟူ၍ လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနဟူ၍ လည်းကောင်း အဆင့်ဆင့်ပြောင်းလဲလာခဲ့သော ကျွန်တော်တို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ယနေ့ထိတိုင် ရေအကျိုး ၁၀ ပါးကို ရရှိခံစားနေကြရဆဲ ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မူဝါဒလေးရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော အဓိကလုပ်ငန်းများထဲတွင် လမ်း၊ တံတားလုပ်ငန်းများ၊ မီးရရှိရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ ပါဝင်နေသောကြောင့်ပင်တည်း။ ရေရရှိရေးလုပ်ငန်းများ၌ သောက်သုံးရေရရှိရေးအတွက် ရေတွင်းရေကန်များ တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေ သွယ်ယူခြင်း၊ စိုက်ပျိုးရေသွယ်ယူပေးခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

ပြီးခဲ့သည့် ဧပြီလ ၂၈ ရက်နေ့ကလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မွန်ပြည်နယ်ကျိုက်ထိုမြို့မြို့ပေါ်ခြောက်ရပ်ကွက် ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ကျိုက်ထိုမြို့ ရေပေးရေးလုပ်ငန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇ ဒသမ ၃၀ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၅၀ ဒသမ ၀၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၈၄ ဒသမ ၀၀ သန်း စုစုပေါင်း ငွေကျပ် ၉၄၁ ဒသမ ၃၀ သန်းခွင့်ပြု ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ မူလက အင်းထားဝယ် အင်းနေရာတွင် ရေအရင်းမြစ်စမ်းသပ်ရှာဖွေခဲ့ရာ လုံလောက်မှုမရှိသောကြောင့် ကဒတ်ချောင်းကွေ့အနီးနေရာ၌ ထပ်မံရှာဖွေရာ တစ်နေ့လျှင် ဂါလန်ငါးသိန်းခန့်လုံလောက်စွာ ထုတ်ယူရရှိနိုင်ကြောင်းတွေ့ရ၍ ထိုနေရာမှရယူခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ မွန်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ဆန်းဦး၊ ရပ်မိရပ်ဖ ဦးနေထက်သိန်းနိုင်တို့က ရေပေးဝေရေးလုပ်ငန်းစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်က ရပ်ကွက်များသို့ ရေစတင်ပေးဝေရန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော်များနှင့်အတူ ရေစုပ်စက်ခန်း၊ ရေလှောင်ကန်များ၊ ရေတင်စက်များ၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကရင်ဒုံးယိမ်းအက အဖွဲ့များကိုလည်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့၏။

ထိုနည်းတူစွာ ပြည်ထောင်စုဝန်ကြီးသည် ဧပြီလ ၂၉ ရက်နေ့တွင်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များသို့ ခရီးစဉ်မစတင်မီ မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီမြို့ကွက်သစ် ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားအား တက်ရောက်ဖွင့်လှစ်ပေးခဲ့သေးသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ဆန်းဦး၊ ရပ်မိရပ်ဖ ဦးဝင်းသန်းတို့က ရေပေးဝေရေးစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ရေစတင်ပေးဝေရန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသုဓမ္မဝတီမြို့ ကွက်သစ်ရေပေးရေးလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ သန်းပေါင်း ငွေကျပ် ၁၅၀ ဒသမ ၀၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေသန်းပေါင်း ငွေကျပ် ၁၄၉ ဒသမ ၀၀ သန်း စုစုပေါင်းငွေ သန်းပေါင်း ၂၉၉ ဒသမ ၀၀သန်း သုံးစွဲဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်၏။ ရေအရင်းအမြစ်ကို ဝါးပါးဆည်မှရယူထားပြီး ရပ်ကွက်တိုင်းတွင်လည်း ဂါလန် ၄၀၀ ဆံ့ အုတ်ရေကန် ၄၃ ကန် တည်ဆောက်ပေးထားသည်။

အဆိုပါ မြို့သစ်တွင် အိမ်ခြေ ၆၆၄ အိမ်ရှိကြောင်း သိရသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနား အပြီး၌ သုဓမ္မဝတီမြို့သစ်အတွင်း လှည့်လည်ကြည့်ရှုကာ ရပ်ကွက်များ၊ လမ်းများအတွင်းရှိ အုတ်ရေကန်များ၌ လာရောက်ရေခပ်သယ်ယူနေကြသော ဒေသခံပြည်သူများကို နှုတ်ဆက်အားပေးစကားပြောကြားခဲ့ပါသည်။

အထက်က ကျွန်တော်တင်ပြခဲ့သည့် အပူပိုင်းဒေသကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေမရရှိသောကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးပြီး ရောဂါဘယထူပြောကာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများကြောင့် အပျက်အစီးများခဲ့ကြဖူးသည်။ ထိုအချိန်ကာလ၌ ထိုဒေသများသည် ရွှေကို မလို၊ ငွေကိုမလို၊ ရေကိုသာလိုချင်ကြသော ဒေသများ ဖြစ်ခဲ့သည်။ စက်ရေတွင်းများ ရေလှံ့တွင်းများ အသီးသီးပေါ်ပေါက်လာသောအခါ အံ့သြဘနန်းဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်ပီတိဖြာခဲ့ကြရသည်။ ယနေ့အချိန်အခါတွင် လည်း နယ်စပ်ရေးရာဝန်ကြီးဌာနက တူးဖော်ပေးသည့် ရေတွင်း၊ ရေကန်များ ၁၀ မိုင် ၁၅ မိုင်အထိ သွယ်တန်းပေးသည့် စိမ့်စမ်းရေသွယ်လုပ်ငန်းများ၊ ရေအရင်းအမြစ်များ ရှာဖွေရယူ၍ ဆောင်ရွက်ပေးခဲ့သည့် မြို့ရေပေးရေးလုပ်ငန်းများကြောင့် ထိုရေတွင်း၊ ရေကန်နှင့် စိမ့်စမ်းရေသွယ်လုပ်ငန်းများကို ပိုင်ဆိုင်ခွင့်ရရှိကြသော ကျေးရွာများ၊ မြို့ရေပေးရေးလုပ်ငန်းရရှိကြသည့် မြို့သူမြို့သားများ၊ ရပ်ကွက်သူရပ်ကွက်သားများ၏ မျက်နှာပြင်ဝယ်ဝမ်းမြောက်ဝမ်းသာပီတိဖြာနေသည့် သဏ္ဌာန် များကို အထင်းသား တွေ့မြင်နေရသည်။ သူတို့၏ အပျော်များက ကျွန်တော်တို့ထံသို့ စီးဝင်ပျံ့နှံ့လာပြီး ကိုယ်ပါရော၍ ပျော်ခွင့်ရခဲ့သည်။ ပီတိဖြစ်မိပါသည်။ ယခု သန့်ရှင်းသော သောက်သုံးရေရရှိသွားကြပြီဖြစ်သောမွန်ပြည်နယ်ကျိုက်ထို မြို့မှမြို့သူမြို့သားများ၊ သထုံမြို့သုဓမ္မဝတီမြို့သစ်မှ မြို့သူမြို့သားများ အားလုံးသည်လည်းရေလိုအေး၍ ပန်းနှယ်မွှေးပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

**အပူပိုင်းဒေသ ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေမရရှိသောကြောင့်တစ်ကိုယ်ရေ သန့်ရှင်းမှုနည်းပါးပြီး ရောဂါဘယ ထူပြောကာ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများကြောင့် အပျက်အစီးများခဲ့ကြဖူးသည်။ ထိုအချိန်ကာလ၌ ထိုဒေသများသည် ရွှေကိုမလို၊ ငွေကို မလို၊ ရေကိုသာလိုချင်ကြသော ဒေသများဖြစ်ခဲ့သည်**

---

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြှိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**(မီးသတ်ဦးစီးဌာန)**

---

## ဗိုလ်တထောင်ဘုရားမုခ်ဦး မီးပွိုင့်၌ CCTV တပ်ဆင်

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ပြ၏ အထင်ကရနေရာတစ်ခုဖြစ်သော ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ မုခ်ဦးအရှေ့ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားအဝင်လမ်းဆုံ (အနောက်တောင်ထောင့်) လမ်းသစ်လမ်းပေါ်ရှိ မီးပွိုင့်တိုင်၌ မေ ၆ ရက်က Police CCTV Project ကရိန်းခွက်ယာဉ်ဖြင့် CCTV နှစ်ခုတပ်ဆင်နေသည်ကို တွေ့ရသည်။

အဆိုပါ မီးပွိုင့်တိုင်တွင် CCTV တပ်ဆင်ရခြင်းမှာ ဗိုလ်တထောင် ဘုရားအရှေ့ကမ်းနားလမ်းသစ်ပေါ်တွင် ဖြတ်သန်းမောင်းနှင်လျက်ရှိသော ကွန်တိန်နာတင်ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များနှင့် ယာဉ်မျိုးစုံတို့၏ သွားလာမောင်းနှင်မှုများကို မှတ်တမ်းတင်သိရှိရန်ဖြစ်သည်။

ယခုအခါ အဆိုပါနေရာအနီးတစ်ဝိုက်တွင် ကမ်းနားလမ်းသစ်ပေါ် ကုန်တင်ယာဉ်မျိုးစုံနှင့် အခြားယာဉ်အမြောက်အမြားဖြတ်သန်းမောင်းနှင် သွားလာမှုများသကဲ့သို့ ကမ်းနားလမ်းဟောင်း၌လည်း ဘတ်စ်ကားယာဉ်များ၊ ယာဉ်ငယ်များ အမြောက်အမြားမောင်းနှင်ရာနေရာလည်း ဖြစ်ခဲ့သည်။

ကမ်းနားလမ်းမှ ကုန်သည်လမ်းကြားအထိ ဗိုလ်တထောင်ဘုရားလမ်း တစ်လျှောက်တွင် ဘတ်စ်ကားယာဉ်လိုင်းများ ရပ်နားရာနေရာဖြစ်သဖြင့် လိုင်းကားယာဉ်များနှင့် လမ်းလျှောက်ခရီးသည်များ ရှုပ်ထွေးများပြားရာနေရာလည်း ဖြစ်ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**



# ရင်ပွင့်မတတ် ကစားရဦးမယ့် မန်ယူ၊ ပြင်းထန်တဲ့ရှုန်းကန်မှုတွေ ဆောင်ကြဉ်းလာမယ့် လိုင်ယွန်

— မိုးမြင့်လင်းလက် —




ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၁၁ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ရလဒ်ပြတ်သားမှု မရှိခဲ့တဲ့ မန်ယူနဲ့ ဆဲလ်တာဗီဂိုတို့ရဲ့ အခုပွဲစဉ်ဟာ နောက်ဆုံးအကြိမ် ကြိုးစားအားထုတ်မှုဖြစ်တာမို့ အားကုန်ထုတ်ယှဉ်ပြိုင်ကြမယ့်ပွဲလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပထမအကျော့မှာ အနိုင်ရခဲ့တဲ့ အိုင်းယက်စ်ကိုလည်း အိမ်ကွင်းမှာ လိုင်ယွန်တို့ မမျှော်လင့်တဲ့ရလဒ်တွေနဲ့ ချေမှုန်းသွားနိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

### မန်ယူနှင့် ဆဲလ်တာဗီဂို

ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တဲ့ မန်ယူဟာ ရာခိုင်နှုန်းပြည့် ပျော်ရွှင်မှု မရသေးတာမို့ အခုပွဲဟာလည်း ကစားအားတင်ပြီး အကောင်းဆုံး ကစားသမားအခင်းအကျင်းနဲ့ ပွဲထွက်လာမှာ ဖြစ်ပါတယ်။ မန်ယူမှာ ဒဏ်ရာရ ကစားသမားတွေများပြားနေပြီး မိုဗစ်၊ မန်ဆက်ချ်၊ လုခ်ရှော၊ ရိုဂျိုတို့အပြင် ရက်ဖို့ဒ်လည်း ပါဝင်နေတာမို့ အချိန်မီ ပါဝင်ကစားနိုင်ဖို့ မသေချာပါဘူး။ နည်းပြ မော်ရင်ဟိုကတော့ ဆဲလ်တာဗီဂိုကို အနိုင်ယူဖို့ အကောင်းဆုံး ကစားသမား အစုအဖွဲ့ရှိနေပါတယ်လို့ဆိုပါတယ်။ ဒီပွဲအတွက်လည်း ကြိုတင်ပြင်ဆင်မှုအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ကစားရမယ့် အာဆင်နယ်နဲ့ပွဲမှာ အချို့ကစားသမားတွေကို ပွဲမထုတ်ဘဲ အားမွေးထားစေခဲ့ပါတယ်။ မန်ယူရဲ့ခြေစွမ်းကိုကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းခြောက်ပွဲမှာ ရှုံးပွဲမရှိ၊ သရေပွဲမရှိဘဲ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့တာမို့ အခုပွဲလည်း အိမ်ကွင်းမှာ မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးမှာ ဖြစ်ပါတယ်။ မန်ယူမှာ တိုက်စစ်ပိုင်းအားနည်းနေပြီး အထူးသဖြင့် အဆုံးသတ်မှုမှာ ပိုင်နိုင်မှု လျော့ကျနေပါတယ်။ ပြိုင်ဘက်ဂိုးရေိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုတွေ များနေတာမို့ အခုပွဲဟာ အဲဒီအားနည်းချက်တွေကို နည်းပြမော်ရင်ဟို ပြင်ဆင်မှ ရပါလိမ့်မယ်။ ဆဲလ်တာဗီဂိုတို့ကတော့ နောက်ဆုံးခြောက်ပွဲမှာ နှစ်ပွဲသာနိုင်ခဲ့ပြီး သရေပွဲ၊ ရှုံးပွဲတွေနဲ့ ကြုံတွေ့ခဲ့ရတာကြောင့် အခုပွဲမှာ သိပ်တော့မလွယ်ပါဘူး။ ဆဲလ်တာဗီဂိုဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းလေးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ကစားနိုင်ခဲ့တာမို့ မန်ယူတို့အခုပွဲက အိမ်ကွင်းဆိုပေမယ့် ပေါ့ပေါ့ဆဆကစားလို့ မရပါဘူး။ ဒါပေမယ့် ဆဲလ်တာဗီဂိုမှာ အားထားရတဲ့ ရှေ့စီဒဏ်ရာရရှိနေလို့ ပါဝင်ကစားဖို့ မသေချာပါဘူး။ မန်ယူဟာ ဥရောပ အိမ်ကွင်းနောက်ဆုံးကစားခဲ့တဲ့ ၁၇ ပွဲဆက်တိုက် ရှုံးပွဲမရှိတာမို့ အခုပွဲမှာ မန်ယူတို့ နိုင်ပွဲဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းသွားပါလိမ့်မယ်။

### လိုင်ယွန်နှင့် အိုင်းယက်စ်

ပထမအကျော့ အိုင်းယက်စ်ကွင်းမှာ လေးဂိုးနဲ့ ရှုံးခဲ့တဲ့ လိုင်ယွန်ဟာ အခုပွဲကို အိမ်ကွင်းလက်ခံကစားရတဲ့အခါ ချေပဂိုးတွေသွင်းပြီး ကျော်ဖြတ်နိုင်ဖို့ဆိုတာ ခဲယဉ်းလွန်းနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဘောလုံးပွဲတစ်ပွဲရဲ့ ရလဒ်ဟာ ဘာမဆိုဖြစ်သွားနိုင်တဲ့ အနေအထားတွေကြောင့် လိုင်ယွန်ဟာ ဒီပွဲမှာ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ခြေကုန်ထုတ် ထိုးစစ်ဆင်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် လိုင်ယွန်ရဲ့အခုပွဲမှာ ကစားသမားတွေ တိုက်ပွဲဝင်မှုက ပြင်းထန်မှာဖြစ်ပြီး ဂိုးတွေရအောင် သွင်းယူတော့မှာဖြစ်ပါတယ်။ လိုင်ယွန်ရဲ့ယူရိုပါလိဂ်အိမ်ကွင်း နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရခဲ့ပြီး အဲဒီ သုံးပွဲ ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ လိုင်ယွန်တိုက်စစ်မှူးတွေရဲ့ခြေစွမ်းက အံ့အားသင့်စရာ အနေအထားပါပဲ။ ခြေပေါ်ရင် တားဆီးရခက်ခဲတဲ့ လိုင်ယွန်တိုက်စစ်မှူးတွေရဲ့ ရဲရဲတံ့တံ့ ထိုးဖောက်ကျော်ဖြတ်မှုတွေက အိုင်းယက်စ်ခံစစ်မှူးတွေကို ပြာယာခတ်စေမှာ သေချာပါတယ်။ အိုင်းယက်စ်တို့က ပထမအကျော့လို လုံအောင်တည်ပြီးမှ တိုက်စစ်ဆင်ပါလိမ့်မယ်။ အိုင်းယက်စ်မှာ ဆင့်ကရာဇန်၊ ဇယ်မန်နဲ့ ဗီယာဂျီဇာတို့ ဒဏ်ရာရရှိနေတာမို့ ပါဝါပြည့်တော့ မကစားနိုင်ပါဘူး။ အိုင်းယက်စ်ရဲ့ အဝေးကွင်း နောက်ဆုံးခြောက်ပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲသာနိုင်ခဲ့ပြီး သုံးပွဲသရေကျကာ နှစ်ပွဲရှုံးထားတဲ့ မှတ်တမ်းရှိနေပါတယ်။ ဒါကြောင့် လိုင်ယွန်ရဲ့ အားထုတ်မှုဟာ ဒီပွဲမှာ ဘယ်လောက်ထိရောက်ပြီး ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိသွားနိုင်မလဲဆိုတာ ရင်ခုန်စရာတော့ ကောင်းနေတာ အမှန်ပါပဲ။ ။

---




## စတုတ္ထနေရာရဖို့ မျှော်လင့်ထားတဲ့ မန်စီးတီး

ပရီမီယာလိဂ် စတုတ္ထနေရာကို ရာသီအကုန် ပြိုင်ပွဲအကုန်နေ့မှာ အဆုံးသတ်လိမ့်မယ်လို့ မန်စီးတီး နည်းပြ ဂွာဒီယိုလာက ယုံကြည်ထားပါတယ်။ မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရပြီးတဲ့နောက် လီဗာပူးအထက် ခုန်တက်လာပြီး တတိယနေရာကို ရောက်ရှိလာပါတယ်။ နောက်ဆုံး ချန်ပီယံလိဂ်ဝင်ခွင့် နှစ်နေရာကတော့ တကယ်အံ့ဖွယ်ကောင်းတဲ့ တိုက်ပွဲတစ်ခုဖြစ်ပါတယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ မန်ယူ၊ အာဆင်နယ်၊ လီဗာပူးနဲ့ မန်စီးတီးအသင်းတွေဟာ နောက်ဆုံး ချန်ပီယံလိဂ်ဝင်ခွင့် နှစ်နေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် အသင်းကြီးတွေဖြစ်ပါတယ်။ ကျွန်တော်တို့ မန်စီးတီးအသင်းအနေနဲ့ ပွဲကုန်ရာသီကုန်မှာ စတုတ္ထနေရာဖြစ်တဲ့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာရဖို့ မျှော်လင့်ထားပါတယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ ဒါဟာ နောက်ဆုံးပြိုင်ပွဲအထိ ကြီးမားသော ပြိုင်ပွဲတစ်ခုဖြစ်တယ်လို့လည်း သူက ဆိုပါတယ်။

## ဂိုး ၅၀ ကျော်သွင်းတဲ့ တိုက်စစ်မှူး မက်ဆီ

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာက ဗီလာရီးရဲအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ဒီနှစ်ရာသီအတွက် ဂိုး ၅၀ နှင့် ၅၁ ဂိုးမြောက် ဂိုးတွေအဖြစ် သွင်းယူခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ကလည်း ဂရန်နာဒါအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့အတွက် ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ဟာ ရမှတ်အတူနဲ့ စပိန်လာလီဂါကို ဦးဆောင်နေရပါတယ်။ ပွဲစဉ် ၃၆ အပြီးမှာတော့ ရမှတ် ၈၄ မှတ်စီနဲ့ ဦးဆောင်နေကြတာပါ။ သို့သော်လည်း ရီးရဲမက်ဒရစ်က တစ်ပွဲလျော့နေတဲ့အတွက် နောက်ဆုံးပွဲစဉ်မှာ အနိုင်ရခဲ့မယ်ဆိုရင်တော့ ရီးရဲမက်ဒရစ်က ချန်ပီယံဖြစ်သွားနိုင်ပါတယ်။ ဒီနှစ် စပိန်လာလီဂါမှာတော့ ဂရန်နာဒါနဲ့ အိုဆာဆူနာအသင်းတွေကတော့ တန်းဆင်းသွားဖို့ သေချာနေပါတယ်။ အက်သလက်တီကို၊ ဆီဗီလာ၊ ဗီလာရီးရဲ၊ ဘီလ်ဘာအိုအသင်းတွေကတော့ ချန်ပီယံလိဂ်ဝင်ခွင့် နေရာတွေရဖို့ အပြိုင် ကြိုးစားနေတဲ့အသင်းတွေအဖြစ် တွေ့ရပါတယ်။






## အိမ်ကွင်း အနိုင်ရမှုစံချိန် အဆုံးသတ်ခဲ့တဲ့ ဂျူဗင်တပ်စ်အသင်း

အီတလီစီးရီးအေမှာတော့ ဂျူဗင်တပ်စ်က ၁၀ ဦးတည်းနဲ့ တိုရီနိုအသင်းကို နောက်ကျချေပဂိုးသွင်းယူကာ ဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒီချေပဂိုးကိုတော့ ဟီဂူအင်က သွင်းယူပေးခဲ့ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ဒီနှစ်ရာသီမှာ အိမ်ကွင်း ၁၇ ပွဲ စလုံး အနိုင်ရခဲ့တာပါ။ သို့သော်လည်း အဲဒီအိမ်ကွင်းစံချိန်ကို တိုရီနိုက ရပ်တန့်ခဲ့ပါတယ်။ ဧည့်အသင်း တိုရီနိုဟာ အက်ဖရီအက်ကွက် နှစ်ဝါတစ်နီနဲ့ ထွက်ခဲ့ရလို့ ၁၀ ဦးတည်းနဲ့ ကစားခဲ့ရပါတယ်။ သို့သော်လည်း အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်က ၉၁ မိနစ်မှာ ချေပဂိုးသွင်းယူခဲ့လို့ သရေပွဲဖြစ်ခဲ့ရပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ သရေပွဲရလဒ်ကြောင့် ၃၃ ပွဲ အိမ်ကွင်းဆက်တိုက် အနိုင်ရမှုကို အဆုံးသတ်ခဲ့ပါတယ်။ လက်ကျန်ပွဲကစားဖို့ သုံးပွဲအလိုမှာ ဂျူဗင်တပ်စ်က ရမှတ် ၈ မှတ်အသာနဲ့ ဒုတိယနေရာမှ နာပိုလီကို ဦးဆောင်နေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ထားဝယ် ရှင်ကိုးရှင်

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ-မြတ်ဆုဆုငြိမ်း




ရှင်ဇလွန်စေတီတော်မြတ်ကြီး

ရန်ကုန်မြို့မှ မော်တော်ကားလမ်းအတိုင်း ၃၉၁ မိုင်ကွာဝေးသည့် ထားဝယ်မြို့သည် သာယာလှပသော မောင်းမကန်ကမ်းခြေကြောင့် ထင်ရှားသကဲ့သို့ ဗုဒ္ဓဘာသာဝင်များ သွားရောက်ဖူးမြော်လေ့ရှိကြသည့် ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားများကြောင့်လည်း ကျော်ကြားသောမြို့တစ်မြို့ဖြစ်သည်။

ထားဝယ်သည် မြန်မာနိုင်ငံတောင်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်ပြီး ထားဝယ်မြစ်၏မြောက်ဘက်ကမ်းတွင် တည်ရှိကာ မုတ္တမပင်လယ်အော်မှ ၁၈ ဒသမ ၆ မိုင် ကွာဝေးသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ထားဝယ်မြို့နယ်တွင် လူဦးရေ ၁၂၅၆၀၅ ဦး နေထိုင်လျက်ရှိသည်။

ထားဝယ်ဒေသသည် ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ပုဂံဘုရင်များ ဩဇာသက်ရောက်သည့် နယ်မြေတစ်ခုဖြစ်ခဲ့ပြီး ခရစ်နှစ် ၁၅၆၄ ခုနှစ်မှ ၁၅၉၄ ခုနှစ်အထိ တောင်ငူဘုရင်များ၏လက်အောက်တွင် ရှိခဲ့သည်။ ခရစ်နှစ် ၁၅၉၄ ခုနှစ်မှစ၍ နှစ် ၂၀ ကြာ ယိုးဒယားလက်အောက်သို့ရောက်ရှိခဲ့ပြီး ၁၆၁၄ ခုနှစ်မှ ၁၇၄၀ ပြည့်နှစ်အထိ မြန်မာပိုင်နယ်မြေအတွင်း တောင်ဘက်အစွန်းမြို့တော်အဖြစ် တည်ရှိခဲ့သည်။ ယိုးဒယားတို့သည် ၁၇၄၀ ပြည့်နှစ်တွင် တနင်္သာရီဒေသကို လက်အောက်ခံအဖြစ် သတ်မှတ်ခဲ့သော်လည်း ၁၇၆၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ (ခရစ်နှစ် ၁၇၅၂-၁၇၆၀)က ပြန်လည်သိမ်းပိုက်ရယူခဲ့ပြီး လေးကျွန်းဆီမီးစေတီတော်ကို တည်ထားခဲ့သည်။ အလောင်းမင်းတရားသည် တနင်္သာရီမြို့အနီးတွင် စခန်းချခဲ့ရာ နောင်အခါတွင် ယင်းနေရာသည် အလောင်းဘုရားရွာဟု အမည်တွင်ခဲ့သည်။ တနင်္သာရီမြို့နယ်အတွင်းရှိ ဓားသွေးချောင်းဟု အမည်တွင်သည့်နေရာတွင် အလောင်းမင်းတရားနှင့် စစ်သည်များ ဓားသွေးခဲ့သည်ဟုလည်း ဆိုကြသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ(ခရစ်နှစ် ၁၈၂၄-၁၈၂၆)အပြီးတွင် ဗြိတိသျှတို့က တနင်္သာရီဒေသကိုသိမ်းပိုက်ခဲ့ရာ ထားဝယ်မြို့လည်း ပါဝင်သွားခဲ့သည်။



လောင်းလုံးမြို့နယ် ကြက်လွှတ်ကျေးရွာအနီး ပင်လယ်ထဲ၌ တည်ထားသည့် ရှင်မျှော်တောင်စေတီ

**မောင်းမကန် မျှော်ရစ်**

ထားဝယ်မြို့နယ် မောင်းမကန်ကမ်းခြေရှိ မျှော်ရစ်စေတီကို ဗုဒ္ဓဘုရားရှင်ဆံတော် အစစ်နှစ်ဆူကိန်းဝပ်သော စေတီတော်ဟု ယုံကြည်ကြသည်။ မျှော်ရစ်စေတီကို ပင်လယ်ကမ်းခြေမှ အတန်ငယ်ကွာလှမ်းသည့် ရေလယ်ကုန်းမြင့်ပေါ်တွင် တည်ထားပြီး ရှေးအခါက နဂါးရစ်စေတီဟု ခေါ်ခဲ့ကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ဥက္ကလာပြည်မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးအား ဆံတော်ရှစ်ဆူကို ပေးသနားခဲ့သည်။ ညီနောင်နှစ်ဦးသည် ဥက္ကလာသို့အပြန်ခရီးတွင် မဇ္ဈိမတိုင်း အဇတ္တနာဂရပြည့်ရှင်မင်းအား ဆံတော်နှစ်ဆူကို ပူဇော်ခွင့်ပြုပေးခဲ့ပြီး ကျန်ဆံတော်ခြောက်ဆူကို ပင့်ဆောင်၍ ရာမညတိုင်းသို့ ဆက်လက်ရွက်လွှင့်ခဲ့သည်။ လမ်းခရီးတွင် သမုဒ္ဒရာလှိုင်းလေ အဆင်မသင့်သဖြင့် ယခု ထားဝယ်မြို့နယ် မောင်းမကန်ဒေသရှိ နဂါးရစ်မော်တွင် ခရီးတစ်ထောက်နားကာ တစ်ညတာ ရပ်နားခဲ့ကြသည်။ နဂါးရစ်မော်တွင်နားခိုစဉ် တောင်စောင့်နတ်နဂါးတို့က ဆံတော်နှစ်ဆူကို ပင့်ယူပူဇော်ခဲ့ကြသည်။ (ထိုဆံတော်များကို နဂါးတို့က ကုန်သည် ညီနောင် မသိအောင် ခိုးယူသွားခဲ့ကြသည်ဟု အဆိုရှိသည်။) ကုန်သည်ညီနောင်နှစ်ဦး တစ်ညတာနားခိုခဲ့သည့်နေရာတွင် နဂါးတို့က ဆံတော်ကိုသိမ်းဆည်း၍ ရစ်ပတ်စောင့်ရှောက်ထားသောကြောင့် နဂါးရစ်မော်ဟု ခေါ်တွင်ခဲ့သည်။

ဆံတော်ရှင်မြတ်များအား နဂါးတို့ ပူဇော်ထားရှိသည့် ဌာပနာတိုက်ကို ပုဂံဘုရင် အလောင်းစည်သူမင်း လာရောက်ဖူးမြော်ခဲ့ကာ ဆံတော်ဌာပနာတိုက်ပေါ်တွင် စေတီတော်တစ်ဆူ တည်ထားခဲ့သည်။ စေတီတော်တည်နေစဉ် ဘုရင့်နောက်လိုက်အချို့က မိမိတို့ဌာနေကို လွမ်းဆွတ်တသ ညည်းညူကြသည်ကို အလောင်းစည်သူမင်းကြားသိသောအခါ ထိုသူတို့အား ရာဇဒဏ်ချထားပြီး နတ်မော်ရစ်တွင် နေရစ်စေခဲ့သည်။ အလောင်းစည်သူဘုရင်၏ဖောင်တော် ထွက်ခွာသွားချိန်တွင် ကျန်ရစ်သူများက ဖောင်တော်ကို ငေးမောကာ မျှော်ပြီးကျန်နေရစ်ခဲ့ကြရသဖြင့် မျှော်ရစ်ဟု အမည်တွင်ခဲ့သည်ဟု ဆိုကြသည်။

ယခုအခါတွင်မူ ထိုနေရာသည် တံငါလှေများ ရစ်ပတ်သွားလာနေကြရာ မော်အငူလေးတစ်ခု ဖြစ်နေသောကြောင့် မော်ရစ်ဟုလည်း ခေါ်တွင်ကြပြန်သည်။ မျှော်ရစ်မှ အနောက်မြောက်ယွန်းယွန်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်ပါက မောင်းမကန်ကမ်းခြေကို မြင်ကြရသည်။ ယင်းနေရာသည် အလောင်းစည်သူမင်း ဖောင်ဆိုက်ခဲ့စဉ်က မောင်းမမိဿံများ ရေကစားကြသည့်နေရာဖြစ်သောကြောင့် မောင်းမကန်ဟု ခေါ်တွင်ခဲ့သည်။

**ရှင်ကိုးရှင်**

ထားဝယ်မြို့နှင့် ထားဝယ်ခရိုင်အတွင်း တည်ရှိသည့် စေတီတော်ကိုးဆူ၏ ဘွဲ့အမည်များကို ရှင်ဖြင့် အစပြု မှည့်ခေါ်ထားသဖြင့် ရှင်ကိုးရှင်ဟု ထင်ရှားခဲ့ရာ ထားဝယ်မြို့နယ်တွင် ရှင်ပင်ခရု၊ ရှင်မုတ္ထီး၊ ရှင်ဥသြနှင့် ရှင်ဓာတ်ဝဲ စေတီတော်တို့တည်ရှိကာ လောင်းလုံမြို့နယ်တွင် ရှင်မျှော်တောင်၊ ရှင်တောက်ထိန်နှင့် ရှင်ဇလွန်စေတီတော်တို့ တည်ရှိသည်။ ရှင်တောင့်ပုံစေတီတော်သည် သရက်ချောင်းမြို့နယ်တွင် တည်ရှိ၍ ရှင်ဆံတော်စေတီက ရေဖြူမြို့နယ်တွင် ရှိသည်။

ရှင်ကိုးရှင်ဘုရားများ တည်ရှိရာအရပ်များကို တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူဟု အမှတ်အသားပြုကြသည်။ တောင်သုံးတောင်ဘုရားများသည် ရှင်ဆံတော်၊ ရှင်မျှော်တောင်နှင့် ရှင်တောင့်ပုံတို့ဖြစ်ကြပြီး တောသုံးတောဘုရားများမှာ ရှင်ဓာတ်ဝဲ၊ ရှင်ဇလွန်နှင့် ရှင်တောက်ထိန်တို့ ဖြစ်သည်။ ရှင်ပင်ခရု၊ ရှင်ဥသြနှင့် ရှင်မုတ္ထီးတို့သည် မြို့သုံးဆူဘုရားများ ဖြစ်ကြပေသည်။

**ရှင်ပင်ခရု**

ထားဝယ်မြို့ကရင်ပြင်တောင်ရပ်ကွက် အာဇာနည်လမ်းတွင် တည်ရှိသည့် ရှင်ပင်ခရုစေတီတော်ကို လွန်ခဲ့သော နှစ် ၃၀၀ က တည်ထားကိုးကွယ်ခဲ့သည်ဟု အစဉ်အဆက် ယူဆကြသည်။ ရှင်ပင်ခရုစေတီတော် တည်ထားသည့်နေရာတွင် ပေါက်ခဲ့သည့် ခရေပင်ကြီးနှစ်ပင်အကြား၌ အလွန်ကြီးမားသော ခရုကြီးတစ်ကောင် ပေါ်လာခဲ့ပြီး ယင်းခရုကြီး၏ အခွံပေါ်တွင် စေတီတော်တည်ခဲ့သည်ဟု အဆိုရှိခဲ့သည်။ ခရေပင်သည် ထားဝယ်ဒေသအခေါ် ရှားပင်ဖြစ်သဖြင့် ရှားပင်နှစ်ပင်နှင့် ခရုပေါ်မှဘုရားဟူသည့် အဓိပ္ပာယ်ဖြင့် ရှားပင်ခရုဟု ခေါ်တွင်ခဲ့ကြရာမှ နောက်ပိုင်းတွင် ရှင်ပင်ခရုဟု အမည်တွင်ခဲ့သည်။

၁၉၉၆ ခုနှစ် မတ် ၂၆ ရက်က ထားဝယ်မြို့ ကရင်ပြင်(တောင်)ရပ်ကွက် မီးလောင်ခဲ့ရာတွင် ရပ်ကွက်တစ်ကွက်လုံးနီးပါး မီးလောင်ကျွမ်းခံခဲ့ရသော်လည်း စေတီတော်နှင့် အရှေ့ဘက်အာရုံခံတန်ဆောင်းတို့သည် မီးမလောင်ဘဲ ကျန်ရစ်ခဲ့ပြီးနောက် ရှင်ပင်ခရုသည် ပိုမို ထင်ရှားလာခဲ့သည်။

**ရှင်မုတ္ထီး**

ရှင်မုတ္ထီးစေတီတော်သည် ထားဝယ်မြို့မှ ခြောက်မိုင်ကွာဝေးသည့် ရှင်မုတ္ထီးရွာတွင် တည်ရှိသည်။ ရှင်မုတ္ထီးရွာသည် မူလက မုတ္တသုနခဂရမြို့ဖြစ်ပြီး နောင်အခါတွင် ရှင်မုတ္ထီးဟု အမည်တွင်ခဲ့သည်။ ထားဝယ်မှ မြိတ်သို့သွားသည့် မော်တော်ကားလမ်း၏ ယာဘက်တွင် တည်ထားသည့် ရှင်မုတ္ထီးစေတီတော်၌ လက်ရှိ ဖူးမြင်နေကြရသည့် ရှင်မုတ္ထီးရုပ်ပွားတော်သည် မူလရုပ်ပွားတော်မဟုတ်ဘဲ မူလရုပ်ပွားတော်ကို စေတီတော်အတွင်း ဌာပနာထည့်သွင်းခဲ့ကြောင်း ရှင်မုတ္ထီးဘုရားသမိုင်းတွင် ရေးသားထားသည်။

ရှင်မုတ္ထီးရုပ်ပွားတော်သည် သိကြားမင်းက သာသနာတည်စေရန် စီမံသည့်အတိုင်း ပင်လယ်တွင်းသို့ သီဟိုဠ်ကျွန်းမှ ရဟန္တာ အရှင်မဟာအရဟံ မျှောခဲ့သည့် ရုပ်ပွားတော်လေးဆူအနက် တစ်ဆူဖြစ်ကြောင်း ယုံကြည်ကြသည်။ ကျန်သုံးဆူမှာ ပုသိမ်မြို့ရှိ ရှင်မုဋ္ဌောဘုရား၊ ကျိုက်ထိုမြို့မှ ကျိုက်ပေါလော မှည့်ရှင်ဘုရားနှင့် ကျိုက္ခမီရှိ ရေလယ်ဘုရားတို့ဖြစ်ကြောင်း အဆိုရှိသည်။ ရှင်မုတ္ထီးရုပ်ပွားတော်ကို ဆယ်ယူရရှိခဲ့သည့် နေရာသည် စေတီတော်၏ အနောက်ဘက်မြစ်ကမ်းအနီးဖြစ်ပြီး ထိုနေရာတွင် ရုပ်ပွားတော်ကိုဆယ်ယူခဲ့သည့် သီလရှင်ရုပ်တုကို ထုလုပ်ပြသထားသည်။

**ရှင်တောင့်ပုံ**

ပေ ၂၀၀၀ ကျော်အမြင့်ရှိသည့် တောင်ကုန်းပေါ်တွင် တည်ထားသည့် ရှင်တောင့်ပုံစေတီသည် ထားဝယ်မြို့မှ ၁၈ မိုင်ကွာဝေးသော သရက်ချောင်းမြို့တွင် တည်ရှိသည်။ တောင့်ပုံသည် မြားပုံး၊ မြားပလုံး၊ မြားကျည်တောက်များ စုပုံထားသည့်နေရာဟု အဓိပ္ပာယ်ရှိသည်။ ရှင်တောင့်ပုံစေတီတော် တည်ထားသည့် ကုန်းမြင့်ပေါ်တွင် တောမုဆိုးမောင်နွားသည် မုဆိုးဘဝကိုစွန့်၍ သူ၏ မုဆိုးအသုံးအဆောင် ပစ္စည်းများကို စုပုံမီးရှို့ပြီး ရသေ့ဝတ်ခဲ့သည်ဟု ဆိုကြသည်။

မုဆိုးမောင်နွားသည် ရှင်ဂေါဝိန္ဒအမည်ဖြင့် ရသေ့ဝတ်ခဲ့ပြီး ရှင်တောင့်ပုံစေတီကို တည်ထားခဲ့သည်။ ရှင်တောင့်ပုံစေတီကို ပျူခေတ် သို့မဟုတ် ပုဂံခေတ်ဦးပိုင်းလက်ရာဟု ဆိုကြသော်လည်း ခိုင်မာသော အထောက်အထားများ မတွေ့ရှိရသေးပါချေ။

**ရှင်မျှော်တောင်**

ရှင်မျှော်တောင်ဘုရားသည်လည်း တောင်ပေါ်စေတီတစ်ဆူဖြစ်ကာ ထားဝယ်မြို့မှ ၅၂ မိုင်ကွာဝေးသည့် လောင်းလုံးမြို့နယ် ကြက်လွှတ်ကျေးရွာတွင် တည်ရှိသည်။ ဘုရားသမိုင်းများအလိုအရ သက္ကရာဇ် ၂၃၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ရှင်မျှော်တောင်စေတီကို တည်ထားခဲ့ပြီး ပုဂံဘုရင်များဖြစ်ခဲ့ကြသည့် အလောင်းစည်သူမင်းနှင့် နရပတိစည်သူမင်းတို့ လာရောက်ကုသိုလ်ပြုခဲ့ကြသည်ဟုဆိုသည်။

ပင်လယ်ကမ်းခြေနှင့် အတန်ငယ်ဝေးသည့်နေရာတွင်ရှိသည့် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် တည်ထားသည့် စေတီငယ်ကို ပေါင်မုန့်လုံးစေတီဟု ခေတ်စကားဖြင့် ခေါ်ဆိုကြပြီး ရေကြီးရေတက်ချိန်တွင် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီရေလယ်ဘုရားကဲ့သို့ စေတီတည်ထားသည့်နေရာသည် ဒယ်အိုးကဲ့သို့ဖြစ်လာကာ စေတီတော်ပေါ်သို့ ရေများတက်ရောက်ရှိခြင်းမရှိချေ။

ရှင်မျှော်တောင်အောက်၊ အုတ်စင်မြောက်စခန်းတွင်ရှိသည့် ရေအိုင်ငယ်သည် ပင်လယ်ဒီရေတက်ချိန်တွင် ဆားငန်ရေများ ဝင်ရောက်လွှမ်းမိုးလေ့ရှိသော်လည်း ဒီရေကျသွားချိန်တွင် ရေချိုအိုင်အဖြစ်သာ တည်ရှိနေသည်ဟု ဆိုကြသည်။ ရှင်မျှော်တော်၏ အံ့ဖွယ်ခြောက်ဖြာကိုလည်း ဘုရားသမိုင်းစာအုပ်များတွင် ရေးသားဖော်ပြလေ့ရှိကြသည်။

စာမျက်နှာ ၂၁ သို့

**သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည့် ထားဝယ်သည် သာဂရမြို့ဟောင်း၊ ရှင်ကိုးရှင်ဘုရားများ၊ လျောင်းတော်မူ ရုပ်ပွားတော်ကြီး၊ မောင်းမကန်ကမ်းခြေ၊ ရေနက်ဆိပ်ကမ်း၊ ထိုင်းနယ်စပ် ကချာပူရီတို့ကြောင့် ထင်ရှားပြီးဖြစ်ပေသည်။ အထူးသဖြင့် နှုတ်ပြောရာဇဝင်များနှင့် ရောပြွမ်းနေသည့် ရှင်ကိုးရှင်စေတီများသည် အထောက်အထားခိုင်မာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြည်ညိုသဒ္ဓါပွားကြသည့် လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားသာယာလျက်ရှိနေပေသည်**

## သတင်းတိုများ

### ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပလျက်ရှိ

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရှိ အထင်ကရ ဘုရားစေတီပုထိုးတော်များဖြစ်သော သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်ဘုရားများ (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် အထိမ်းအမှတ်အဖြစ် ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကို ဧပြီ ၂၇ ရက်မှ မေ ၁၄ ရက်အထိ မြောက်ဦးမြို့နယ်အားကစားကွင်း၌ ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါ ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲတွင် မြောက်ဦး မြို့နယ်အတွင်းရှိ ဘောလုံးအားကစားကို စိတ်ပါဝင်စားသော လူငယ်များပါဝင်သည့် ပြိုင်ပွဲဝင် အသင်း ၄၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### မူးယစ်ဆေးအန္တရာယ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကံပုလုပ်ကျေးရွာမှ ဒေသခံပြည်သူများအား မူးယစ်ဆေးဝါးနှင့် ကွမ်းစားခြင်းအန္တရာယ်များအကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး ဆိုင်ရာများ အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်နှင့်ဓာတ်ပုံပြပွဲများကို ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် ရေး၊ ကွမ်းစားခြင်း၏ ဆိုးကျိုးအန္တရာယ်များအကြောင်း စသည်တို့ကို ဟောပြောကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့သည်။ ထို့နောက် ဦးစီးဌာနဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်များငှားရမ်း ပေးကာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေး မှတ်တမ်းပုံများကိုလည်း ခင်း ကျင်းပြသခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### (၇၁)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

(၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် ညနေ ၄ နာရီက သဲကုန်းမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက (၇၁)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မီးသတ်စခန်းမြေနေရာ အလှူရှင်၊ လုပ်သက် ၂၅ နှစ်ပြည့်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်လုပ်သက် (၂၅)နှစ်ပြည့်တပ်ဖွဲ့ဝင်များ၊ သင်တန်း တက်ရောက်စဉ် ဆုရရှိသူတပ်ဖွဲ့ဝင်များအား မှတ်တမ်းလွှာများချီးမြှင့်ပေးခဲ့ပြီး ကျေးလက်နေအိမ်များတွင် ဖြစ်ပွားလေ့ရှိသော ကောက်ရိုးပုံမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းမှုကို လက်တွေ့ငြိမ်းသတ် သရုပ်ပြခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ မြို့လုံးကျွတ် စုပေါင်းဆောင်ရွက်နေ

**ငါးသိုင်းချောင်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးအတွက် မြို့လုံးကျွတ် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်း များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း၍ မေ ၇ ရက်မှ စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့လုံးကျွတ် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်း များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငါးသိုင်းချောင်းမြို့ပြည်သူ့ဆေးရုံမှ တာဝန်ခံ ဆရာဝန် ဒေါက်တာနေဝင်းထွန်း ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်သော အဖွဲ့ဝင်အင်အား ၁၅၀ ကျော်က ရွှေဘိုရပ်ကွက်မှစတင်၍ အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း လှည့် လည်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြို့လုံးကျွတ် အဘိတ်ဆေးခတ်ခြင်းအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ် များကို ရွှေဘိုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒေါက်တာနေဝင်းထွန်းက ပူးပေါင်းအဖွဲ့ဝင် များအား ရှင်းလင်းညှိနှိုင်းဆွေးနွေးပြီး ရွှေဘိုရပ်ကွက်အတွင်း အိမ်ခြေ ၈၀၀ ကျော်သို့ အဖွဲ့ ငါးဖွဲ့ခွဲလျက် လမ်းပိုင်းများအလိုက် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများကို အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဘိတ်ဆေးခတ်ခြင်းကို သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ခြေအများဆုံးဖြစ် သော ရွှေဘိုရပ်ကွက် မြေနိမ့်ပိုင်းလမ်းပိုင်းများမှ စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆေးခတ်ရန်အတွက် လိုအပ်သော အဘိတ်ဆေးပုံး ၂၄ ပုံးကို မြို့ပေါ်ရှိ စေတနာရှင် ပြည်သူများက စုပေါင်းလှူဒါန်းခဲ့ပြီး မြို့ပေါ်ရပ်ကွက် ခြောက်ခုအတွက် အိမ်ခြေစာရင်း အလိုက် အချိုးကျခွဲဝေလျက် မေလအတွင်း မြို့လုံးကျွတ် ဆေးခတ်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းအပြင် မိုးရာသီကာလအတွင်း မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ကာ ခြင်ပေါက် ပွားမှုမရှိစေရေးအတွက် မြို့မရပ်ကွက်နှင့် ရွှေဘိုရပ်ကွက် လမ်းမတော်လမ်းရှိ ပင်မရေ ထုတ်မြောင်းကို တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများကိုလည်း ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့က တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## လမ်းပြုပြင်ခြင်းနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**ရွှေသောင်ယံ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ တွင်းရှိ လမ်းများကို မြေဖို့ပြုပြင်ခြင်းနှင့် လမ်းများ သန့် ရှင်းသာယာလှပရေးလုပ်ငန်းများကို မေ ၅ ရက်နှင့် ၆ ရက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လမ်းများ မြေဖို့ ပြုပြင်ခြင်းကို ရွှေသောင်ယံအထကကျောင်းရှေ့ ဆေးရုံ ရှေ့ အစိုးရရုံး အဆောက်အအုံများရှေ့စသည်ဖြင့် ကမ်း နားလမ်းမကြီးတစ်လျှောက်လုံးတွင် ဆောင်ရွက်ကာ လမ်းပြုပြင်ခြင်းအတွက် မြေသယ်ယာဉ်များ၊ မြေတူး စက်များကို ရွှေသောင်ယံမြို့ရပ်ကွက်(၁)အုပ်ချုပ်ရေး မှူးက ကူညီပံ့ပိုးပေးပြီး အခြားလုပ်ငန်းရှင်များကလည်း မြေသယ်ယဉ်များ ပါဝင်ကူညီ၍ ရပ်ကွက်(၂)အုပ်ချုပ် ရေးမှူးနှင့် ပြည်သူများက ယာဉ်များအတွက် ဒီဇယ်ဆီ နှင့် ဝိုင်းဝန်းလုပ်ကိုင်ပေးသော ပြည်သူများအတွက် ကျွေးမွေးစရိတ်များ ထည့်ဝင်လှူဒါန်းကြကြောင်း သိရ သည်။



ထို့အပြင် မြို့သန့်ရှင်းသာယာလှပစေရန်အတွက် ရွှေသောင်ယံမြို့မှ သဲကုန်းအုပ်စု၊ သဘော့ကနအုပ်စု များနှင့် ဆက်သွယ်သွားလာသော ကားလမ်းမဘေး ဝဲယာရှိ ချုံနွယ်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရွှေသောင်ယံမြို့စည်ပင်သာယာဥက္ကဋ္ဌနှင့် စည်ပင်ဝန်ထမ်း များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ စုစုပေါင်း အင်အား ၁၀၀ ကျော်ဖြင့် တက်ညီလက်ညီ ဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။ **ကိုကိုမောင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

**ရှင်တောက်ထိန်**

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကမြောကင်းကျေးရွာတွင် တည်ရှိနေသည့် ရှင်တောက်ထိန်စေတီကို ရှင်ကိုးရှင်ဟု ဆိုကြသော်လည်း မူလ ရှင်တောက်ထိန် ဘုရားသည် စေတီတော်အရှေ့ဘက် သိမ်အတွင်းရှိ တဝဂူတွင် ကိန်းဝပ်စံပယ် နေသော ရုပ်ပွားတော်ဖြစ်သည်။ ရှင်တောက်ထိန်ဘုရားကို ဓာတ်ဘုရားဟုလည်း ခေါ်ကြပြီး နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ကမြောကင်းကျေးရွာတွင် ရှင် တောက်ထိန်ဘုရား ဆွမ်းတော်ကြီးတင်ပွဲ ကျင်းပလေ့ရှိသည်။

**ရှင်ဥသြ**

ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ရွှေကျောင်းကြီးဝင်းအတွင်း၌ တည်ရှိသော ရှင်ဥသြစေတီသည် ဖောင်းရစ် ၁၁ ရစ်ရှိသည့် တည်ဆောက်ထားပုံထူးခြားသော စေတီတစ်ဆူဖြစ်သည်။ ရွှေတောင်စားမင်း မင်းရှင်ဇော်သည် သက္ကရာဇ် ၁၁၂၂ ခုနှစ်က ပိန္နဲတောရပ်တွင် ရွှေကျောင်းကြီးကိုဆောက်လုပ်၍ နန်းစံခဲ့ကာ သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် နန်းဦးစေတီအဖြစ် ရှင်ဥသြစေတီကို တည်ခဲ့သည်။ မင်းရှင်ဇော်သည် ရွှေဥသြစေတီကိုတည်အပြီး နှစ်နှစ်အကြာတွင် ရွှေတောင်စားစေတီကို ထပ်မံတည် ထားခဲ့သည်။

ရှင်ဥသြစေတီတွင် မြန်မာသက္ကရာဇ် ၁၁၆၅ ခုနှစ်က ထားဝယ်မြို့ဝန် ရာဇသင်္ကြံ သမီးမောင်နှံ လှူဒါန်းချိတ်ဆွဲထားသည့် ကုန်းဘောင်ခေတ်ခေါင်းလောင်းတွင် ကမ္ပည်းစာ ၁၃ ကြောင်း ရေးထိုးထားသည်။ ရာဇသင်္ကြံသည် အမရပူရ ပထမမြို့ တည်နန်းတည် ဘဝရှင်မင်းတရားကြီး(ဘိုးတော်ဘုရား ဗဒုံမင်း)၏ ငယ်ကျွန်ရင်း ဖြစ်ကာ ခေါင်းလောင်းစာကြောင်းရေ (၈)တွင် သာယာဝတီအမည်ရှိသော ဓားဝယ် မြို့ဟု ရေးထိုးထားသဖြင့် ကုန်းဘောင်ခေတ်တွင် ထားဝယ်ကို သာယာဝတီဟုလည်း ခေါ်ဆိုခဲ့ကြောင်း တွေ့ရှိရပေသည်။

**ရှင်ဇလွန်**

လောင်းလုံးမြို့နယ်အတွင်းရှိ သာဂရမြို့ဟောင်းတွင် တည်ရှိသော ရှင်ဇလွန် စေတီတော်၏ ခေါင်းလောင်းပုံအထက်ပိုင်း ပတ်လည်တွင် အင်္ဂတေပန်းများ ပုံဖော် ထားသဖြင့် ရှေးဟောင်းသုတေသီများ စိတ်ဝင်စားကြသည်။ အင်္ဂတေပန်းကနုတ်များ တွင် သိရိဝစ္ဆပုံများ ပါရှိနေသဖြင့် ရှင်ဇလွန်ကို ပျူခေတ်နှင့်ခေတ်ပြိုင် တည်ရှိခဲ့သည့် စေတီတော်ဟု ယူဆမှုများရှိခဲ့သည်။ သာဂရမြို့ဟောင်း၊ မြို့ဟောင်း၏ အတွင်းအပြင် မြို့ရိုးနှင့် ကျုံးများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်မှု ပြုထားသည်။

ရှင်ဇလွန်ဘုရားသမိုင်းသည် ရှင်ထောင့်ပုံစေတီကို တည်ခဲ့သည့် တောမုဆိုး မောင်နှံနှင့် ဆက်စပ်နေသည်။ မောင်နှံသည် ဂေါဝိန္ဒအမည်ဖြင့် ရသေ့ဝတ်ခဲ့ရာ ဆွမ်းခံပြန်ခဲ့သည့်တစ်ရက်တွင် လူမမယ် မွေးကင်းစကလေးငယ်နှစ်ယောက်အား လမ်းတွင်တွေ့ရှိခဲ့သဖြင့် ကောက်ယူမွေးစားကာ မိန်းကလေးကို ရှင်ဇော၊ ယောက်ျား လေးကို ရှင်ဇံဟု အမည်ပေးခဲ့သည်။ ရဟန္တာအရှင်မြတ်တစ်ပါး ယင်းဒေသသို့ ရောက်ရှိခဲ့ချိန်တွင် ဘုရားရှင်ဓာတ်တော်အစစ်တစ်ဆူကို ရှင်ဇံသို့ပေး၍ ဓာတ်တော် ပွားတစ်ဆူကို ရှင်ဇောသို့ ပေးခဲ့သည်။

ရှင်ဇလွန်စေတီသည် ဓာတ်တော်ပွားကိုဌာပနာကာ သက္ကရာဇ် ၁၇၀ ပြည့်နှစ်တွင် ရှင်ဇောက တည်ထားခဲ့သော စေတီဖြစ်သည်။ မောင်ဖြစ်သူ ရှင်ဇံက ဓာတ်တော် အစစ်ကို ဌာပနာလျက် ရှင်ခတ်ဝဲစေတီကို တည်ခဲ့သည်။ ရှင်ဇလွန်သည် အမျိုးသမီး တည်ခဲ့သော စေတီဖြစ်သဖြင့် စေတီတော်ထီးတော်တင်ရာတွင် အမျိုးသမီးပါမှ အောင်မြင်သည်ဟု အယူရှိခဲ့သည်။

**ရှင်ခတ်ဝဲ**

ရှင်ခတ်ဝဲသည် ရှင်ဇလွန်ကိုတည်ခဲ့သည့် ရှင်ဇော၏ မောင်ဖြစ်သူ ရှင်ဇံ တည်ခဲ့ သော စေတီတော်ဖြစ်ကာ ထားဝယ်မြို့မှ ရေဖြူသို့သွားသည့် မော်တော်ကားလမ်းမှ ခုနစ်မိုင်ဝေးသော မောင်မယ်ရှောင်ရွာတွင် တည်ရှိသည်။

ရှင်ဇံသည် မိမိရရှိခဲ့သည့်ဓာတ်တော်ကို ဘုရားတည်ရန် အဓိဋ္ဌာန်ပြုလျက် လေထဲ သို့လွှင့်ခဲ့ရာ ယခုစေတီတော်အနီးတွင် ပျံဝဲနေခဲ့သဖြင့် ရှင်ခတ်ဝဲစေတီဟု အမည် တွင်ခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ရှင်ခတ်ဝဲစေတီတော်အနီးတွင် ဉာဏ်တော် ၁၅ ပေမြင့်သည့် ထိုင်တော်မူ ကျောက်ဆင်းတုရုပ်ပွားတစ်ခုကို ဖူးမြင် နိုင်ကြသည်။




ရှင်ခတ်ဝဲဘုရားကြီး အဝင်မုခ်ဦး

**ရှင်ဆံတော်**

ကလိန်တောင် ဆံတော်ရှင်ဆုတောင်းပြည့်ဘုရားဟု ထင်ရှားသည့် ရှင်ဆံတော် စေတီကို ရေဖြူမြို့နယ် ကလိန်အောင်တောင်ပေါ်တွင် တည်ထားသည်။ ကလိန် အောင်တောင်သည် ထားဝယ်မြို့မှ မြောက်ဘက် ၄၇ မိုင်အကွာ ထားဝယ်နှင့်ရေး မြို့အကြားတွင် တည်ရှိသည်။

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူ၏ ဆံတော်သုံးဆူစီကို ဝေဿတောင်ကုန်းတွင် အလျား အတောင် ၃၀၊ အနံ အတောင် ၃၀ နှင့် အနက် အတောင် ၄၀ ရှိသည့် ကျောက်ဌာပနာတိုက်တွင် ထည့်သွင်းလျက် အပေါ်တွင်ဉာဏ် တော် ၁၅ တောင်ရှိသည့် စေတီတော်ကို တည်ထားကာ ရှင်ဆံတော်ဟု ဘွဲ့မည်ပေးခဲ့ သည်။ ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်တို့၏ ဆံတော် ၁၂ ဆူ ကိန်း ဝပ်စံပယ်လျက် ရောင်ခြည်တော်များကွန့်မြူးရာ ကလိန်အောင် ဆုတောင်းပြည့်ရှင် ဆံတော်သည် ရှင်ကိုးရှင်တစ်ဆူအဖြစ် အထူးထင်ရှားကာ နှစ်စဉ် တပေါင်းလပြည့်နေ့ တွင် ဘုရားပွဲတော် ကျင်းပလေ့ရှိသည်။

**ရှင်မုတ္ထီး အုတ်ခွက်ဘုရားများ**

ခရစ်နှစ် ၁၉၂၄ ခုနှစ်တွင် တနင်္သာရီတိုင်းမင်းကြီး မစ္စတာအိပ်ချ်အမ် စတီဗင် ဆင်သည် ထားဝယ်ရှင်ကိုးရှင်မှ တစ်ဆူဖြစ်သည့် ရှင်မုတ္ထီးစေတီအနီးမှ မြေအုတ် ခွက် ၃၀၀ ခန့်ကို ရရှိခဲ့သည်။ အုတ်ခွက်ဘုရားအချို့၏ ကျောဘက်တွင် ရှေးဟောင်း မွန်ကမ္ပည်းစာများ ရေးသားထားသည့်အနက် 'သို့ဒ်သြိတြိဘောဝနာဒိတျ'သည် မြန်မာဘာသာဖြင့် 'သီရိတြိ ဘုဝနာဒိတျ ဓမ္မရာဇာ' ဖြစ်ပြီး ယင်းအမည်သည် ပုဂံ ပြည့်ရှင် ကျန်စစ်သားမင်းကြီး၏ ဘွဲ့တော်ဖြစ်သည်။

ထားဝယ်ကို ပုဂံခေတ်က ထဝါယ်၊ ဒဝါယ်ဟု ရေးသားခဲ့ကြပြီး အုတ်ခွက်ကမ္ပည်း စာတွင်ပါရှိသော ထားဝယ်မြို့ကိုအုပ်ချုပ်သူ ဓမ္မရာဇ် သမ္ဗင် အနန္တဇေယျ (သံဗျင် အနန္တဇေယျ)သည် ကျန်စစ်သားမင်းကြီး၏ သစ္စာတော်ခံဖြစ်သည်။

သမိုင်းပညာရှင်များသည် အထောက်အထားများကိုစုစည်းကာ ထားဝယ်၊ မြိတ်၊ တနင်္သာရီ အပါအဝင် တနင်္သာရီကမ်းရိုးတန်းဒေသများသည် ပုဂံခေတ်တွင် မြန်မာ ဘုရင်များ သြဇာပျံ့နှံ့ခဲ့သည့်နေရာများ ဖြစ်ခဲ့ပြီး နိုင်ငံရပ်ခြားနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်ခဲ့သည့် ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်ခဲ့ကြောင်း ပေါ်လွင်နေသည်ဟု သုံး သပ်ခဲ့သည်။

သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည့် ထားဝယ်သည် သာဂရမြို့ဟောင်း၊ ရှင်ကိုးရှင်ဘုရား များ၊ လျောင်းတော်မူရုပ်ပွားတော်ကြီး၊ မောင်းမကန်ကမ်းခြေ၊ ရေနက်ဆိပ်ကမ်း၊ ထိုင်းနယ်စပ် ကချာပူရီတို့ကြောင့် ထင်ရှားပြီးဖြစ်ပေသည်။ အထူးသဖြင့် နှုတ်ပြော ရာဇဝင်များနှင့် ရောပြွမ်းနေသည့် ရှင်ကိုးရှင်စေတီများသည် အထောက်အထား ခိုင်မာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြည်ညိုသဒ္ဓါပွားကြသည့် လာရောက်ဖူး မြော်ကြသူများဖြင့် စည်ကားသာယာလျက်ရှိနေပေသည်။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
**(၂) လက်ရွေးစင်ရှေးဟောင်းခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**
**(၃) ရှင်ကိုးရှင် ဘုရားသမိုင်း (ဦးအောင်နိုင်)**



တံတားမတည်ဆောက်နိုင်သေးသည့် ယနေ့အချိန် ရန်ကုန်-ဒလ ကူးတို့ဆိပ်တစ်နေရာ

# ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတားတည်ဆောက်မှု ၂၀၁၈ ဇန်နဝါရီတွင် စတင်မည်

**ရန်ကုန် မေ ၈**

ဒေသခံပြည်သူများစွာတို့၏ မျှော်လင့်နေသော ရွှေရောင် အိမ်မက်ဖြစ်သည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတား တည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၂ အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မေ ၄ ရက်က ပြုလုပ်ခဲ့သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် ပုဂ္ဂလိက ဆိပ်ကမ်းလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့သည့် ရန်ကုန်-ဒလ မြစ်ကူးတံတား စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ရန်ကုန်-ဒလ မြစ်ကူးတံတားကို မူလက အသေးစိတ်ရေးဆွဲထားသော တံတားဒီဇိုင်းဖြင့် အမြင့် ၄၉ မီတာဖြင့် တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ တံတားတည်ဆောက်မည့်နေရာအနေဖြင့် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်ထားသည့် လမ်းအူကြောင်းမှာ ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းအဖြစ် ရွေးချယ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသများမှ ပြည်သူများစွာတို့၏ ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အကူဖြစ်ထွန်းစေမည့် ရန်ကုန်-ဒလမြစ်ကူးတံတား စီမံကိန်းလုပ်ငန်းများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မေ ၄ ရက် အစည်းအဝေးမှ ရလဒ်အနေဖြင့် ၉၉ ရာခိုင်နှုန်း ဆက်လုပ်ရန် သေချာသွားပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ အတည်ပြုခဲ့ကြောင်း ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရန်ကုန်-ဒလ တံတားစီမံကိန်းလုပ်ငန်း အစီအစဉ်များအရ အသေးစိတ် တံတားဒီဇိုင်းအတွက် အတိုင်ပင်ခံကုမ္ပဏီရွေးချယ်ခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဆောင်ရွက်ခဲ့ပြီး အသေးစိတ် တံတားဒီဇိုင်းရေးဆွဲခြင်းကို ၂၀၁၇ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည်ဖြစ်ကာ မြေယာလျော်ကြေး ပေးချေခြင်းကို ၂၀၁၆ ဧပြီလမှ ၂၀၁၇ ဖေဖော်ဝါရီလအထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တည်ဆောက်ရေးကုမ္ပဏီ ရွေးချယ်ခြင်းကို ၂၀၁၇ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းများကို ၂၀၁၈ ဇန်နဝါရီမှ ၂၀၂၂ ဇွန်လအထိအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် စီစဉ်ရေးဆွဲထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနမှ သိရသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလမြစ်ကူးတံတားကြီးကို ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ EDCF Loan ချေးငွေ အမေရိကန် ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ ၃၀ ဒသမ ၃၄၁ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၃ သန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-ဒလ မြစ်ကူးတံတားကြီး ပြီးစီးအောင်မြင်သွားပါက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူများစွာတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်လာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ကျွန်းလှမြို့ ဗုဒ္ဓတက္ကသိုလ်တွင် ဒီပလိုမာ(Diploma) သင်တန်းဖွင့်လှစ်မည်

**ကျွန်းလှ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်တွင် ဒီပလိုမာ(Diploma) နှစ်နှစ်သင်တန်းကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဉာဏိဿရ လမ်းညွှန်မှုဖြင့် ငါးကျမ်းပြန်ဆရာတော် ဒေါက်တာဓမ္မပိယ(ပါမောက္ခချုပ်)ဦးဆောင်၍ ဇူလိုင် ၂ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာ(၂)နှစ်သင်တန်းတွင် သံဃာအပါး ၄၀ ကို အဆောင်နေစာသင်သားအဖြစ် ခွင့်ပြု၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာများကို စစ်ကိုင်းမြို့ IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ၊ ကျွန်းလှမြို့သီတဂူဆေးရုံနှင့် သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးရုံးတို့တွင် ဧပြီ ၂၅ ရက်မှ မေ ၂၅ရက်အထိအတွင်း သတ်မှတ်အရည်အချင်းပြည့်စုံသူများ ထုတ်ယူ၍ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာရှင်များအနေဖြင့် မေ ၂၅ ရက်တွင် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ကြောင်း IBEC ဆရာတော် အရှင်သောဘိတ(ဒုတိယပါမောက္ခချုပ်-စီမံ)၏ မိန့်ကြားချက်အရ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြိတ် Shopping Center တွင် မီးလောင်မှုဖြစ်ပွား

**မြိတ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ် Shopping Center ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ မေ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က တည်ထားသောဆီအိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။




အဆိုပါစင်တာရှိ ဦးဝင်းမြင့်ပိုင်ဆိုင်သော HONG KONG Kitching စာသောက်ဆိုင်၌ စားဖိုမှူး ဦးသီဟစိုးသည် ကြက်သားကြော်ရန် ဆီအိုးတည်ထားပြီး အပြင်ထွက်သွားစဉ် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူးဦးဇော်ဝင်း ဦးဆောင်သည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၄ စီး၊ လူနာတင်ယာဉ် တစ်စီးဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ကြပြီး ၁၂ နာရီ ၄၀ မိနစ်ခန့်တွင် မီးငြှိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မျက်နှာကြက်အုတ်ကျွတ်ပြားနှစ်ချပ်၊ ဆီအိုးသုတ်တံ တစ်ခု၊ ဆီလီကွန်(ကော်)အနည်းငယ်နှင့် အကြော်ဆီအနည်းငယ်သာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုစတင်ဖြစ်ပွားချိန်တွင် မီးသတ်ဆေးဘူးများဖြင့် ကနဦး မီးငြှိမ်းသတ်ထားသည်ကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ မီးလောင်မှုတွင် တာဝန်ရှိသူ စားဖိုမှူးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု မရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## သတင်းတိုများ

### လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံပွဲပြုလုပ်

ကျိုက်ထိုမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်းမှ ဒေသခံပြည်သူများတွေ့ဆုံပွဲကို မေ ၅ ရက်က ကျိုက်ထိုမြို့ ချစ်ဝိုင်းစားသောက်ဆိုင် မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်တို့က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက ပညာရေးကဏ္ဍတွင် စာသင်ဆောင်နှင့် ဆရာ/ဆရာမ လိုအပ်မှု၊ ကျန်းမာရေးအတွက် ဆေးပေးခန်းနှင့်သားဖွားဆရာမ လိုအပ်မှု၊ စီးပွားရေးကဏ္ဍအတွက် လျှပ်စစ်မီးနှင့် လမ်းတံတားလိုအပ်မှု၊ စိုက်ပျိုးရေးနည်းစနစ် လိုအပ်မှုများကို တင်ပြခဲ့ကာ ဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

### မြို့နယ်ပြန်/ဆက် ကလေးစာဖတ်ခန်းအတွက် ပရိဘောဂများလှူဒါန်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၌ အသုံးပြုရန်အတွက် မြို့နယ်သမဝါယမအသင်းစုမှ ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၄ ရက်က မြို့နယ် ပြန်/ဆက်ရုံး၌ ကျင်းပခဲ့သည်။ လှူဒါန်းပွဲတွင် မြို့နယ်သမဝါယမအသင်းစုဉက္ကဋ္ဌ ဦးထွန်းအောင်ဦး၊ အတွင်းရေးမှူး ဦးဘညွန့်နှင့် အဖွဲ့ဝင်များက ကျပ် ၈၀၀၀၀ တန်ဖိုးရှိ အလူမီနီယမ် ဘီရိုတစ်လုံးနှင့် ကျပ် ၂၀၀၀၀ တန်ဖိုးရှိ စာကြည့်စားပွဲ လေးလုံးတို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလိန်းမာန်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ဝင်းအောင်**

### ခရိုင်အား/ကာဉက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အားကစားနှင့် ကာယပညာကော်မတီဉက္ကဋ္ဌဖလား မြို့နယ်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အင်းတော်မြို့မြအင်းသာအားကစားခန်းမ၌ မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲကို ကသာခရိုင် အားကစားနှင့်ကာယပညာကော်မတီဉက္ကဋ္ဌကိုယ်စား အင်းတော်နယ် အား/ကာကော်မတီဉက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးကာပြိုင်ပွဲတွင် အင်းတော်၊ ကသာ၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း ဝန်းသိုနှင့် ပင်လယ်ဘူးမြို့နယ်ခုနစ်ခုမှ ကစားသမားအဖွဲ့များက အုပ်စုနှစ်စုခွဲ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းမှ အတွေ့အကြုံများ ဆင့်ပွားဟောပြောဆွေးနွေး

**လေးမျက်နှာ မေ ၈**

လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြု စီမံကိန်းအရ ဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ၏ ဆင့်ပွားဟောပြောဆွေးနွေးပွဲနှင့် ကြက်ခြေနီသုံး ရှေးဦးသူနာပြုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို လေးမျက်နှာမြို့ ထိန်ငူကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

ဆင့်ပွားဟောပြောပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးယဉ်မင်းဦးက လေးမျက်နှာမြို့သည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ဖူးခြင်းကြောင့် ထပ်မံဖြစ်ပွားလာပါက ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် ဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံရှေးဦးပြုစုနည်းနှင့် ဆောင်ရန်ရှောင်ရန်နည်းလမ်းများကို ဝန်ထမ်းများ သိရှိနားလည်ပြီး ပြည်သူလူထုအတွင်း ကူညီဆောင်ရွက်ပေးခြင်း၊ ဆင့်ပွားပညာပေးခြင်းတို့ဖြင့် ပြည်သူလူထုအတွက် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေမည်ဖြစ်၍ သင်တန်းကို မြို့နယ်ရုံးတွင် ဖွင့်လှစ်ပေးလျက်ရှိပြီး ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ယခုကဲ့သို့ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူ ဝန်ထမ်းများက လက်တွေ့ကွင်းဆင်း၍ ဆင့်ပွားဟောပြောခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဘိုကလေးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတပ်ရင်းမှူးသက်နိုင်(သင်တန်းနည်းပြ)က ဖြစ်ပွားတတ်သော သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ ကြက်ခြေနီအသင်း၏ရည်ရွယ်ချက်၊ ရှေးဦးပြုစုခြင်းလုပ်ငန်းများအကြောင်း စသည်တို့ကို ဟောပြောပြီး ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းစိုးက မိုးကြိုကာလနှင့် မိုးဦးကာလတို့တွင် ဖြစ်ပွားတတ်သော လေပြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများကို ကာကွယ်ရန် နည်းလမ်းများနှင့် အန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် ဆောင်ရန်ရှောင်ရန်နည်းလမ်းများကို ဟောပြောခဲ့သည်။

ထို့နောက် လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမျိုးဆန်းနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေရှိသော ကျေးရွာအုပ်စု(၂၂)ခုအတွက် ကြက်ခြေနီသုံး ရှေးဦးသူနာပြုပစ္စည်းများ၊ အသံချဲ့စက်နှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်လှူဒါန်းခဲ့သည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကို လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချပေးခဲ့ပြီး လူထုဗဟိုပြုစီမံကိန်း(CDD)မှ ဝန်ထမ်း ၂၇ ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းများမှ သင်တန်းသား သင်တန်းသူများအပါအဝင် ပထမအသုတ်အဖြစ် သင်တန်းသား ၄၀ ကို သင်ကြားပို့ချပေးခဲ့ကာ ဒုတိယ အသုတ်သင်တန်းကိုလည်း မေ ၈ ရက်မှစ၍ ဆက်လက်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တီဘီရောဂါ ရှာဖွေကုသခြင်းဆိုင်ရာများ ဆွေးနွေး

**ကျိုက်ဒုံ မေ ၈**
ကရင်ပြည်နယ် ကျိုက်ဒုံမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဆောင်ရွက်သွားမည့် နယ်လှည့်တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို ကျိုက်ဒုံမြို့ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် နယ်လှည့် တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းဆိုင်ရာအဖွဲ့များ လာရောက်သည့်အခါ ပြည်သူလူထုကို ကြိုတင်အသိပေးရေးနှင့် လိုအပ်သည့်အကူညီများ ဆောင်ရွက်ပေးကြရန် မှာကြားပြီး ကျိုက်ဒုံ ကျေးလက်ကျန်းမာရေးမှူး ဦးမိုးမြင့်ဝင်းက ဒေသအတွင်း ဖြစ်တတ်သည့်ရောဂါများအကြောင်း၊ ဘားအံခရိုင် တီဘီရောဂါအထူးကုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေဝင်းလတ်နှင့် မွန်ပြည်နယ် ကရင်ပြည်နယ် တီဘီရောဂါရှာဖွေရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဇေယျာနိုင်တို့က တီဘီရောဂါ ကူးစက်တတ်သည့် သဘောတရားများ၊ ပြည်သူများ တီဘီရောဂါကင်းစင်စေရန် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ကျိုက်ဒုံမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် နယ်လှည့်တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အစီအစဉ်များကို မေ ၈ ရက်မှ ၁၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကာ မေ ၈ ရက်တွင် ဝင်းလုံကျေးရွာနှင့် အဇင်းကျေးရွာတို့၌ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မေ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးနေသည့် ကျေးရွာများမှ ပြည်သူများအား ပုဂံမြို့ရတနာဘုံစံတောရကျောင်း နာယကဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေအလှူတော်အသင်းမှ အသင်းအဖွဲ့သားများက သောက်သုံးရေများ စဉ်ဆက်မပြတ် ကွင်းဆင်းလှူဒါန်းပေးလျက်ရှိရာ မေ ၆ ရက်တွင် ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာနှင့် ပွင့်ကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၅၀၀ နှင့် ပွင့်ကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၅၀၀ စုစုပေါင်း ရေဂါလန် ၅၀၀၀ကို ကျေးရွာနေပြည်သူများထံ ခွဲဝေလှူဒါန်းပေးခဲ့ပြီး ဖြူစင်မေတ္တာ ရေအလှူတော်အသင်း အနေဖြင့် ညောင်ဦးမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများသို့ ရေများ ဆက်လက်ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ဖြူစင်မေတ္တာရေလှူတော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# မုတ်သုံအကြိုပြင်ဆင်ရန် လူထုအသိပညာပေးမှုများ ဆောင်ရွက်

**စစ်တွေ မေ ၈**
ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် (DRR Working Group)အဖွဲ့တို့ ပူးပေါင်းပြီး မုတ်သုံအကြိုကာလ လူထု အသိပညာပေးမှုများကို စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် မေ ၅ ရက်နှင့် ၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မုတ်သုံအကြိုကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး လူထုလုပ်ရှားမှုတစ်ရပ်အနေဖြင့် စစ်တွေမြို့တွင်းနှင့် ကျေးရွာများသို့ လှည့်လည်ကာ ဒေသခံပြည်သူများအား မုန်တိုင်း အန္တရာယ်အကြောင်း၊ ရေဘေးအန္တရာယ်အကြောင်းများကို လှုံ့ဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် မြေစိုက်ပိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း မုတ်သုံအကြို လူထုအသိပညာပေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသူ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးကျော်လွင်က ပြောကြားသည်။ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုလျော့နည်းစေရန်အတွက် ယခုလှုပ်ရှားမှုကို ဆောင်ရွက်ခြင်းဖြစ်ကာ ပြည်သူများအနေဖြင့် အသိပညာတစ်ခု ရရှိသွားလျှင်ပင် ယခု လှုပ်ရှားမှုဆောင်ရွက်ရခြင်းသည် အကျိုးရှိသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။



သဘာဝဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် (DRR Working Group)မှ ကိုတင်မျိုးအောင်ကလည်း လူထုပညာပေးလှုပ်ရှားမှုများကို ‘မုတ်သုံအကြိုပြင်ဆင်ဖို့ တို့တွေအားလုံး လုပ်ဆောင်စို့’ ဆောင်ပုဒ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့ပေါ် လူစည်ကားရာနေရာများဖြစ်သော မြို့မဈေး၊ ကားဂိတ်များ စသည်ဖြင့် နေရာ လေးနေရာတွင် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း၊ နောက်နေ့များတွင်လည်း ပုဏ္ဏားကျွန်းမြို့နှင့် ကျေးရွာများကို သွားရောက်ပြီး အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်ကို အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထက် ပို၍ကြုံတွေ့ရသော ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု လျော့နည်းစေရန်အတွက် လူထုအသိပညာပေးလုပ်ငန်းများကို မြို့နယ်များတွင်ပါ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **တင်ထွန်း(စစ်တွေ)**

# အမေရိကန်ပြည်ထောင်စုရှိ သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် ဥယျာဉ်များအကြောင်း ပညာပေးဟောပြော

**တာချီလိတ် မေ ၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့က စီစဉ်သည့် အမေရိကန်ပြည်ထောင်စုရှိ သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် ဥယျာဉ်များအကြောင်း အသိပညာပေးဟောပြောပွဲကို မေ ၆ ရက်က တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် သုတဒါနအသိပညာဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစစ်ခိုင်ထွန်းက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် နှုတ်ခွန်းဆက်စကား ပြောကြားပြီး မန္တလေးမြို့ရှိ ဂျက်ဖာဆင်စင်တာမှ အင်္ဂလိပ်ဘာသာစကားနည်းပြ Mr.Chad Miller က အမေရိကန်ပြည်ထောင်စုရှိ သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် ဥယျာဉ်များအကြောင်းကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်သည့် မိုင်းကိုးကျေးရွာအုပ်စုနှင့် နားယောင်း ကျေးရွာအုပ်စုတို့မှ လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အမေရိကန်ပြည်ထောင်စုတွင် ရှားပါးတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နေမှု လုပ်ထုံးလုပ်နည်း ဥပဒေများ၊ ဒေသတွင်းရှိ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အဆင့်မြင့်နည်းပညာများ ရရှိရေးနည်းလမ်းများ၊ ဒေသတွင်းရှိ ကျေးငှက်တိရစ္ဆာန်များ စာရင်းပြုစုလေ့လာနိုင်ရန် အကူအညီရရှိရေး၊ မြို့ပြရှိ သဘာဝကျေးငှက်များကို ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နည်းလမ်းများနှင့် သဘာဝတောများကို ထိန်းသိမ်းစောင့်ရှောက်ရေး နည်းလမ်းများ စသည့် သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကာ Mr.Chad Miller နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံသားများအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာများနှင့် လူ့အဖွဲ့အစည်းများအကြောင်းကို လေ့လာနိုင်မည့်အခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**


စေတနာကျောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | ။ | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဇွန်လ မှပေးပါ)

**မေ ၄ ရက် နေ့ ကျောင်းစတင်ဖွင့်မည်**

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

**ပညာနှင်းတော် အ.ထ.က**

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

အကောင်းဆုံးပညာ၊ အကောင်းဆုံးနေရာ၊ အကောင်းဆုံးဘော်ဒါ

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

**ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည့်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။

**အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။

**ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

**ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ဖွံ့ဖြိုးရေး** ပြဋ္ဌာန်းသင်ရိုးအစီအစဉ်များအပြင် အထူးအစီအစဉ်အဖြစ် ကွန်ပျူတာသင်ကြားရေးကို ကျောင်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ(ကျောင်းမှပေး)ဖြင့် Projector, Powerpoint, documentary များနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားပေးသည်။ သို့သော် Mobile Phone ကို လုံးဝ ယူခွင့်မပြုပါ။

ရုံးချုပ် - ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool ကျောင်းရုံးခန်း > A-2 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/5231 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်း**

**အမြန် ရောင်း/ ငှား မည်**

- ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ၁၅' × ၅၅' ပေ

အဆင့်မြင့်ပြင်ဆင်ပြီး မြေညီထပ်၊ ဈေးဆိုင်ဖွင့်ရန်ကောင်း

စုံစမ်းရန် - ၀၉၅၀၀၀၆၇၃၊ ၀၉-၅၁၅၁၅၇၆၊ ၀၉၅၀၁၅၆၄၇

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/5931၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၅၂၀စီ/၁ အိပ်ချ်(လမ်း)၊ မြေကွက်တည်နေရာ အမှတ် ၅၄၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဦးဟုန်ဝါ (စီအီး-၀၅၀၀၄၄)၊ ဒေါ်ထွေးလှ ၁၂/ဗဟန(နိုင်)၀၀၄၉၀၁၊ အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေဖြစ်ပါသည်။ အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဟုန်ဝါ(ဖခင်)နှင့် ဒေါ်ရင်ကြည်(မိခင်)တို့မှ ဦးကျော်ညွန့်၊ ဦးပြုံး(ခ)ဦးမြင့်သိန်းနှင့် ဦးအေးသင်းတို့ကို မွေးဖွားခဲ့ပြီး ဦးအေးသင်းနှင့်ဇနီးဖြစ်သူ ဒေါ်ဆွေဆွေပြုံးတို့မှာ သားသမီးမွေးဖွားခဲ့ခြင်း၊ မွေးစားသားသမီးမရှိခြင်းကြောင့် ဦးဟုန်ဝါ၏ အစုအတွက် ကျန်သား(၂)ဦးဖြစ်သူ ဦးကျော်ညွန့် ၁၂/ဗဟန(နိုင်)၀၈၈၈၉၅၊ ဦးပြုံး(ခ)ဦးမြင့်သိန်း ၁၂/ရကန(နိုင်)၀၂၇၁၅၉နှင့်အတူ ဒေါ်ဆွေဆွေပြုံး၏ ညီမဖြစ်သူ ဒေါ်အေးအေး(ခ)ဒေါ်အေးအေးသွယ် ၁၂/ကမရ(နိုင်)၀၂၀၄၆၉တို့မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ထွေးလှသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ကိတ္တိမမွေးစားသားဖြစ်သူ ဦးဘိုးထောင်(ခ)ဦးမျိုးဝင်း ၁၂/လသန(နိုင်)၀၁၂၃၉၇နှင့် ဦးမောင်ပြုံး ၁၂/အလန(နိုင်)၀၄၁၆၃၇၊ ဦးညဏ်ထူးဝင်း ၁၂/လသန(နိုင်)၀၁၉၆၁၂တို့မှလည်းကောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူမရှိကြောင်း ကျမ်းကိုန်လွှာ၊ ထောက်ခံကျမ်းကိုန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ (ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီး၊ မင်းတပ်၊ ကလေး၊ မုံရွာ၊ ကျောက်ဆည်၊ ပခုက္ကူ၊ လားရှိုး၊ ပင်လုံ၊ တောင်ကြီး၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ လွိုင်ကော်၊ နေပြည်တော်၊ မကွေး၊ ပြည်၊ တောင်ငူ၊ စစ်တွေ၊ ဟသ်ာတ၊ မအူပင်၊ ပုသိမ်၊ ဘားအံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ပင်းပက်၊ မြင်းခြံ၊ ချောင်းဦး၊ ရွာမ၊လက်ခုပ်ကုန်း၊ တီးတိန်၊ မန္တလေး) စုစုပေါင်း ၃၄ကျောင်းတို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာ၍ စွမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရစက်မှုလက်မှုသိပ္ပံများ၏ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးလျှင်တစ်လ ၃၀၀၀၀/-ကျပ်နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့် အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အအုံနည်းပညာသင်တန်း(Building Technology)

(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Auto Mechanics Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

(စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း (information Technology)

**သင်ကြားရမည့်ဘာသာရပ်များ**

၇။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

(က) မြန်မာစာ (င) ဓာတုဗေဒ

